The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအာဝင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 17, NO . 44 တနင်္လာနေ့တိုင်းထုတ်ဝေသည် November 13, 2017

ယခုနှစ် (၇)လအတွင်း ဆန်၊ ဆန်ကွဲ တင်ပို့မှု

တန်ချိန် ၁ ဒသမ ၈၆ သန်းကျော်တင်ပို့ပြီး စံချိန်သစ်တင်

စာမျက်နှာ - ၈ ➢



e-Government Conference & ICT Exhibition 2017 နေပြည်တော်တွင် ကျင်းပ

စာမျက်နှာ - ၁၅ ➢

လယ်ယာထွက်သီးနှံ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ဆန်မှုန့်နှင့် ပတ်သက်သော နည်းပညာ ဆွေးနွေးဟောပြောပွဲကျင်းပ

စာမျက်နှာ - ၁၅ ➢

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရေထွက်ကုန်ပစ္စည်း ပြည်ပတင်ပို့မှုများ တိုးတက်မှုရရှိနိုင်

စာမျက်နှာ - ၁၂ ➢

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေး ဆွေးနွေးပွဲ ကျင်းပမည်

စာမျက်နှာ - ၂၂ ➢

International Trade Basic Course (Weekend Programme) (Batch-3) ဖွင့်လှစ်မည်

စာမျက်နှာ - ၃ ➢

SHT ရွှေထွက်တိုး ကုဗဗေလီလီဗီတက် KIOTI

တောင်သူဦးကြီးများအတွက်လယ်ထွန်စက် daedong

ဆက်စပ်အာဝိ ပစ္စည်းများ

SHT ရွှေထွက်တိုး ကုဗဗေလီလီဗီတက် (ပြန်ဟပြည်တစ်နိုင်ငံတည်းကိုယ်တေလယ်)

ရန်ကုန်မုံရွာ - အမှတ်(၁၉၇၄)ဗိုလ်ချွေလမ်း နှင့် ဝိဇိုမန်းလမ်းဆောင့်၊ရန်ကုန်ဂုဏ်ပဲ အဝေးပြေးလမ်းကြီးတွေ့အလိုင်သာယာမြို့နယ်၊ရန်ကုန်မြို့
၀၁-မြဝ၃၃၀၄၊ ၀၉-၉၃၃၂၂၃၁၄၊ ၀၉-၉၃၃၁၁၁၅၃

မန္တလေးမုံရွာ - (၃၀)လမ်း ရန်ကုန်မန္တလေး လမ်းကြီးတွေ့ ကျွဲထည်ဘန်(၆)လမ်း အမဆောင်(၀)၊ အမှတ်(၀)၊ မန္တလေးမြို့
၀۹-۶၀۹۲۲۶၁၀ ၊ ၀۹-۹۲۲۰۰۸۰۹۲۲۶

ဧရာပြည်ကော်မုံရွာ - အမှတ် P.S.H.M.(5) မစီလာဒီဝရပ်တွင်း ရာဝေသီတလမ်း ဥဇ္ဇာရသိမ်ကြီးမြို့ယမ်း ဧရာပြည်ခေါ်၊ ဝုန်း ၀۹-۹۲۲۰۷۷۲۲۲

ဝုသိမ်ရုံးခွဲ - အမှတ်(မြ၀)၊ မုံရွာ - ရေကြီးကားလမ်းကြီးတွေ့ မြတ်ကိုရင်ကွက်၊ ဝုသိမ်ကြီ ဝုန်း ၀۹-۶-۶۲۰-۶۲۱ ၀۹-۶۲۰۷۲۲۰۲۲

ဓနေကွေးရုံးခွဲ - သဓေသီသဓေသင်ရုံးခင်းအတွင်း နတ်ဓမောက်လမ်းကြီးနှင့် ဓနေကွေးလမ်းဆောင့်မြင်သာရုပ်ကွက်၊တင်မ(၈၀)အမှိ ဓနေကွေးမြို့
၀۹-۹۲۲۰۲۶۶۶۲۶

ရောင်းဦးရုံးခွဲ - ရောင်းဦးသဓေသီသဓေမိုင်းအတွင်း မုံရွာ-မန္တလေးလမ်းကြီးနှင့်ဓနိုင်ဝွန်ဒီတာ ဝိမ်နတလေးဓတ္ကာ်ရွှေ့ လမ်းကြီးကြား ရောင်းဦးမြို့
၀۹-۶۲۰۷۶۶۶ ၊ ၂۲۲۲

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကမ္ဘာ့ဘဏ်နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် နိုဝင်ဘာ ၇ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ဝါရှင်တန်ရှိကမ္ဘာ့ဘဏ်ရုံးချုပ်မှ Private Sector Specialist Ms.Sagita Muco, Mr.Sjamsu Rahardja နှင့် IFC မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Doing Business ညွှန်းကိန်းဆိုင်ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အောက်တွင် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ကို ထားရှိပြီး Doing Business လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်လျက်ရှိပါကြောင်း၊ Doing Business 2018 အစီရင်ခံစာထွက်ရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့အဆင့်မှာ ၁၇၁ ဖြစ်သည့်အတွက် ယခင်နှစ်ထက် တစ်ဆင့်ကျသွားသော်လည်း DTF Score များမှာ ယခင်နှစ်ကထက် တိုးတက်လာကြောင်း၊ Doing Business ကို နိုင်ငံတကာမှ စောင့်ကြည့်လေ့လာအကဲဖြတ်နေကြောင်း၊ ပြည်တွင်းလုပ်ငန်းများ ချောချောမွေ့မွေ့နှင့် မြန်မြန်ဆန်ဆန်ဖြစ်ဖို့လိုကြောင်း၊ တာဝန်ခံ ဝန်ကြီးဌာနများအနေနှင့် ကြိုးစားပမ်းစား လုပ်ကိုင်နေကြသော်လည်း ပိုမိုအားစိုက်ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုကြောင်း၊ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူမှုအဆင့်ကို ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌက အဆင့် ၁၀၀ အတွင်း ရောက်ရှိရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားရန် လမ်းညွှန်ထားပါကြောင်း၊ သက်ဆိုင်ရာဌာနအလိုက် Indicator တစ်ခုချင်း ပုဂ္ဂလိကများကိုမေးမြန်းသည့် မေးခွန်းများ အထိ လေ့လာသုံးသပ်ပြီး ပြုပြင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ Indicator တစ်ခုချင်းကို ပိုမိုကောင်းမွန်သည့် အဆင့်ရလဒ်များရရှိစေရန်အတွက် အဖွဲ့ခေါင်းဆောင်များကို ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် ဦးဆောင်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ Doing Business လုပ်ငန်းများနှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်ရန် ညွှန်းကိန်းတစ်ခု ချင်းအလိုက် ပုဂ္ဂလိကကဏ္ဍနှင့် ထိတွေ့ရှင်းလင်းဆောင်ရွက်မှုကို အစဉ်မပြတ် ပြုလုပ်ဆောင်ရွက်နေရန် လိုအပ်ကြောင်း၊ မိမိတို့လုပ်ငန်းပြုပြင်ပြောင်းလဲမှုများကို ပုဂ္ဂလိကများသိရှိစေရန် မီဒီယာများမှ ရှင်းလင်းပြောကြားပြီးဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ အဆင်ပြေလွယ်ကူချောမွေ့စေရန် လက်တွေ့လုပ်ကိုင်နေသော လုပ်ငန်းများအနေဖြင့် မလိုလားအပ်သော ကြန့်ကြာမှုများ၊ အဆင့်မျှမဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့်သင်တန်းများ၊ ဆွေးနွေးပွဲများ ပြုလုပ်သွားရန် လိုအပ်သဖြင့် World Bank က ဦးဆောင်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ Ms.Sagita Muco က Doing Business 2018 အစီရင်ခံစာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး Doing Business ညွှန်းကိန်းဆိုင်ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် တွေ့ကြုံရသည့် အားနည်း ချက်၊ အားသာချက်များအား ဆွေးနွေးတင်ပြကြရာ ဆွေးနွေးချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ပေးကာ နိုဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

MOC(IR)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Mr. Robert Chua ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီးဖြစ်သူ H.E. Mr. Robert Chua ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာ ၈ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ (၁) ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ စင်ကာပူနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာရေး၊ မြန်မာနိုင်ငံတွင်ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် စင်ကာပူ-မြန်မာအသက် မွေးဝမ်းကျောင်းသင်တန်းကျောင်းမှ သင်တန်းများပို့ချဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် နှစ်နိုင်ငံကြား အစိုးရအချင်းချင်းသာမက ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

International Trade Basic Course (Weekend Programme) (Batch-3) ဖွင့်လှစ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းတွင် International Trade Basic Course (Weekend Programme) (Batch-3) ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတတိယပတ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားများလက်ခံနေပြီဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခု တည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာ ကုန်သွယ်မှုသီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ စျေးကွက်သုတေသန၊ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည်ဖြစ်ပါသည်။ သင်တန်းတွင် စီးပွားရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ လေ့လာရေးခရီးစဉ်များစီစဉ်ပေးခြင်းတို့ပါဝင်မည်ဖြစ်ပါ သည်။

သင်တန်းကို အမှတ် ၂၂၈-၂၄၀ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင်နှစ်ရက် (စနေ၊ တနင်္ဂနွေ) (နံနက် ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီ ထိ) ဖြင့် (၄)လကြာမြင့်မည်ဖြစ်ပါသည်။

TTI

Commerce
JOURNAL

အတိုင်ပင်ခံစာတည်း
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

စာတည်းမှူးချုပ်
ကြည်မာ

တာဝန်ခံစာတည်း
ခင်သီတာအေး

အုပ်ချုပ်ရေးမှူး
အေးအေးမော်

စာတည်းအဖွဲ့
-

လက်ထောက်စာတည်း
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

သတင်းထောက်များ
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လိုင်(ပြင်ပ)
ရီလင်းထွင့်(ပုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းနိုင်(ပြည်)၊ ဇေနိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(ပုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်
ခင်စုစုလိုင်၊ ကျိန်သျှန်မိုး

ကြော်ငြာတာဝန်ခံ
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆)

ထုတ်ဝေသူ
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်း၊မြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၀

ဖြန့်ချိရေးတာဝန်ခံ
သန်းစိုး

ဖြန့်ချိရေး
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

ကွန်ပျူတာ
ပြည်ဟိန်းဇော်
သင်းသီရိအောင်

Layout Design & Graphic Design
CJ Design Group

ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address
commercejournal.editor@gmail.com

ကုန်သွယ်ရေးစခန်းများမှ အောက်တိုဘာလအတွင်း ဆန်နဲ့ဆန်ကွဲ ပိုမိုတင်ပို့

အောက်တိုဘာ ၂၈ရက်မှ နိုဝင်ဘာ ၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်နဲ့မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှအမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈၆၃ သန်းတန်ဖိုးရှိ ဆန်နှင့်ကောက်ညှင်းဆန် တန်ချိန် ၃၆၃၆၀ တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၀စိန်ဆန် ၁၀၃တန်ခန့်၊ ဧည့်မထဆန်တန် ၂၈၅၄၀ ခန့်နဲ့ ကောက် ညှင်းဆန်တန် ၂၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၀စိန်ဆန် ၈၇ တန်နဲ့ ဧည့်မထဆန် ၁၀၆ တန်ခန့်၊ လွယ်ဂျယ်ကုန် သွယ်ရေးစခန်းမှ ၀စိန်ဆန် ၆၉၉၆တန်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ၀စိန်ဆန် တန် ၇၀၊ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၂၅၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၂၀၉၉ တန်ခန့် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၂၆၁ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

စက်တင်ဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ကာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၃၉ဒသမ ၀၂၂သန်းတန်ဖိုးရှိ ဆန် ၁၀၉၂၇၁ တန်ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး စက်တင်ဘာလနဲ့နှိုင်းယှဉ်ပါက တန်ချိန် ၁၇၄၁၀ ပိုမိုတင်ပို့ခဲ့ပါတယ်။ စက်တင်ဘာလအတွင်းက ဆန် ၉၁၈၆၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ဆန်ပိုမိုတင်ပို့နိုင်တာတွေ့ရှိရပါတယ်။

ယခုတစ်ပတ်မှာ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၅၈၆သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၉၈၇ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၉၆ သန်းတန်ဖိုးရှိ ဆန်ကွဲ ၃၂၈ တန်ကျော် တင်ပို့ခဲ့ရာ စုစုပေါင်း အမေရိကန်ဒေါ်လာ သုညဒသမ ၆၈၂သန်းတန်ဖိုးရှိ ဆန်ကွဲ ၂၃၁၅ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၁၉၅၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၃၅၈ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ စက်တင်ဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆စသန်းတန်ဖိုးရှိ ဆန်ကွဲ ၇၄၃၉တန်ကျော်တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး စက်တင်ဘာလက ဆန်ကွဲ ၆၁၅၅ တန်ခန့် တင်ပို့ခဲ့တဲ့အတွက် အောက်တိုဘာလအတွင်း ဆန်ကွဲတင်ပို့မှု ၁၂၈၄ တန်ပိုမိုခဲ့ကြောင်း သိရပါတယ်။

အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၂၂သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် တန် ၁၈၁၉၀ တင်ပို့ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပေါင်းဆန် တန် ၇၀၀ နဲ့ ဧည့်မထဆန်တန် ၁၃၃၀၀ တင်ပို့ခဲ့ရာ အများဆုံး တင်ပို့ခဲ့တာဖြစ်ပါတယ်။ တရုတ်နိုင်ငံသို့ ၀စိန်ဆန် တန် ၅၀၊ စင်ကာပူနိုင်ငံသို့ ဇီယာဆန်တန် ၅၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ပေါင်းဆန် တန်ချိန် ၁၅၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် ၃၇၅ တန်၊ ရုရှားနိုင်ငံသို့ ပေါင်းဆန် ၁၂၅တန်၊ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန် တန် ၂၅၀၊ မက်ဒါဂါးစကားနိုင်ငံသို့ ဧည့်မထဆန် ၂၄၁၅ တန်၊ အာဖဂန်နစ္စတန်နိုင်ငံသို့ ဧည့်မထဆန် ၁၂၅ တန်၊ အီးယူနိုင်ငံများသို့ ပေါင်းဆန်တန် ၁၅၀နဲ့ ဧည့်မထဆန်တန် ၅၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ဆန် ၉၄၆၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန် ၈၇၂၈ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ အောက်တိုဘာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅၇၆၂ သန်းတန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၃၇၀၀ ကို တင်ပို့ခဲ့ရာ စင်ကာပူနိုင်ငံသို့တန် ၅၀၊ ဗီယက်နမ်နိုင်ငံသို့ တန်၅၀ နဲ့ အီးယူနိုင်ငံများသို့တန် ၄၀၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၂၄၁၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၈၈၃ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အောက်တိုဘာလတစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၇၈ သန်း တန်ဖိုးရှိဆန်ကွဲ ၁၉၆၅၅ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး စက်တင်ဘာလမှာ ၆၁၇၀၆ တန် တင်ပို့ခဲ့တာကြောင့် ယခုလမှာ ဆန်ကွဲတင်ပို့မှု ၄၂၀၅ တန် လျော့ကျခဲ့ပါတယ်။

အောက်တိုဘာလအတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့မှုမှာ ကုန်သွယ်ရေးစခန်းများမှပိုမိုပြီး ပင်လယ်ရေကြောင်းမှ လျော့ကျခဲ့တာတွေ့ရပါတယ်။

ယဉ်ယဉ်အေး

ဆန်ဟောင်းစျေးငြိမ်နေပြီး ဆန်သစ်စျေးအတက်အကျရှိ

ယခုတစ်ပတ် ရန်ကုန်ဆန်စျေးကွက်မှာ ဆန်ဟောင်းစျေးငြိမ်နေပြီး ဆန်သစ်စျေးအတက်အကျ အနည်းငယ်ရှိကြောင်း သိရပါတယ်။ ဆန်ဟောင်းကတော့ ပစ္စည်းလက်ကျန်လည်းနည်းပြီး စျေးလည်းထပ်တက်စရာမရှိတာကြောင့် စျေးငြိမ်နေတာဖြစ်ကြောင်းသိရပါတယ်။ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၄၁၀၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၇၀၀၀၊ ပုသိမ်၊ မြောင်းမြ ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၄၂၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၈၅၀၀၊ နယ်စုံကျိုက်လတ်ထိပ်စတစ်အိတ်ကျပ် ၃၈၅၀၀နဲ့ လတ်စတစ်အိတ်ကျပ်၃၆၅၀၀ ဖြစ်ကြောင်း၊ယခင်တစ်ပတ်စျေးအတိုင်း မပြောင်းလဲကြောင်း သိရပါတယ်။ ပေါ်ဆန်းဆန်အသစ်(ရှယ်) တစ်အိတ် ကျပ် ၃၄၀၀၀ မှ ကျပ် ၃၄၅၀၀ဖြစ်ပြီး ယခင်တစ်ပတ်ထက် တစ်အိတ်ကိုကျပ် ၁၅၀၀ခန့်စျေးကျကြောင်း ဝါးတန်းဆန် ကုန်စည်ဒိုင်မှ သိရပါတယ်။

ဆန်ဟောင်းဧည့်မထဆန်တစ်အိတ်ကျပ် ၂၃၅၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၂၀၅၀၀၊ နွေသီးထပ်ရှယ်တစ်အိတ်ကျပ် ၂၄၀၀၀နဲ့လတ်စတစ်အိတ်ကျပ် ၂၄၀၀၀ မှ ကျပ် ၂၄၅၀၀၊နွေဆန်ရက် ၉၀တစ်အိတ်ကျပ် ၂၄၅၀၀မှကျပ် ၂၅၅၀၀၊ ဧည့်မထ ၂၅ မှတ် တစ်အိတ်ကျပ် ၂၀၀၀၀ မှ ၂၁၀၀၀ ရှိပြီး ဆန်ကြမ်းအသစ်(ရှယ်)တစ်အိတ်ကျပ် ၂၁၅၀၀မှ ကျပ် ၂၂၅၀၀၊ နွေဆန်ရက် ၉၀ အသစ်တစ်အိတ်ကျပ် ၂၂၈၀၀မှ ကျပ် ၂၃၀၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၈၀၀ခန့်စျေးတက်ခဲ့ပါတယ်။ မိုးစပါးအသစ်ဖြစ်တဲ့အတွက် ပစ္စည်းအစိုအခြောက်ပေါ်မူတည်ပြီး စျေးအတက်အကျရှိကြောင်းသိရပါတယ်။ ဆန်သစ်က ဆိုင်သုံးလောက်သာရှိပြီး အဝင်လည်း သိပ်မများသေးကြောင်း လက်လီအဝယ်လည်း နည်းသေးကြောင်း ဝါးတန်းဆန်စျေးကွက်မှသိရပါတယ်။

မူဆယ်ဆန်စျေးကွက်မှာ တစ်အိတ်ကို နှစ်ယွမ်ခန့်စီ ပတ်လည်စျေးတက်ကြောင်းသိရပါတယ်။ ဧည့်မထ ၅ မှတ် မှော်ဘီတစ်အိတ်လျှင် ၁၄၃ ယွမ်မှ ၁၄၆ ယွမ်၊ ဧည့်မထ ၅မှတ် စူပါတစ်အိတ် ၁၃၈ယွမ်မှ ၁၄၂ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီတစ်အိတ် ၁၃၆ ယွမ်မှ ၁၃၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၅ ယွမ်၊ သုခ ၁၅ မှတ်တစ်အိတ် ယွမ် ၁၃၀ မှ ၁၃၂ ယွမ်၊ သုခ ၂၅ မှတ် တစ်အိတ် ၁၂၄ ယွမ်မှ ၁၂၈ယွမ်၊ ၀စိန် ၅ မှတ်တစ်အိတ် ၁၃၂ ယွမ်မှ ၁၃၆ ယွမ်၊ဝစိန် ၁၅မှတ် တစ်အိတ် ၁၂၇ယွမ် မှ ၁၂၉ ယွမ်၊ ၀စိန် ၂၅ မှတ်တစ်အိတ် ၁၂၃ယွမ်မှ ၁၂၅ယွမ်ရှိပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ နိုဝင်ဘာ ၁ ရက်မှ ၈ရက်အထိ ဆန်တန်ချိန် ၄၀၃၃၀ ရှိပါတယ်။ ယခင်တစ်ပတ်ထက် ဆန်အဝင်ပိုမိုပြီး အရောင်းအဝယ်လည်းကောင်းကြောင်း မူဆယ်ဆန်စျေးကွက်မှ သိရပါတယ်။ နိုဝင်ဘာ ၁၀ ရက်ရဲ့ ငွေလဲနှုန်းအရ တစ်ယွမ်လျှင် ၂၀၄ ကျပ် စျေးပေါက်ကြောင်းသိရပါတယ်။

ယဉ်ယဉ်အေး

အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၁၀-၁၁-၂၀၁၇ ဒေါ်လာ/တန်

	ထိုင်း			ဗီယက်နမ်			အိန္ဒိယ			ပါကစ္စတန်		
	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်
ဆန်ပြူ ၁၀၀ %	၃၈၀	၃၇၈	▽	-	-	-	-	-	-	-	-	-
ဆန်ပြူ ၅%	၃၇၀	၃၆၈	▽	၃၉၅	၃၉၀	▽	၄၀၀	၃၉၁	▽	၃၇၅	၃၇၆	△
ဆန်ပြူ ၁၀%	၃၆၈	၃၆၆	▽	၃၉၀	၃၈၅	▽	-	-	-	၃၇၂	၃၇၂	□
ဆန်ပြူ ၁၅%	၃၆၁	၃၅၉	▽	၃၈၅	၃၈၀	▽	-	-	-	၃၆၉	၃၆၈	▽
ဆန်ပြူ ၂၅%	၃၄၈	၃၄၆	▽	၃၆၅	၃၅၈	▽	၃၆၉	၃၆၀	▽	၃၃၈	၃၄၃	△
ပေါင်းဆန်	၄၂၉	၄၃၀	△	-	-	-	၄၀၀	၃၉၅	▽	၄၁၀	၄၁၀	□

Source: thairiceexporters

ပြည်တွင်းမြို့ကြီးများ၏ (၁၀-၁၁-၂၀၁၇)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

မြို့	ဧည့်မထအုပ်စု				ပေါ်ဆန်းအုပ်စု			
	စပါး		ဆန်		စပါး		ဆန်	
	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်
ဆန်ပိုဒေသများ								
မြည်	၅၀၀၀	□	၂၃၀၀၀	△	၀၂၀၀	△	၃၇၀၀၀	△
ပုသိမ်	၅၅၂၀	□	၂၃၀၀၀	□	၀၄၁၀	□	၃၀၀၀၀	□
ပဲခူး	၅၁၀၀	□	၂၁၀၀၀	□	၆၀၀၀	□	၃၆၀၀၀	□
ရွှေဘို	၆၀၀၀	△	၂၃၀၀၀	□	၁၄၀၀၀	□	၄၀၀၀၀	△
စစ်တွေ	၄၃၀၀	□	၁၀၀၀၀	□	၀၂၀၀	▽	၃၃၀၀၀	△
ဆန်လိုဒေသများ								
နေပြည်တော်	၅၂၀၀	□	၂၃၀၀၀	□	-	-	၄၂၀၀၀	□
ရန်ကုန်(ပါးတန်း)	၄၃၀၀	□	၂၁၀၀၀	□	-	-	၃၀၀၀၀	□
မန္တလေး	၆၀၀၀	△	၂၃၀၀၀	□	-	-	၄၂၀၀၀	□
မကွေး	၀၂၀၀	□	၂၄၅၀၀	△	-	-	၄၄၀၀၀	△
မော်လမြိုင်	၅၀၀၀	□	၂၀၀၀၀	□	၀၂၀၀	□	၂၀၀၀၀	□
လွိုင်ကော်	၅၃၀၀	△	၃၂၀၀၀	□	-	-	၅၄၀၀၀	△
မြိတ်	၅၀၀၀	△	၂၆၀၀၀	△	-	-	၄၅၀၀၀	△
ဘားအံ	၅၀၀၀	△	၂၅၅၀၀	△	-	-	၄၃၅၀၀	□

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အများစု မိုးကောက်စောစပါးများ စျေးကွက်ဝင်ရောက်

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟသံ်တ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တို့မှ ဧည့်မထမိုးကောက်စောစပါးများ စျေးကွက်သို့ ဝင်ရောက်လျက်ရှိကြောင်း ဆန်စပါးစျေးကွက်သတင်းများမှသိရသည်။

လက်ရှိစျေးကွက်တွင် မိုးစပါး ၄၆ ပေါင် တင်း ၁၀၀ကို ဟသံ်တခရိုင်တွင် ကျပ်ငါးသိန်း၀နှစ်ကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၁၉၅၀၀ မှ ကျပ် ၂၀၀၀၀၊ မြောင်းမြခရိုင်တွင် စပါးသစ် ၄၆ ပေါင် တင်း ၁၀၀ ကို ငါးသိန်းငါးသောင်း၊ ငါးသိန်းခုနစ်သောင်း၀နှစ်ကျင် ဆန်တစ်အိတ် ကျပ် ၂၂၀၀၀ မှ ကျပ် ၂၂၅၀၀ နှင့် မအူပင်ခရိုင်တွင် မိုးစပါးသစ် ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ်ငါးသိန်းနှစ်သောင်း၀နှစ်ကျင် ဆန်တစ်အိတ်ကို ကျပ် ၂၃၀၀၀ဖြင့်စျေးကွက်တွင် ရောင်းဝယ်လျက်ရှိပြီး ဆန်စပါးအရည်အသွေးနှင့်မြို့နယ်တွင်းအရောင်းအဝယ်သွက်မှုအပေါ် ဆန်စပါးစျေးနှုန်းများကွာခြားမှုရှိကြောင်း၊ ယခုလက်ရှိအချိန် မိုးစပါးလက်ကျန်အဟောင်းများ ရှားပါးလာပြီး ဆန်အဟောင်းစားသုံးမှုများပြား၍ ဆန်အဟောင်းစျေးနှုန်းပေါ် မူတည်လျက် မိုးစပါးသစ်များခြောက်ကာ အဝယ်လိုက်လာချိန် မြို့နယ်အချို့တွင်စပါးသစ်စျေးနှုန်း မြင့်တက်နိုင်ကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှသိရသည်။

မင်းမင်းဦး(ပုသိမ်)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၀-၁၁-၂၀၁၇ ကျပ်/ပိဿာ

ပဲအမျိုးအမည်	ရန်ကုန်			မန္တလေး			မုံရွာ			မကွေး		
	၁/၁၁	၁၀/၁၁	ပြောင်းလဲမှု	၁/၁၁	၁၀/၁၁	ပြောင်းလဲမှု	၁/၁၁	၁၀/၁၁	ပြောင်းလဲမှု	၁/၁၁	၁၀/၁၁	ပြောင်းလဲမှု
မတ်ပဲ	၇၆၇	၈၀၀	▲	-	၈၃၃	-	၇၅၀	၈၀၀	▲	၇၅၀	၈၀၀	▲
ပဲစင်းငုံ	၅၂၆	၅၅၃	▲	-	၅၀၃	-	၅၀၀	၅၁၅	▲	၄၅၀	၄၇၅	▲
ပဲတီစိမ်း	၁၄၁၅	၁၅၀၀	▲	-	၁၅၁၁	-	၁၃၁၆	၁၃၁၆	■	၁၄၅၀	၁၄၀၅	▼
ကုလားပဲဖျုံးခိုး	၂၇၀၀	၂၆၀၀	▼	-	၂၁၃၃	-	၂၂၈၉	၂၁၃၂	▼	၂၁၀၅	၂၁၀၅	▲
ပဲလွန်းပြား	-	-		-	၁၈၀၀	-	-	-	-	၁၅၀၀	၁၅၀၀	■
ထောပတ်ပဲ	၁၅၆၅	၁၆၅၀	▲	-	၂၆၆၇	-	-	-	-	-	-	-

* မှတ်ချက်။ ဇော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၀-၁၁-၂၀၁၇ ဒေါ်လာ/တန်

ပဲအမျိုးအမည်	ရန်ကုန် FOB			အိန္ဒိယ					
				မွမ်ဘိုင်း			ဒေလီ		
	၁/၁၁	၁၀/၁၁	ပြောင်းလဲမှု	၁/၁၁	၁၀/၁၁	ပြောင်းလဲမှု	၁/၁၁	၁၀/၁၁	ပြောင်းလဲမှု
မတ်ပဲ	၃၅၀	၃၆၅	▲	၅၇၇	၅၇၃	▼	၅၄၂	၅၆၉	▲
ပဲစင်းငုံ	၂၄၅	၂၅၀	▲	၅၆၆	၅၇၃	▲	၅၈၅	၆၀၀	▲
ပဲတီစိမ်း	၆၀၀	၆၀၀	■	-	-	-	၆၆၆	၇၀၀	▲
ကုလားပဲဖြူဖုံးခြောက်	၁၁၃၀	၁၁၃၀	■	၇၅၉	၇၅၄	▼	၇၉၄	၇၉၂	▼

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

ပဲအမျိုးအစား	ပြည်ပတင်ပို့မှု		ပြည်ပတင်ပို့မှု
	ယခင်တစ်ပတ်	ယခုတစ်ပတ်	(၁၀.၁၀.၁၇) မှ
	(၂၈.၁၀.၁၇)ထိ	(၄.၁၁.၁၇)ထိ	(၄.၁၁.၁၇) ထိ
မတ်ပဲ	၄၂၉၀၃၁	၉၀၀၁	၄၃၈၀၃၂
ပဲတီစိမ်း	၁၀၇၇၄၀	၁၉၇၅	၁၀၉၇၁၅
ပဲစင်းငုံ	၂၀၆၆၁၉	၁၈၆၈	၂၀၈၄၈၇
ကုလားပဲ	၃၇၈၆၇	၃၆၃	၃၇၂၃၀
ပဲလွန်းပြား	၁၂၇၆၉	၅၇	၁၂၇၂၇
မြေထောက်ပဲ	၁၈၄၃၁	၃၀	၁၈၄၆၁

ပြည်မတ်ပဲ လက်ကျန်မျိုးပဲ ဝယ်ယူသူအချို့ရှိလာခဲ့

မတ်ပဲသီးနှံကို ပြည်ပမျိုးစုံဈေးကွက်မှာ ယခုနိုဝင်ဘာလဆန်းပိုင်းအတွင်း မျိုးပဲအဖြစ် ဝယ်ယူလျက်ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် ပဲဈေးအေးနေသော်လည်း ယခုတစ်ပတ်မှာ တစ်တင်းကျပ် ၁۶۷၀၀ ဖြင့် ဈေးအနည်းငယ်ပိုရလာပြီး တချို့ရက်များတွင် အိတ် ၁၀၀ မှ ၁၅၀ ကျော် ရောင်းချခဲ့တာကို တွေ့ရပါတယ်။ ရန်ကုန်ဝယ်လက်က ဝယ်ယူနေသလို အချို့တောင်သူများက မျိုးပဲအဖြစ် ဝယ်ယူလာတဲ့အတွက် ယခင်လနှင့်ယှဉ်လျှင် ယခုလဆန်းပိုင်းမှာ အရောင်းအဝယ်အနည်းငယ် ပိုလာသလို ဈေးမြင့်တက်လာတာကြောင့် လက်ကျန်ရှိတဲ့ တောင်သူအချို့က ရသလောက်ဈေးနဲ့ ထုတ်ရောင်းချခဲ့ကြောင်း သိရပါတယ်။

ခင်ဆွေဝင်း

ပြည်ပဲတီစိမ်း(ဆောင်းပဲ)သစ်များ အဝင်များလာသလို အရောင်းအဝယ်သွက်

ပြည်ပဲဈေးကွက်သို့ ဆောင်းပဲတီစိမ်းသီးနှံသစ်များ တစ်ရက်လျှင် အိတ် ၄၀၀ ကျော်ထိ ဝင်ရောက်ခဲ့ကြောင်းသိရပါတယ်။ ပန်းတောင်း၊ ကံမမြို့နယ်များမှ အများဆုံးဝင်ရောက်ပြီး ပြည်အနီးတစ်ဝိုက် ဒေသအချို့မှလည်း နေ့စဉ်အဝင်ရှိလာခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၇စဝဝဖြင့် မန္တလေးလိုင်းသမားအဝယ်လိုက်နေလို့ ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကာ အရောင်းအဝယ်သွက်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပြည်ပဝယ်လက်ပဲထဲမှာတော့ ပဲတီစိမ်းသီးနှံဟာ ဈေးလည်းကောင်း၊ အရောင်းအဝယ်လည်းသွက်ခဲ့တဲ့ သီးနှံဖြစ်ပြီး ပဲအထွက်လှိုင်လာလျှင်တော့ ပဲဈေးဆက်ကောင်းမှာလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ယခင်နှစ်က ပဲအထွက်လှိုင်ချိန် ပဲတီစိမ်းသီးနှံဈေးမှာ တစ်တင်းကျပ် ၂၈၀၀၀ ရရှိခဲ့ကြောင်း သိရှိရပါတယ်။

ခင်ဆွေဝင်း

မုံရွာကုန်စည်ဒိုင်၏ နိုဝင်ဘာလဒုတိယပတ်ပဲဈေးကွက်တွင် မြေပဲလုံးဆန် ဆက်လက်ဈေးမာ

မုံရွာကုန်စည်ဒိုင်ဈေးကွက် နိုဝင်ဘာလ ဒုတိယပတ်ပဲဈေးကွက်မှာ ပဲမျိုးစုံဆက်လက်ဈေးအေးနေပေမယ့် မြေပဲလုံးဆန်ကတော့ ဆက်လက်ဈေးမာနေတာတွေ့ရပါတယ်။ မြေပဲအရည်အသွေးပေါ်မူတည်၍ ဈေးအနည်းငယ်ကွာခြားပြီး တောင်နယ်လို့ခေါ်တဲ့ မြင်းမူဘက်ကလာတဲ့ မြေပဲကတော့ အရည်အသွေးကောင်းမွန်ပြီး အခြားဒေသထွက်မြေပဲတွေထက်ဈေးပိုရခဲ့ကာ တစ်ပိဿာကျပ် ၃၀၀ နီးပါးထိ ကွာခြားမှုရှိတယ်လို့ ကုန်သည်ရပ်ကွက်မှသိရှိရပါတယ်။

ယခုတစ်ပတ်မှာ မြေပဲလုံးဆန်နီတစ်ပိဿာလျှင် အဟောင်းကျပ် ၂၂၀၀နှင့် အသစ်ကျပ် ၂၃၀၀၊ လုံးဆန်ဖြူကတော့ တစ်ပိဿာအဟောင်း ကျပ် ၂၂၅၀ နှင့် အသစ် ကျပ် ၂၅၅၀အထိ ဈေးမာလာခဲ့ပြီး ဒေသတွင်းလုပ်ငန်းသုံးဝယ်လက်နှင့် မန်းဝယ်လက်ရှိတာကြောင့် တစ်ရက်အိတ် ၁၀၀၀ ခန့်ထိ အရောင်းအဝယ်ဖြစ်တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်မှ သိရှိရပါတယ်။

ယခုတစ်ပတ်ပဲမျိုးစုံဈေးကွက်တွင် ကုလားပဲဈေးအနည်းငယ်အေးခဲ့ရာ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင်ကျပ် ၄၀၃၀၀၊ 929 တစ်တင်းလျှင် ကျပ် ၃စ၀၀၀နှင့်ထိုင်းဝမ် တစ်တင်းလျှင်ကျပ် ၃၉၀၀၀ဖြင့် အသီးသီးဈေးဖြစ်ပေါ်ခဲ့ပြီး တစ်ရက်အိတ် ၅၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

လင်းလင်းသန့်

ပြည်မိုးနှမ်းနက်များ ဝယ်လက်အကြိုက်တွေ့လို့ ဈေးပြန်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီဈေးမှာ ယခင်တစ်ပတ်ကထက် ဈေးကျလာပေမယ့် နှမ်းနက်နဲ့ စမုံနက်နှမ်းဈေးမှာ အဝယ်လိုက်လာလို့ ဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ နှမ်းအဝင်မှာလည်း မြန်အောင်၊ ကြံခင်းနှင့်နတ်တလင်း(တာပွန်)ဘက်မှ နှမ်းအိတ် ၄၀၀-၅၀၀ခန့်ရက်ခြား ဝင်ရောက်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ်တွင် မန္တလေးမှ နှမ်းဝယ်လက်များက နှမ်းနက်နှင့် စမုံနက်နှမ်းကို ဝယ်ယူနေသဖြင့် တစ်နေ့လျှင် အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ ဆောင်းနှမ်းများ စိုက်ပျိုးချိန်ဖြစ်ပေမယ့်ဈေးကွက်တွင် မိုးနှမ်းများ ဝင်ရောက်မှုရှိနေသေးသဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင်ကျပ် ၉၀၀၀၀ ဖြင့် ယခင် တစ်ပတ်ထက်ကျပ်၅၅၀၀ ခန့် ဈေးကျလာပေမယ့် နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ နှင့် စမုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ ဖြင့် အဝယ်လိုက်လာလို့ ဈေးမြင့်လာတာတွေ့ရပါတယ်။

ဝေဝေမင်း

ပြည်ဈေးကွက်မှာ ဆီစက်များအဝယ်ပြန်လိုက်လာလို့ ဆီဆန်ဈေးမြင့်လာပေမယ့် လုံးဆန်ဝယ်လက်ပျောက်လို့ ဈေးကျလာ

ပြည်ဈေးကွက်တွင် မိုးမြေပဲဆန်ဈေးများမှာ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေပြီး ဆောင်းမြေပဲအသစ်များလည်း ဈေးကွက်သို့ အနည်းငယ် စတင်ဝင်ရောက်လာပေမယ့် ဈေးမှာ မိုးမြေပဲအဟောင်းအတိုင်း ဈေးတူနေတာတွေ့ရပါတယ်။ မိုးမြေပဲများကို ပြည်၊ အောင်လံကြားရှိ ကျေးရွာများနှင့် ပေါက်ခေါင်းဘက်မှ တစ်နေ့လျှင် အိတ် ၅၀၀ ခန့် အဝင်ရှိပြီး ကံမဘက်မှ ဆောင်းမြေပဲ (အသစ်) များကို နေ့စဉ် အဝင်မရှိပေမယ့် ရံဖန်ရံခါ အိတ် ၅၀-၆၀ ခန့် ဝင်ရောက်လာတာတွေ့ရပါတယ်။ မကွေးဝယ်လက်များက ဆီဆန်ကိုအဝယ်ရှိသလို မန္တလေးဝယ်လက်များက လုံးဆန်ကို အဝယ်ရှိနေတာတွေ့ရပါတယ်။ မြေပဲဆန်ဈေးများမှာ ဆီကြိတ်မြေပဲဆန်တစ်ပိဿာလျှင်ကျပ် ၂၀၅၀၊ လုံးဆန် (အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၂၀၀ နှင့် လုံးဆန် (အနီ) တစ်ပိဿာလျှင်ကျပ် ၂၃၅၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာတွေ့ရပါတယ်။

ဝေဝေမင်း

နိုဝင်ဘာလဒုတိယပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်ဈေးနှုန်းမှာအနည်းငယ် မြင့်တက်လျက်ရှိပါတယ်။ ဒေသတွင်းရှိမြေပဲဆားလှော်လုပ်ငန်းရှင်များက အဝယ်လိုက်လာခြင်း၊ ပဲကြော်ဖိုလုပ်ငန်းများက အဝယ်များခြင်းတို့ကြောင့် မြေပဲဆန်နီ(မြောင်)တစ်ပိဿာလျှင်ကျပ် ၂၀၀၀ မှ ကျပ် ၂၂၀၀ထိ၊ ကျွန်းဆန်မှာတစ်ပိဿာလျှင်ကျပ် ၂၁၀၀၊ S1(မြေပဲဖြူလုံးဆန်)ဈေးနှုန်းမှာအနည်းငယ်တက်လျက်ရှိပြီး တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ရေစကြိုဒေသထွက် မတ်ပဲဈေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ်မြင့်လျက်ရှိပြီးတစ်တင်းလျှင်ကျပ် ၁۶၀၀၀၊ ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် ပဲဝိစပ်တစ်တင်းလျှင်ကျပ် ၅၅၀၀ ထိဈေးကျဆင်းနေပြီး တစ်တင်းလျှင်ကျပ် ၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်ဟု သတင်းရရှိပါသည်။ ယခု တစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် ကုလားပဲဈေးနှုန်းများ အနည်းငယ် ကျဆင်းနေပြီး ကုလားပဲဝါ HLတစ်တင်းလျှင်ကျပ် ၄၀၀၀၀၊ 929 ကုလားပဲဖြူလုံးကြီးမှာ တစ်တင်းလျှင်ကျပ် ၃၉၀၀၀၊ ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၄၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ နှမ်းဖြူသန့်မှာအနည်းငယ်ဈေးတက်လျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၃၇၀၀ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

မြန်မာ့ဆိပ်ကမ်းတွင် ၉ . ၁၁ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် တော်ပြလိုက်ပါတယ်။

(က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

ဆိပ်ကမ်းအမည်	သင်္ဘောအမည်	ကုန်တင်/ကုန်ချအခြေအနေ
ထီးတန်းဆီဆိပ်ကမ်း	- MT .CHAO ANOMA	P.Oil (In Bulk) ၄၃၀၀ ကုန်ချဆဲ
ထီးတန်းဆိပ်ကမ်း(၂)	- CAPE FLORES	ကုန်သေတ္တာ ၃၇၄ ကုန်ချ၊ ကုန်သေတ္တာ ၂၆၅ကုန်တင်ဆဲ
အေးရှားဝေါလ်ဆိပ်ကမ်း(၁)	- WEST SCENT	GRANULAR UREA ၆၀၇တန်ကုန်ချဆဲ
စက်မှုဆိပ်ကမ်း(၄)	- MCC MERGUI	ကုန်သေတ္တာ ၆၃၃ ကုန်တင်ရန်
ဆူးလေဆိပ်ကမ်း(၂)	- HANDY STRANGER	ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ
ဆူးလေဆိပ်ကမ်း(၅)	- KIRANA NAREE	ဆန် ၂၄၅၀၀ တန်ကုန်တင်ဆဲ
ဆူးလေဆိပ်ကမ်း(၇)	- ALKAR TRUST	ဆန် ၂၂၀၀၀ တန်ကုန်တင်ဆဲ
ဝိုလ်တဆောင်ဆိပ်ကမ်း(၁)	- U THAR	Steel TMTBARS ၁၅၅၇၀ ကုန်ချဆဲ
ဝိုလ်တဆောင်ဆိပ်ကမ်း(၂)	- MS.L'AUSTRAL	သံကြား ၄၃၀၈တန်ကုန်ချဆဲ
ဝိုလ်တဆောင်ဆိပ်ကမ်း(၃)	- DAWEI	ကုန်သေတ္တာ ၁၅၀ကုန်တင်ရန်
Myanmar Integrated Port Ltd	- VIKING SEA	Vehicle &Pkgs ၁၃၆၈ ကုန်ချရန်
သီလဝါဆိပ်ကမ်း(၁)	- MATHU BHUM	ကုန်သေတ္တာ ၂၀၃ကုန်တင်ရန်
သီလဝါဆိပ်ကမ်း(၂)	- LE MANS EXPRESS	Vehicle &Pkgs ၃၆၆ကုန်ချရန်
သီလဝါဆိပ်ကမ်း(၃)	- UBC CHILE	Cement (In Bulk) ၁၄၀၀၀ ကုန်ချဆဲ
သီလဝါဆိပ်ကမ်း(၄)	- AQUA MARIN	Steel Product &FERTILIZER ၂၉၀၀၀ကုန်ချဆဲ
သီလဝါဆိပ်ကမ်း(၅)	- MS WORLD ODYSSEY	PAX 653 NOs ကုန်ချဆဲ
MMTM JETTY	- MT.OCEAN AUTUMN	Diesel Oil +Mogas 92 Ron ၂၇၃၁၁ တန် ကုန်ချဆဲ

(ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

သင်္ဘောအမည်	ကုန်အမျိုးအစား	လာ/သွားရောက်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
OCEAN PESCADORES	Iron Slag& Equipment ၁၀၇၀၀ တန်ကုန်ချရန်	JAPAN	၁၀ . ၁၁ . ၂၀၁၇
YAN DUN JIAOI	Steel &Equipment ၂၇၀၀၀ တန် ကုန်ချရန်	CHINA	၁၀ . ၁၁ . ၂၀၁၇
MAAN AUNG	Steel Product ၆၁၀၀ တန်ကုန်ချရန်	INDIA	၁၀ . ၁၁ . ၂၀၁၇
GRAND QUEST	Units Vehicle(RO/RO) ၃၃၉ တန်ကုန်ချရန်	JAPAN	၁၁ . ၁၁ . ၂၀၁၇
ARMATA	Truck & Steel ၂၇၄၃၃ ကုန်ချရန်	CHINA	၁၂ . ၁၁ . ၂၀၁၇
ANTIM RONS	ဆန် ၂၅၅၀၀ တန် ကုန်ချရန်	AFRICA	၁၂ . ၁၁ . ၂၀၁၇
HO TAY	Machinery ၇၆ တန်ကုန်ချရန်	VIETNAM	၁၃ . ၁၁ . ၂၀၁၇
HAN XIN	Project+Cargo ၂၆၃ တန်ကုန်ချရန်	CHINA	၁၄ . ၁၁ . ၂၀၁၇
MIKAWA	HOT Roued Coilk ၃၁၄၅ တန်ကုန်ချရန်	VIETNAM	၁၄ . ၁၁ . ၂၀၁၇
VIKING OCEAN	VEHICLE ၁၁၉၉ ကုန်ချရန်	JAPAN	၁၄ . ၁၁ . ၂၀၁၇
DUBAI ENERGY	(Coal in Bulk) ၃၀၈၀၀ ကုန်ချရန်	RUSSIA	၁၆ . ၁၁ . ၂၀၁၇

(ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

သင်္ဘောအမည်	လာမည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
EVER ALLY	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၉ . ၁၁ . ၂၀၁၇
OEL MALAYSIA	SINGAPORE	ဝိုလ်တစ်ထောင်ဆိပ်ကမ်း	၉ . ၁၁ . ၂၀၁၇
PATHEIN STAR	SINGAPORE	စက်မှုဆိပ်ကမ်း	၉ . ၁၁ . ၂၀၁၇
SAN GIORGIO	SINGAPORE	သီလဝါဆိပ်ကမ်း	၁၀ . ၁၁ . ၂၀၁၇
SINAR BALI	SINGAPORE	စက်မှုဆိပ်ကမ်း	၁၀ . ၁၀ . ၂၀၁၇
MCC	SINGAPORE	သီလဝါဆိပ်ကမ်း	၁၀ . ၁၁ . ၂၀၁၇
FSL SANTOS	SINGAPORE	အလုံစက်မှုဆိပ်ကမ်း	၁၁ . ၁၁ . ၂၀၁၇
MCL SHANG HAI	SINGAPORE	သီလဝါ/စက်မှုဆိပ်ကမ်း	၁၂ . ၁၁ . ၂၀၁၇
XETHA BHUM	SINGAPORE	စက်မှု/သီလဝါဆိပ်ကမ်း	၁၂ . ၁၁ . ၂၀၁၇
SIMA PERFECT	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၁၂ . ၁၁ . ၂၀၁၇
GSS YANGON	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၁၂ . ၁၁ . ၂၀၁၇
RATANA THIDA	SINGAPORE	သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း	၁၃ . ၁၁ . ၂၀၁၇
BAGAN STAR	SINGAPORE	စက်မှုဆိပ်ကမ်း	၁၅ . ၁၁ . ၂၀၁၇
ANAN BHUM	SINGAPORE	စက်မှုဆိပ်ကမ်း	၁၆ . ၁၁ . ၂၀၁၇

(ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

သင်္ဘောအမည်	ကုန်ပစ္စည်း	ဆိုက်ကပ်မည့်ဆိပ်ကမ်း	ရောက်မည့်ခန့်မှန်းရက်
MT.GLORY OCEAN	ဒီဇယ်ဆီ	-	၉ . ၁၁ . ၂၀၁၇
MT.SINGA PERAIS	ဒီဇယ်ဆီ	SINGAPORE	၉ . ၁၁ . ၂၀၁၇
MT.FLY GURNARD	ဒီဇယ်ဆီ	SINGAPORE	၉ . ၁၁ . ၂၀၁၇
MT.BLISS	ဒီဇယ်ဆီ	-	၉ . ၁၁ . ၂၀၁၇
MT.AULAC JUPITER	ဒီဇယ်ဆီ	SINGAPORE	၁၁ . ၁၁ . ၂၀၁၇
MT.GREAT PRINECESS	ဒီဇယ်ဆီ	SINGAPORE	၁၁ . ၁၁ . ၂၀၁၇
MT.CHAO ANOMA	P.Oil (In Bulk)	SINGAPORE	၁၃ . ၁၁ . ၂၀၁၇
MT.YU RU	MOGAS 92 RON	INDINESIA	၁၅ . ၁၁ . ၂၀၁၇
MT.AU GEMINI	P.Oil (In Bulk)	SINGAPORE	၁၅ . ၁၁ . ၂၀၁၇
MT.BABY LON	ဒီဇယ်ဆီ	SINGAPORE	၁၆ . ၁၁ . ၂၀၁၇
MT.OCEAN WINTER	MOGAS 92 RON	SINGAPORE	၁၆ . ၁၁ . ၂၀၁၇

ပြည်ပမျိုးစုံစျေးကွက်မှာ ၂၀၁၇ အောက်တိုဘာလအတွင်း နှစ်အလိုက်အရောင်းအဝယ်ဖြစ်ခဲ့သော ပဲစျေးနှုန်းအခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပမျိုးစုံစျေးကွက်အတွင်း နှစ်အလိုက်ကာလတူအချိန်ဖြစ်ပေါ်ခဲ့သော ပဲစျေးနှုန်းများအားလေ့လာရာတွင် ပြည်တွင်းဝယ်လက်ပဲများဖြစ်သော ပဲပုပ်၊ ကုလားပဲနှင့်ပဲကြီးသီးနှံများသာ ရှေ့နှစ်များထက် စျေးပိုရလာခဲ့ပြီး ကျန်ပဲများဖြစ်သော မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများ စျေးအေးခဲ့ကာ မတ်ပဲနှင့်ပဲစင်းငုံသီးနှံမှာ ရှေ့နှစ်တွေထက် စျေးသိသိသာသာ လျော့နည်းနေခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၂၀၁၅ ခုနှစ်တွင် ပဲအားလုံးလိုလို စျေးကောင်းရခဲ့ပေမယ့် မတ်ပဲသီးနှံကတော့ စျေးကွက်အတွင်း စျေးအမြင့်ဆုံးစံချိန်တင်မြင့်တက်ခဲ့တဲ့နှစ်ဖြစ်တာကြောင့် တစ်တင်းကျပ် ၆၂၀၀၀မှ ကျပ် ၇၄၀၀၀အထိရရှိခဲ့ကာ ၂၀၁၆ခုနှစ်မှာတော့ ပဲစျေးများလျော့နည်းသွားခဲ့လို့ မတ်ပဲသီးနှံစျေးမှာလည်း တစ်တင်းကျပ်၄၆၅၀၀ဖြင့်သာ ယခင်နှစ်စျေးထက်လျော့နည်းသွားပေမယ့် စျေးကွက်အတွင်းမှာ စျေးအမြင့်ဆုံး သီးနှံအဖြစ်ဆက်လက်ရပ်တည်နေခဲ့ပါတယ်။ ၂၀၁၇ခုနှစ်မှာတော့ မတ်ပဲသီးနှံအားအိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုကန့်သတ်ချိန် ဩဂုတ်လမှစ၍ စျေးများဆက်တိုက်ကျဆင်းသွားခဲ့ကာ အောက်တိုဘာလအတွင်းမှာ တစ်တင်းကျပ် ၁၄၅၀၀ မှ ကျပ် ၁၈၃၀၀ အကြားသာရရှိနေခဲ့လို့ ပဲစျေးကွက်မှာ ရှေ့နှစ်တွေက စျေးအမြင့်ဆုံးသီးနှံဖြစ်ခဲ့သမျှ ယခုနှစ်မှာ ပဲစင်းငုံသီးနှံပြီးလျှင် မတ်ပဲသီးနှံမှာဒုတိယစျေးအနိမ့်ဆုံးနဲ့ရောင်းဝယ်နေတဲ့ သီးနှံဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံအနေဖြင့် မတ်ပဲ၊ ပဲစင်းငုံသီးနှံတို့ကဲ့သို့ မဟုတ်ဘဲ တရုတ်ဝယ်လက်အဝယ်ရှိခဲ့လို့ ယခုနှစ်အတွင်း အဆိုပါပဲများစျေးနှုန်းများလျော့ကျနေသော်လည်း ပဲတီစိမ်းသီးနှံမှာစျေးအတက်အကျအပြောင်းအလဲသိပ်မဖြစ်ဘဲ နှစ်စဉ်ကျပ်သုံးသောင်းနီးပါးဖြင့် ရောင်းဝယ်နေခဲ့ကြတာကို တွေ့ရပါတယ်။ ၂၀၁၅ခုနှစ် အောက်တိုဘာလအတွင်း မိုးပဲတီစိမ်းသီးနှံ လက်ကျန်ပြတ်သွားသလို ဆောင်းပဲသစ်လည်း ဝင်ရောက်ခြင်းမရှိခဲ့တဲ့အတွက် အရောင်းအဝယ်မဖြစ်ခဲ့ကြဘူးလို့သိရပါတယ်။

ပဲစင်းငုံသီးနှံကတော့ ၂၀၁၅ခုနှစ် အောက်တိုဘာလအတွင်း ပဲလက်ကျန်မရှိတော့လို့ စျေးကွက်မှာအရောင်းအဝယ်မဖြစ်ခဲ့ပေမယ့် ၂၀၁၆ခုနှစ်မှာတော့ ပဲလက်ကျန်ဆက်ရှိနေတာကြောင့် ပုံမှန်ရောင်းဝယ်မှုဖြစ်ခဲ့ကြကာ ပဲတစ်တင်းကျပ် ၃၇၀၀၀ထိရရှိခဲ့ပါတယ်။ ဒါကြောင့် အဆိုပါနှစ်အတွင်း မတ်ပဲသီးနှံစျေးလောက်စျေးမကောင်းသော်လည်း ပဲတီစိမ်းသီးနှံထက်တော့ စျေးပိုရလာကာ ယခုနှစ်မှာတော့ တစ်တင်းကျပ် ၉၀၀၀ မှ ကျပ် ၁၂၅၀၀အတွင်းသာရရှိခဲ့လို့ စျေးကွက်အတွင်း စျေးအနိမ့်ဆုံးဖြစ်ခဲ့သလို အရောင်းအဝယ်လည်းအေးနေခဲ့တဲ့ပဲသီးနှံဖြစ်ခဲ့ပါတယ်။

ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ကုလားပဲနှင့် ပဲကြီးသီးနှံများဟာ တစ်နှစ်ထက်တစ်နှစ်စျေးကောင်းရလာခဲ့ပါတယ်။ ကုလားပဲသီးနှံမှာ ၂၀၁၆ခုနှစ်မှစ၍တစ်တင်းကျပ်လေးသောင်းအထက်ရရှိနေခဲ့လို့ ယခုနှစ်ပဲစျေးကွက်အတွင်း ပဲကြီးသီးနှံပြီးလျှင် ဒုတိယစျေးအမြင့်ဆုံးရလျက်ရှိနေခဲ့ကာ ယခုလိုကာလများတွင် မျိုးပဲဝယ်ယူမှုများလည်းရှိခဲ့လို့ မျိုးပဲစျေးမှာ တစ်တင်းကျပ်ငါးသောင်းနီးပါးအထိရရှိနေခဲ့ကြပါတယ်။

ပဲကြီးသီးနှံမှာ ၂၀၁၆ခုနှစ်တွင်သာ စျေးနိမ့်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှာတစ်တင်းကျပ်သုံးသောင်းအထက်ရရှိလို့ ကုလားပဲနှင့် စျေးပြိုင်လိုလိုရရှိခဲ့ကြကာ ၂၀၁၆ခုနှစ်မှာ စျေးလျော့သွားတာကြောင့် ကုလားပဲသီးနှံထက်လျော့နည်းသွားခဲ့ပါတယ်။ ယခုနှစ်မှာတော့ ပဲကြီးသီးနှံစျေးဟာ တရိပ်ရိပ်တက်စျေးပြလာခဲ့လို့ စျေးကွက်အတွင်း ကုလားပဲသီးနှံထက် စျေးပိုသွားသလို အခြားပဲအားလုံးထက်လည်း စျေးပိုရလာပြီး စျေးကွက်အတွင်းစျေးအမြင့်ဆုံးရတဲ့သီးနှံဖြစ်ခဲ့ကာ ပဲတစ်တင်းကျပ် ခြောက်သောင်းမှခြောက်သောင်းကျော်အထိ ရနေခဲ့ပါတယ်။

ပဲပုပ်သီးနှံမှာ ယခုလိုကာလများတွင် အရောင်းအဝယ်အေးတဲ့အတွက် လက်လီသမားများဖြင့်သာ ရောင်းဝယ်နေကြရတယ်လို့သိရပါတယ်။ ပဲပုပ်သီးနှံစျေးကတော့ အခြားပဲများကဲ့သို့ အတက်အကျအပြောင်းအလဲသိပ်မဖြစ်ဘဲ စျေးအေးခဲ့လို့ရှေ့ကနှစ်တွေမှာကျပ်နှစ်သောင်းဝန်းကျင်သာရရှိပြီး ယခုနှစ်မှာတော့ တစ်တင်းကျပ် ၂၇၀၀၀ မှ ကျပ် ၂၇၅၀၀ ရရှိလာကာ မတ်ပဲ၊ ပဲစင်းငုံသီးနှံတို့ထက် စျေးပိုရလာသလို ပဲတီစိမ်းသီးနှံနှင့်စျေးပြိုင်ရရှိနေခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ခင်ဆွေဝင်း

နိုဝင်ဘာလဒုတိယပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်သော စျေးကွက်နှင့်စျေးနှုန်း

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ ၅၅ စျေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ်မြင့်တက်လျက်ရှိပြီး တစ်တင်းလျှင် ကျပ်၁၀၃၀၀ ဖြင့်အိတ် ၂၀ မှ ၂၀၀ထိ ဝင်ရောက်လျက်ရှိကြောင်းသိရပါတယ်။

ရန်ကုန်သို့ ပဲစင်းငုံနီအိတ် ၉၆၀ တင်ပို့ခဲ့ပါတယ်။ ယခုအချိန်တွင် ပဲတီစိမ်းအသစ်များထွက်ရှိနေပြီး ပဲတီစိမ်းအမျိုးအစားကိုလိုက်၍ တစ်တင်းလျှင် ကျပ်၂၃၀၀၀ မှ ကျပ်၃၀၅၀၀ထိရှိနေပါတယ်။

ဒေသထွက်ဖြစ်သည့် ပြောင်းဖူးစေ့(CP)မှာ ယခင်တစ်ပတ်က တစ်တင်းလျှင်ကျပ် ၇၃၀၀၅ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ ပြောင်းဖူးစေ့ တစ်တင်းလျှင် ကျပ် ၆၉၀၀ထိစျေးကျနေပါတယ်။ ဝယ်လက်နည်းနေခြင်းကြောင့် စျေးနှုန်းကျဆင်းရခြင်းဖြစ်ကြောင်း ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

ယခုတစ်ပတ်အတွင်း ကုလားပဲစျေးနှုန်းမှာ ယခင်တစ်ပတ်ထက် အနည်းငယ်ကျနေပြီး ကုလားပဲ၀ါ (HL)တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ၊ ကုလားပဲဖြူ လုံးကြီး(929)တစ်တင်းလျှင်ကျပ် ၃၉၂၀၀၊ ကုလားပဲဖြူ (V2)တစ်တင်းလျှင်ကျပ် ၄၂၀၀၀ စျေးဖြင့် ပခုက္ကူကုန်စည်ဒိုင်တွင် တင်း ၅၀ ခန့်အရောင်းအဝယ်ဖြစ်နေသည်ကို တွေ့ရှိရပါတယ်။

ယခုတစ်ပတ်တွင် ကြက်သွန်နီအဝင်နည်းကာ စျေးနှုန်းအနည်းငယ်ကျလျက်ရှိပြီး လက်ကားစျေး တစ်ပိဿာလျှင် ထိပ်စကျပ် ၂၁၅၀ ၊ လတ်စကျပ် ၁၉၅၀ ၊ အနိမ့်စကျပ် ၁၈၀၀ဖြစ်၍ လက်လီစျေးတစ်ပိဿာလျှင် ထိပ်စကျပ် ၂၇၀၀ ،လတ်စကျပ် ၂၅၀၀،အနိမ့်စကျပ် ၂၃၀၀ထိရှိကြောင်း သတင်းရရှိပါတယ်။

လှိုင်ဥမ္မာဦး(ပခုက္ကူ)

ပြည်ဘိုကိတ်ပဲသစ် အနည်းငယ်ဝင်ရောက်လာပြီ

နိုဝင်ဘာလဆန်းပိုင်းအတွင်း ပြည်ပဲစျေးကွက်သို့ ဘိုကိတ်ပဲသီးနှံ တစ်အိတ်စနှစ်အိတ်စ ဝင်ရောက်နေတာကို တွေ့ရပါတယ်။ ပဲသစ်များဝင်ရောက်လာသော်လည်း လက်လီသာရောင်းဝယ်ခဲ့ကြရကာ ပဲအထွက်လျှိုင်လာလျှင်တော့ လက်လီ၊ လက်ကားအရောင်းအဝယ်ဖြစ်မယ့် သီးနှံဖြစ်တယ်လို့သိရပါတယ်။ ပဲစျေးအနေဖြင့် တစ်တင်းကျပ် ၃ ၂၀၀၀ ရရှိနေပြီး ယခင်တစ်ပတ်ထက်စျေးအနည်းငယ်လျော့သွားပေမယ့် ယခင်နှစ်ကစျေးထက်တော့ ပိုမြင့်ပိုနေခဲ့ပါတယ်။ ယခင်နှစ် နိုဝင်ဘာလအတွင်းက တစ်တင်းကျပ် ၂၄၅၀၀ဖြင့် စျေးစတင်ဖွင့်ခဲ့တယ်လို့သိရပါတယ်။

ခင်ဆွေဝင်း

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ကြက်သွန်

မုံရွာကြက်သွန်နီ စျေးကွက်တွင် စျေးကျဆင်းလာ

မုံရွာ(ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီ စျေးကွက်မှာ စျေးအနည်းငယ် ကျဆင်းလာတာသိရပါတယ်။ ပွဲရုံသို့ ကြက်သွန်နီ ပိုသာချိန် ၅၀၀၀ မှ ၆၀၀၀ ခန့်အဝင်ရှိပြီး အရောင်းအဝယ် အနည်းငယ်အေးလျက်ရှိကြောင်းသိရပါတယ်။ ကြက်သွန်နီစျေးကွက်အနေနဲ့ မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များနှင့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရှိမြို့များသို့ တင်ပို့ရောင်းဝယ်လျက်ရှိကာ စျေးမြင့်လို့အနည်းငယ်အရောင်းအဝယ်အေးနေကြောင်းသိရပါ တယ်။

ယခုတစ်ပတ်ပွဲရုံများတွင် ကြက်သွန်နီတစ်ပိသာလက်ကားပေါက်စျေးနှုန်းမှာ(ကြီး)ကျပ် ၂၃၀၀၊ (လတ်)ကျပ် ၂၂၀၀၊ (သေး)၂၀၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိသာပေါက်စျေးနှုန်းမှာ (ကြီး) ကျပ် ၂၅၀၀၊ (လတ်) ကျပ် ၂၄၀၀၊ (သေး)ကျပ် ၂၂၀၀နှုန်းနဲ့ ရောင်းဝယ်လျက်ရှိပြီး ယခင်တစ်ပတ် လက်ကားပေါက်စျေးနှုန်းမှာ(ကြီး) ကျပ် ၂၅၀၀၊(လတ်) ကျပ် ၂၄၀၀၊(သေး) ၂၃၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီ တစ်ပိသာ ပေါက်စျေးနှုန်းမှာ(ကြီး)ကျပ် ၂၇၀၀၊ (လတ်) ကျပ် ၂၅၀၀၊ (သေး) ကျပ် ၂၄၀၀နှုန်းပေါက်လို့ ယခုတစ်ပတ်ပေါက်စျေးနှုန်းမှာ ပျမ်းမျှတစ်ပိသာလျှင် ကျပ် ၂၀၀ခန့်ကျဆင်းသွားကြောင်းတွေ့ရပါတယ်။

မုံရွာကြက်သွန်ဖြူစျေးကွက်မှာ စျေးအတက်အကျအနည်းငယ်သာရှိပြီး အရောင်းအဝယ်ကတော့ အသွက်ကြီးမဟုတ်ဘဲ ပုံမှန်လေးသာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ပွဲရုံသို့ နေ့စဉ် ကြက်သွန်ဖြူပိုသာ စ၀၀ ခန့်အဝင်ရှိပြီး ယခုတစ်ပတ်ပေါက်စျေးနှုန်းက ယခင်တစ်ပတ်ပေါက်စျေးနှုန်းထက် အနည်းငယ်မြင့်လျက်ရှိကာ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိသာပွဲရုံပေါက်စျေးနှုန်းမှာ (ဗမာ) ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြူကုတ်)ကျပ် ၂၂၀၀နှုန်းဖြစ်ပြီး လက်လီပေါက်စျေးနှုန်းမှာ(ဗမာ) ကျပ်၄၅၀၀၊(ရှမ်း)ကျပ်၃၅၀၀၊(ကြူကုတ်)ကျပ် ၂၆၀၀နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။

ကြည်ကြည်နွယ် (မုံရွာ)

ပြည်ကြက်သွန်နီစျေးနှုန်းမြင့်သဖြင့် အရောင်းအဝယ် ဆက်တိုက်အေးနေ

ပြည်ကြက်သွန်နီစျေးကွက်သို့ ယခုတစ်ပတ် ကျောက်ပန်းတောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ ရေနံချောင်း စသည့်နယ်များမှ ဝင်ရောက်မှုသိသိသာသာနည်းသွားတာတွေ့ရပါတယ်။ ကြက်သွန်နီအဓိကစိုက်ပျိုးထွက်ရှိရာ မကွေးတိုင်း၊ မန္တလေးတိုင်းတို့မှာပင် ကြက်သွန်နီလက်ကျန်နည်းနေကြောင်း စုံစမ်းသိရှိရပါတယ်။ ကြက်သွန်နီ အသစ်များ မကြာခင်ကာလတွင် ထွက်ရှိတော့မည်ဖြစ်ပြီး အသစ်များထွက်ပေါ်လျှင်တော့ ကြက်သွန်နီစျေးနှုန်းများ ကျဆင်းလာမှာဖြစ်ကြောင်း ပြည်ပွဲရုံလုပ်ငန်းရှင်များကပြောကြားခဲ့ပါတယ်။ အသစ်လည်းမပေါ်မီ ပစ္စည်းလက်ကျန်လည်းရှားပါးခြိန် ယခုကာလများတွင် ကြက်သွန်နီစျေးနှုန်းများမြင့်တက်နေသဖြင့် အရောင်းအဝယ်မှာ ယခုတစ်ပတ်တွင်လည်း အေးလျက်ပင်ရှိနေသေးကြောင်းသိရှိရပါတယ်။ ယခင်နှစ်များက အောက်တိုဘာနောက်ဆုံးပတ်မှသာစတင်၍ ကြက်သွန်နီစျေးနှုန်းများ မြင့်တက်လာသည်ကိုတွေ့ရှိရပြီး ယခုနှစ်မှာတော့ ဇွန်လတတိယပတ်မှစတင်ကာ ကြက်သွန်နီစျေးနှုန်းများ တစ်စတစ်စပိုမိုမြင့်တက်လာတာတွေ့ရပါတယ်။ ယခုနှစ် အနေနဲ့ ကြက်သွန်နီထွက်ရှိမှု အများဆုံးအချိန် မတ်လ၊ ဧပြီလများမှာပင် စျေးနှုန်းအားဖြင့် လက်လီ၊ လက်ကား ကျပ် ၈၀၀ မှ ကျပ် ၁၀၀၀ ဖြင့် စျေးဖွင့်၍ နယ်စပ်ဝယ်ရောင်းသမားများက စိုက်ပျိုးထွက်ရှိရာဒေသများသို့ ကိုယ်တိုင်ကွင်းဆင်းကာ စျေးကောင်းပေးဝယ်ယူမှုများကြောင့် ဝယ်လိုအားများသည့်အတွက် စျေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်းသိရှိရပါတယ်။ ယခုတစ်ပတ်တွင် ပွဲရုံလက်ကားစျေး တစ်ပိသာလျှင်(ကြီး)ကျပ် ၂၅၅၀မှ ကျပ် ၂၆၀၀၊ (လတ်) ကျပ် ၂၄၅၀ မှ ကျပ် ၂၅၀၀၊ (သေး)ကျပ် ၂၃၅၀ မှ ကျပ် ၂၄၀၀နှုန်းရှိပြီး လက်လီစျေး အသေးများတွင် (ကြီး) ကျပ် ၃၀၀၀ မှ ကျပ် ၃ ၂၀၀၊ (လတ်) ကျပ် ၂၇၀၀ မှ ကျပ် ကျပ် ၂၈၀၀၊ (သေး) ကျပ် ၂၄၀၀မှ ကျပ် ၂၆၀၀နှုန်းတို့ဖြင့်ရောင်းဝယ်လျက်ရှိတဲ့အတွက် ယခင်တစ်ပတ်စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက မပြောင်းလဲဘဲရှိနေတာတွေ့ရ ပါတယ်။ ယခုဖြစ်ပေါ် လျက်ရှိတဲ့ ကြက်သွန်နီစျေးနှုန်းများကို အောက်ဖော်ပြပါ ယခင်နှစ်ကာလတူ စျေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ယခုနှစ်ကြက်သွန်နီသီးနှံမှာစျေးကောင်းရသည့်သီးနှံဖြစ်ကြောင်း တွေ့ရှိရပါတယ်။

လအမည်	ကြက်သွန်နီ(အလတ်စ) ကာလတူစျေးနှုန်း(ကျပ်)			
	၂၀၁၆		၂၀၁၇	
	လက်ကား	လက်လီ	လက်ကား	လက်လီ
ဇွန်	၆၀၀	၇၀၀	၁ ၂၀၀	၁၄၀၀
ဇူလိုင်	၆၀၀	၇၀၀	၁၃၀၀	၁၅၀၀
သြဂုတ်	၆၀၀	၇၀၀	၁၆၅၀	၁၈၀၀
စက်တင်ဘာ	၆၀၀	၇၀၀	၂ ၂၀၀	၂၄၀၀
အောက်တိုဘာ	၆၀၀	၇၅၀	၂၃၀၀	၂၆၀၀
နိုဝင်ဘာ(ခုတိယပတ်)	၁၁၀၀	၁၃၀၀	၂၅၀၀	၂၈၀၀

ဝင်းလွဲ၀ါ(ပြည်)

နန္တင်း

မူဆယ်မှ နန္တင်းတက် ပိုမိုတင်ပို့

အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၃ ၂၇၀၄ တန်ဖိုးရှိ နန္တင်းတက် (ရှမ်းစ) ၁၈၅တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၈ ၂ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၁၀၃ တန် ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်မှာ နန္တင်းတက် တစ်တန်ရဲ့မိမိဘက်ပေါက်စျေးမှာ (ငွေလဲနှုန်းအရ) ကျပ် ၉၆၉၅၄၀စျေးရှိပြီး ယခင်နှစ်ကာလတူက ၉၆၀၅၀၄-၉၇၄၇၀၅ကျပ် ဝန်းကျင်ခန့်ရှိခဲ့ပါတယ်။

မော်မော်အောင်

ရှမ်းနန္တင်း အရောင်းအ၀ယ်ပုံမှန်ဖြစ်နေ

ဒီတစ်ပတ်မှာ ရှမ်းနန္တင်းအရောင်းအ၀ယ်ပုံမှန်ဖြစ်နေပါတယ်။ ချင်းက အသစ်ထွက်လို့အ၀င်ရှိနေပေမယ့် နန္တင်းကတော့ အသစ်မထွက်သေးလို့ အဟောင်းတွေသာ အရောင်းအ၀ယ်ဖြစ်နေပြီး စျေးကွက်မှာလည်း အ၀င်သိပ်မရှိဘူးလို့ သိရပါတယ်။ လက်ကျန်တွေရှိနေတာကြောင့် ၀ယ်လက်တွေကို စောင့်နေရတယ်လို့နန္တင်းပွဲရုံတွေထံမှသိရပါတယ်။ ဟိုပုံးစျေးကွက်မှ နန္တင်းကတော့ တစ်လမှာ တစ်ကြိမ်ခန့်သာ ပြည်ပတင်ပို့ဖို့အတွက် မူဆယ်၀ယ်လက်တွေက အ၀ယ်ရှိနေတယ်လို့လည်း ဆိုပါတယ်။ပြီးခဲ့တဲ့တစ်ပတ်ကတော့ မူဆယ်၀ယ်လက်တွေက ပိသာချိန် နှစ်သောင်းခွဲခန့် ၀ယ်ယူခဲ့တယ်လို့သိရပါတယ်။ လောလောဆယ်မှာတော့ ပြည်တွင်း၀ယ်လက်တွေက သိပ်မရှိပါဘူး။ အရည်အသွေးပေါ်မူတည်ပြီး ၀ယ်ကြတာကြောင့် ဟိုပုံးနန္တင်းစျေးကွက်မှာတောင် ဆင်တောင်နန္တင်းလောက် အရည်အသွေးကောင်းရင် တစ်ပိသာ ကျပ် ၃၀၀၀ စျေးပေါက်နေပါတယ်။ အညံ့စတွေကတော့ တစ်ပိသာ ကျပ် ၁၁၅၀ စျေးသာရှိပါတယ်။

အောင်ပန်းစျေးကွက်မှာတော့ ပြည်ပ၀ယ်လက်ထက် ပြည်တွင်း၀ယ်လက်သာရှိပါတယ်။ ချင်းကို၀ယ်ယူရင်း နန္တင်းကိုလည်း ၀ယ်ယူနေတာကြောင့် ချင်း၀ယ်လက်တွေဖြစ်တဲ့ တပ်ကုန်း၊ ပြည်၊ ရန်ကုန်၀ယ်လက်တွေသာ အ၀ယ်ရှိနေပါတယ်။ တစ်ပတ်အတွင်းမှာ နန္တင်းပိသာချိန်ပေါင်း ၎င်းသောင်းခန့်အရောင်းအ၀ယ်ဖြစ်ခဲ့တယ်လို့လည်းသိရှိရပါတယ်။ ဒီတစ်ပတ်အောင်ပန်းစျေးကွက်မှာ နန္တင်းတစ်ပိသာကို အနိမ့်ဆုံးကျပ်၁၁၀၀မှ အမြင့်ဆုံးကျပ်၄၀၀၀စျေးရှိပါတယ်။ **ဧခိုင်၊ တောင်ကြီး**

ပင်လယ်ရေကြောင်း နန္တင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆၀၀၀၀ ကျော်ဝင်

အောက်တိုဘာ ၂၉ရက်မှ နိုဝင်ဘာ ၄ ရက်အထိ သီတင်းပတ်အတွင်း နန္တင်း(ရှမ်းစ)၂၂၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၆၁ တန်၊ ပါကစ္စတန်နိုင်ငံသို့ ၅၄ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၁ ၂ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နန္တင်းတစ်တန်ပျမ်းမျှ အမေရိကန်ဒေါ်လာ၇၀၀-၇၅၀ ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်နန္တင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆၀စ၊၆၅ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

ကြက်သွန်ဖြူ

ရှမ်းကြက်သွန်ဖြူ အရောင်းအ၀ယ်အေးနေ

ရှမ်းကြက်သွန်ဖြူလည်း အရောင်းအ၀ယ်အေးနေပါတယ်။ ပြန်လည်စိုက်ပျိုးဖို့လုပ်နေကြတာကြောင့် စျေးကွက်မှာလည်း အ၀င်နည်းနေပါတယ်။ အောက်တိုဘာမှာ စိုက်ပျိုးရမှာဖြစ်ပေမယ့် မိုးမပြတ်တာကြောင့်မစိုက်ရဘဲ နိုဝင်ဘာရောက်မှသာ ပြန်ပြီး စိုက်ရတယ်လို့ဒေသခံတောင်သူတွေထံမှသိရှိရပါတယ်။

ရှမ်းကြက်သွန်ဖြူကိုတော့ ဒေသတွင်း စားသုံးမှုသာများပါတယ်။တောင်ကြီးခရိုင်ကထွက်တဲ့ ရှမ်းကြက်သွန်ဖြူက ဒေသတွင်းနဲ့ မြန်မာပြည်အနှံ့ကို စီးဆင်းပေမယ့် လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်ကထွက်တဲ့ခရမ်းစွဲ ကြက်သွန်ဖြူကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ကြပါတယ်။

တောင်ကြီးခရိုင်ကထွက်တဲ့ ကြက်သွန်ဖြူများအနက် တောင်ကြီးမြို့နယ်ကထွက်တဲ့ ကြက်သွန်ဖြူထက် ကလောမြို့ နယ်ကထွက်တဲ့ ကြက်သွန်က ပိုပြီးမာကျောလို့ အထားလည်းပိုခံပြီး စျေးကလည်း ပိုပါတယ်။

ဒီတစ်ပတ်တောင်ကြီးစျေးကွက်မှာ ကြက်သွန်ဖြူတစ်ပိသာလျှင်(လက်ခြား) ကျပ်၁ ၂၅၀၊(ထူး-၁)ကျပ်၁၃၅၀၊(ထူး-၂) ကျပ် ၁၅၅၀၊ (ထူး-၃) ကျပ် ၂၀၀၀၊(ထူး-၄) ကျပ် ၂၄၀၀စျေးရှိပြီး အောင်ပန်းစျေးကွက်မှာ ကြက်သွန်ဖြူ တစ်ပိသာလျှင် အနိမ့်ဆုံးကျပ် ၂၀၀၀ မှ အမြင့်ဆုံးကျပ် ၂၆၀၀ စျေးရှိပါတယ်။

ဧခိုင်၊ တောင်ကြီး

ချင်း

မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ချင်းခြောက်တင်ပို့

အောက်တိုဘာ ၂၈ရက်မှ နိုဝင်ဘာ ၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၃၆၉၅ တန်ဖိုးရှိ ချင်းခြောက် ၁၁တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်ရဲ့မိမိဘက်ပေါက်စျေးမှာ(ငွေလဲနှုန်းအရ)ကျပ်၁၆၈၈၂၂၀ စျေးရှိပြီး ယခင်နှစ်ကာလတူက ၁၄၂၄၃၇၅ ကျပ် ဝန်းကျင်စျေးရှိခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင်**

ရှမ်းချင်း အ၀င်များလာ

အောင်ပန်းစျေးကွက်မှာတော့ ချင်းအ၀င်များလာပါတယ်။ အောက်တိုဘာလကစပြီး ပင်လောင်းမြို့နယ်၊ တီကျစ်ကျေးရွာနဲ့ ပင်းတယမြို့နယ်၊ တောင်ပို့လကျေးရွာတွေက ချင်းအသစ်တွေစပြီး ဝင်လာပါတယ်။ စျေးကွက်မှာက ချင်း(ဥမ)လက်ကျန်တွေကလည်း ကျန်ရှိနေသေးလို့ချင်းလက်ကျန်တွေက အတော်များနေတယ်လို့လည်း သိရပါတယ်။ ချင်းတက်ကတော့ အထားခံလို့ လျှောင်လက်တွေက ပိုပြီးကြိုက်နှစ်သက်ကြပါတယ်။ ရှမ်းချင်းကတော့ ပြည်ပ၀ယ်လိုအားမရှိရင်လည်း မြန်မာနိုင်ငံတစ်ဝန်းသုံးစွဲမှုရှိတာကြောင့် ပြည်တွင်းသုံးအနေနဲ့လည်း အရောင်းအ၀ယ်ဖြစ်ပါတယ်။ ပြည်ပ၀ယ်လက်၀ယ်ယူသလို ဖြုန်းအားမများပေမယ့် တစိမ့်စိမ့်တော့ ရောင်းနေရတဲ့ပစ္စည်းဖြစ်တယ်လို့လည်းသိရပါတယ်။

ဒီတစ်ပတ်ရှမ်းချင်းကတော့ ပေါ်ကာစဖြစ်လို့ ချင်း(သစ်)တွေကို လျှောင်လက်တွေဖြစ်တဲ့ပွဲရုံတွေကသာ ၀ယ်ယူနေပါတယ်။ ချင်းသစ်တွေကတော့ ငါးရက်တစ်စျေးကိုပိသာချိန် ငါးထောင်မှ တစ်သောင်းခန့်အထိ အ၀င်ရှိနေတယ်လို့လည်း သိရပါတယ်။

အောင်ပန်းချင်းကိုတော့ ရန်ကုန်၊ တပ်ကုန်း၊ ပြည်၊ မုံရွာ စတဲ့မြို့တွေကတော့ ပုံမှန်၀ယ်ယူနေပါတယ်။တစ်ပတ်အတွင်းမှာလည်း ချင်းပိသာချိန်ပေါင်း ၁ ဒသမ ၂၅သိန်း အရောင်းအ၀ယ်ဖြစ်ခဲ့ပါတယ်။အောင်ပန်းစျေးကွက်မှာချင်းတစ်ပိသာစျေးနှုန်းကတော့ အနိမ့်ဆုံးကျပ် ၃၇၀ မှ အမြင့်ဆုံးကျပ် ၃စ၀ စျေးရှိပါတယ်။ ချင်းခြောက်လည်းအရောင်းအ၀ယ်အနည်းငယ်ဖြစ်နေပြီး တစ်ပတ်အတွင်းမှာ ပိသာချိန်ပေါင်းသုံးသောင်းခန့် အရောင်းအ၀ယ်ဖြစ်ခဲ့တယ်လို့လည်းသိရပါတယ်။ စျေးနှုန်းကတော့ တစ်ပိသာကျပ် ၁၀၀၀စျေးရှိပါတယ်။

ဧခိုင်၊ တောင်ကြီး

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ယခုနှစ် (၇)လအတွင်း ဆန်၊ ဆန်ကွဲ တင်ပို့မှု

တန်ချိန် ၁ ဒသမ ၈၆ သန်းကျော်တင်ပို့ပြီး စံချိန်သစ်တင်

ကြည်သာသစ်နိုင်

မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံ ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လယ်ယာထွက်ကုန်များ စျေးကွက်ထိုးဖောက်နိုင်ရေးအပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၃ ရက်အထိ ဆန်တင်ပို့နိုင်မှုဟာ အမေရိကန်ဒေါ်လာ ၅၅၈ ဒသမ ၁၄၃ သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၁ ဒသမ ၈၆ သန်း တင်ပို့နိုင်ခဲ့ပြီး ကာလတူ ဆန်တင်ပို့မှုကို နှိုင်းယှဉ်ပါက ၂၀၁၆ ခုနှစ်က တန်ချိန် သုည ဒသမ ၆၁၂ သန်း တင်ပို့ခဲ့တာကြောင့် ၂၀၁၇ ခုနှစ်မှာ ဆန်တန်ချိန် ၁ ဒသမ ၂၅ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံသမိုင်းတစ်လျှောက်(၇)လ တာကာလအတွင်းမှာ ပမာဏအများဆုံး တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အဓိကထွက်ကုန်ပစ္စည်းများစွာရှိသည့်အနက် မြန်မာ့ဆန်ဟာ တစ်ချိန်တစ်ခါက ကမ္ဘာ့စျေးကွက်မှာ နေရာရခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် သတင်းကျော်စောခဲ့ ကမ္ဘာသိခဲ့တဲ့ မြန်မာ့ဆန်ကို အဓိကဦးစားပေးစိုက်ပျိုးပြီး ကမ္ဘာ့စျေးကွက်မှာ ပြန်လည်ထိုးဖောက်နိုင်မယ်ဆိုပါက လယ်ယာကဏ္ဍဟာ တစ်ခေတ်ဆန်းသစ်လာနိုင်သလို နိုင်ငံရဲ့ အဓိက လူဦးရေအဖြစ်ရှိနေတဲ့ တောင်သူလယ်သမားတွေအဖို့ မြေကြီးက ရွှေသီးလာမှာလည်း အမှန်ပင်ဖြစ်ပါတယ်။

နိုင်ငံ့စီးပွားရေးကို ဦးမော့လာစေရေးမှာ ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဟာ အလွန်အရေးပါတဲ့အတွက် စျေးကွက်ရရှိရန် တစ်ဖက်က ကြိုးပမ်းနေသော်လည်း အဆင့်မီသော ပို့ကုန်များထုတ်လုပ်စိုက်ပျိုးနိုင်ရေးဟာလည်း အရေးကြီးလှပါတယ်။ ကမ္ဘာ့စျေးကွက်အလယ်မှာ မျက်နှာပန်းလှလှ ရောင်းအားတက်ဖို့ အရေးဟာ ကုန်ပစ္စည်းရဲ့အရည်အသွေးနဲ့ တိုက်ရိုက်သက်ဆိုင်မှုရှိတယ်ဆိုတာ အလေးမူသင့်လှပါတယ်။

နိုင်ငံတကာ ဆန်စိုက်ပျိုးထုတ်လုပ်မှုကို FAO (Food and Agriculture Organization of the United Nations) ရဲ့ ၂၀၁၇ ခုနှစ် ဇူလိုင်လ ထုတ်ပြန်မှုကို ဆန်းစစ်ကြည့်ပါက အာရှဒေသရဲ့ ဆန်စိုက်ပျိုးထုတ်လုပ်နိုင်မှုဟာ ၂၀၁၆ ခုနှစ်ကထက် ၂၀၁၇ ခုနှစ်မှာ သုည ဒသမ ၇ ရာခိုင်နှုန်း ပိုမိုတိုးတက်လာပြီး အိန္ဒိယ၊ အင်ဒိုနီးရှားနဲ့ ထိုင်းနိုင်ငံတို့မှာ အဓိကဦးစားပေး စိုက်ပျိုးကြသလို ကမ္ဘောဒီးယား၊ တရုတ်၊ အီရတ်၊ အီရန်၊ လာအို၊ မလေးရှား၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နဲ့ တူရကီတို့မှာလည်း ပိုမိုစိုက်ပျိုးလာနိုင်တယ်လို့ ခန့်မှန်းဖော်ပြထားတာကို တွေ့ရပါတယ်။ ဒါ့ပြင် ၂၀၁၆ ခုနှစ်အတွက် ဆန်စိုက်ပျိုးထုတ်လုပ်မှုမှာ အာဖရိကဟာ အကောင်းဆုံးဖြစ်ခဲ့တာကိုလည်း တွေ့ရပါတယ်။

နိုင်ငံတကာ ဆန်စျေးကွက်အပေါ် FAO က သုံးသပ်ခဲ့ရာမှာ ၂၀၁၇ ခုနှစ်မှာ အိန္ဒိယ၊ မလေးရှား၊ ဗီယက်နမ်တို့ဟာ ဆန်အများအပြား တင်ပို့ရောင်းချလာပြီး မြန်မာနှင့် တရုတ်တို့မှလည်း ဆန်အများအပြား တင်ပို့ရောင်းချလာနိုင်ကြောင်း ဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် ဘရာဇီး နဲ့ မြန်မာနိုင်ငံမှ ဆန်တွေဟာ ကမ္ဘာ့နိုင်ငံတွေရဲ့ စိတ်ဝင်စားမှု ရရှိလာကြောင်းကို ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် FAO ရဲ့ ဖော်ပြချက်အရ မြန်မာနိုင်ငံအနေနဲ့ ဆန်ပိုမိုတင်ပို့ရောင်းချနိုင်ရေးမှာ အလားအလာများစွာရှိနေတာကို သိရှိနိုင်ပါတယ်။

လက်ရှိမြန်မာနိုင်ငံအနေနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး ဆန်နှင့် လယ်ယာထွက်သီးနှံများ ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်နေတာကြောင့် ဆန်တင်ပို့ရောင်းချမှုဟာလည်း ယခင်ကထက်ပိုမိုများပြားလာခဲ့ပြီဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဆန်၊ ဆန်ကွဲ တင်ပို့မှုဟာ ပင်လယ်ရေကြောင်းမှ ၆၉၁၁၃၃၉ ဒသမ ၁၈ တန်၊ နယ်စပ်မှ ၁၀၅၉၄၂၂ ဒသမ ၃၅ တန်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဆန်၊ ဆန်ကွဲ တင်ပို့မှုဟာ ပင်လယ်ရေကြောင်းမှ ၉၈၈၃၈၉ ဒသမ ၅၄၅ တန်၊ နယ်စပ်မှ ၈၇၃၂၂၀ ဒသမ ၃၅၂ တန် တင်ပို့နိုင်ခဲ့တာကြောင့် ဘဏ္ဍာနှစ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ဆန်၊ ဆန်ကွဲ တင်ပို့မှုအနေနဲ့ ပင်လယ်ရေကြောင်းမှတင်ပို့မှု ပိုမိုတိုးတက်လာပြီး နယ်စပ်မှတင်ပို့မှု လျော့နည်းသွားတာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၅၅၃ ဒသမ ၉၆၁ သန်း တန်ဖိုးရှိ ဆန်၊ ဆန်ကွဲ တန်ချိန် ၁၇၅၀၅၆၁ ဒသမ ၅၃ တန်ကို ၅၄ နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၅၅၈ ဒသမ ၁၄၃ သန်း တန်ဖိုးရှိ ဆန်၊ ဆန်ကွဲ တန်ချိန် ၁၈၆၁၆၀၉ ဒသမ ၈၉၇ တန်ကို ၇၈ နိုင်ငံသို့ တင်ပို့နိုင်ခဲ့တာကြောင့် ကမ္ဘာ့နိုင်ငံ အများအပြားမှ မြန်မာ့ဆန်ကို ပိုမိုစိတ်ဝင်စားလာကြောင်းနဲ့ စျေးကွက်ပိုမိုရရှိလာတာကိုလည်း တွေ့ရှိရပါတယ်။

ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့ရာမှာ ဆန်ဖြူ ၅မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၅ မှ ၄၂၀ ကြား၊ ဆန်ဖြူ ၁၀ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ မှ ၃၈၅ ကြား၊ ဆန်ဖြူ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ မှ ၃၃၅ ကြားရရှိပြီး နယ်စပ်မှတင်ပို့ရာမှာ ဆန်ဖြူ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၅ မှ ၄၂၀ ကြား၊ ဆန်ဖြူ ၁၀ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၀မှ ၄၁၅ ကြား၊ ဆန်ဖြူ ၂၅မှတ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၅၀ မှ ၃၅၅ ကြား ရရှိကြောင်း သိရပါတယ်။ နယ်စပ်မှ ဆန်တင်ပို့ရာတွင် ဆန်တစ်တန်ကို သယ်ယူစရိတ်၊ ကုန်တင်ကုန်ချစရိတ်နှင့် အထွေထွေစရိတ် စုစုပေါင်း ကုန်ကျစရိတ် ၄၈၈၄၂၅ ကျပ်ခန့် ကုန်ကျကြောင်းကိုလည်း သိရပါတယ်။ သယ်ယူခကုန်ကျစရိတ်တွေဟာ ပြည်တွင်းလုပ်ငန်းရှင်များ လုပ်ကိုင်ဆောင်ရွက်နေတဲ့ သယ်ယူပို့ဆောင်မှုလုပ်ငန်းတွေဆီကိုသာ စီးဝင်ခြင်းဖြစ်တဲ့အတွက် တစ်ဖက်တစ်လမ်းမှ ဆက်စပ်အကျိုးပြုနေခြင်းပင်ဖြစ်ပြီး နိုင်ငံသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်လာစေပါတယ်။

ထိုင်း၊ ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားနိုင်ငံများမှ အရည်အသွေးမြင့်ဆန်တွေဟာ ပြိုင်ဆိုင်မှုမြင့်မားစွာနဲ့ စျေးကွက်ကို ပိုမိုထိုးဖောက်နိုင်ရေး ဆောင်ရွက်နေချိန်မှာ အရည်အသွေး အလယ်အလတ်မျှသာရှိတဲ့ မြန်မာ့ဆန်အတွက် စျေးကွက်နည်းပါးလှပါတယ်။ ကမ္ဘာ့ဘဏ်က ပြုလုပ်ခဲ့တဲ့ စစ်တမ်းအရ မြန်မာ့ဆန်ဟာ အရည်အသွေးပိုင်းနိမ့်ကျပြီး အထွက်နှုန်းနည်းပါးတဲ့အပြင် ကြိတ်ခွဲမှုအပိုင်းမှာလည်း အလေအလွင့်များရှိလို့ အရည်အသွေးကျဆင်းမှုများ တွေ့ရှိရပြီး၊ ပို့ကုန်တင်ပို့မှုအပိုင်းမှာလည်း အထူးသဖြင့် မိုးရာသီကာလမှာ ကုန်တင်ကုန်ချ ဆိပ်ကမ်းများပြည့်ကျပ်မှု၊ ကုန်ကျ စရိတ်များပြားမှုတို့ကြောင့် ဆန်တင်ပို့ရာတွင် အခက်အခဲဖြစ်ပေါ်စေကြောင်း ဖော်ပြထားပေမယ့် နောင်မဝေးလှတဲ့ကာလများမှာ မြန်မာ့ဆန်ဟာ စျေးကွက်မှာ ပြန်လည်ထိုးဖောက်လာနိုင်ကြောင်းကို ဖော်ပြခဲ့ပါတယ်။

လက်ရှိကာလ မြန်မာ့စီးပွားရေး စျေးကွက်မှာ အိန္ဒိယမှ ပဲတင်ပို့မှုကို ကန့်သတ်လိုက်တဲ့အတွက် ပဲတင်ပို့ရာတွင် အခက်အခဲများ ကြုံတွေ့နေရတာကြောင့် စျေးကွက်ဝင်တဲ့ ပဲအစားထိုးသီးနှံတွေကို စိုက်ပျိုးရမှာဖြစ်ပြီး စျေးကွက်ရရှိနေပြီးဖြစ်တဲ့ စပါးကို တိုးချဲ့စိုက်ပျိုးဖို့ လိုအပ်ပါတယ်။ နွေစပါးစိုက်ပျိုးလျှင် တစ်ဧကအထွက်နှုန်း တင်း ၈၀ မှ ၁၀၀ ကြား ထွက်ရှိနိုင်ပြီး စျေးနှုန်းမှာ ပျမ်းမျှ ကျပ် ၄၀၀၀၀၀-၄၅၀၀၀၀ ကျပ်ခန့် ရရှိနိုင်တာကြောင့် တောင်သူလယ်သမားတွေအတွက် အခွင့်အရေးတစ်ခု ဖြစ်လာနိုင်သဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရေပေးဝေနိုင်တဲ့ဒေသတွေမှာ နွေစပါးစိုက်ပျိုးနိုင်ရေး ဦးစားပေးဆောင်ရွက်နေကြောင်းကိုလည်း သိရှိရပါတယ်။

သို့သော်လည်း နိုင်ငံတကာစျေးကွက်မှာ ယှဉ်ပြိုင်ထိုးဖောက်နိုင်ဖို့အတွက် မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်း၊ အရည်အသွေးထိန်းချုပ်ခြင်း၊ စိုက်ပျိုး ရိတ်သိမ်းခြင်းနှင့် အရည်အသွေးမီ ကြိတ်ခွဲခြင်း၊ ထုပ်ပိုးတင်ပို့မှု ဆောင်ရွက်သည့်အဆင့်အထိ အဆင့်မီနည်းပညာများအသုံးပြုပြီး စိုက်ပျိုးတင်ပို့မှုသာ နာမည်ကောင်းရရှိနိုင်မှာကိုလည်း သတိချပ်သင့်ပါတယ်။

ဒါ့ကြောင့် ဆန်စပါးစိုက်ပျိုးရေးနှင့် တင်ပို့မှု ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ်နှင့် တောင်သူလယ်သမားများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ဆန်ဟာ ရွှေခေတ်ကို ပြန်လည်ရောက်ရှိလာနိုင်မယ်ဆိုတာ ယုံကြည်ရင်း ဆန်စပါးစိုက်ပျိုးတင်ပို့မှုကို အားပေးကူညီကြရန် တိုက်တွန်းတင်ပြလိုက်ပါတယ်။

♦

ဓာတ်ဆီ/ဒီဇယ်

ရေကြောင်းလမ်းမှ ဓာတ်ဆီအဝင်လျော့ပြီး ဒီဇယ်အဝင်ပို

အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၆၂၉၂၆၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၈၈၆၅ ဒသမ ၂၉ နဲ့ အမေရိကန်ဒေါ်လာ ၄၆၄၀၇၆၄၄ တန်ဖိုးရှိ ဒီဇယ် ၉၅၃၆၈ ဒသမ ၈၆ တန်၊ စုစုပေါင်း ၁၂၄၂၃၄ ဒသမ ၁၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း (92) တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၇၄၁၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၂၁၂၄၀ ကျော် ပိုမိုတင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၈၂၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီ တန်ချိန် ၉၃၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့ခဲ့ ပါတယ်။

အောက်တိုဘာ ၂၈ရက်မှနိုဝင်ဘာ၃ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်းဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၇၄၈၀၀ တန်ဖိုးရှိ ဒီဇယ် ၁၇၁၄ ဒသမ ၂၉ တန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၄၂၆၇၄ တန်ဖိုးရှိ ဒီဇယ် ၁၀၅၀ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၁၉၁၀၇ တန်ဖိုးရှိ ဓာတ်ဆီ ၆၄၀ ဒသမ ၇၁၄ တန် တင်သွင်းခဲ့သလို လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Re-Export ဒီဇယ် တန်ချိန် ၁၀၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ရန်ကုန်စျေးကွက်မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊အဆင့်မြင့်ဒီဇယ် ၊အောက်တိန်း (92)နဲ့ (95) မှာ စျေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ စျေးနှုန်းများမှာ ဒီဇယ် ၇၆၅ ကျပ်၊ အောက်တိန်း (92) ၇၆၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၁၀၊ အဆင့်မြင့် ဒီဇယ် ကျပ် ၇၈၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ နိုဝင်ဘာ ၆ ရက်မှာ ဒီဇယ်ဝယ်စျေး ကျပ်၁၅၅၀၀၀၊ ရောင်းစျေး ကျပ် ၁၆၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နိုဝင်ဘာလ ၁၀ ရက်တွင်ဝယ်စျေး စျေးငြိမ်သော်လည်း ရောင်းစျေး ကျပ် ၁၆၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ နိုဝင်ဘာလ ၆ ရက်မှာ ဓာတ်ဆီ ဝယ်စျေး ကျပ် ၁၅၉၀၀၀၊ ရောင်းစျေး ကျပ်၁၆၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နိုဝင်ဘာလ ၁၀ ရက်တွင် ဝယ်စျေး ကျပ် ၁၆၃၀၀၀ ၊ ရောင်းစျေး ကျပ် ၁၆၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်စျေးနဲ့ယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါ စျေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။

မန္တလေးစျေးကွက်မှာ ဓာတ်ဆီရော ဒီဇယ်ပါပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာစျေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၉၀၊ ဒီဇယ် တစ်လီတာ ကျပ် ၇၇၀ ၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၇၉၀ ၊ အောက်တိန်း(92)တစ်လီတာ ကျပ် ၈၀၀ ၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ နိုဝင်ဘာ ၆ ရက်တွင်ဒီဇယ်ဝယ်စျေးကျပ် ၁၅၈၀၀၀၊ ရောင်းစျေး ကျပ် ၁၆၀၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာတစ်ပတ်လုံးဒီစျေးနဲ့အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)စျေးမှာ နိုဝင်ဘာလ ၆ ရက်တွင် ဝယ်စျေး ကျပ် ၁၆၃၀၀၀၊ ရောင်းစျေးကျပ် ၁၆၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နိုဝင်ဘာ ၁၀ ရက်တွင်ဝယ်စျေး ကျပ် ၁၆၅၀၀၀၊ ရောင်းစျေး ကျပ် ၁၆၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်စျေးနဲ့ ယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီပါစျေး နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

မော်လမြိုင်စျေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး စျေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ် ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၀၀ ၊ အောက်တိန်း(92) ကျပ် ၇၉၀၊ အောက်တိန်း (95) ကျပ် ၈ ၂၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၆၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ်၃၆၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

MIRT-DOT

ပြည်တွင်းရွှေစျေးများ အနည်းငယ်ပြန်လည်မြင့်တက်လာ

ပြီးခဲ့သည့်ရက်သတ္တသုံးပတ်ဆက်တိုက် ကျဆင်းခဲ့သည့် ပြည်တွင်းရွှေစျေးများသည် ယခုတစ်ပတ်တွင် အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ပြည်တွင်းရွှေစျေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေစျေးများ ကျဆင်းလာခြင်းကြောင့် ပြည်တွင်းရွှေစျေးများ ကျဆင်းလာခြင်းဖြစ်ပြီး ယခုတစ်ပတ်တွင် ကမ္ဘာ့ရွှေစျေးများ အနည်းငယ်ပြန်လည်မြင့်တက်လာသဖြင့် ပြည်တွင်းရွှေစျေးများ ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရွှေစျေးက သုံးပတ်ဆက်တိုက် ကျဆင်းခဲ့တာဖြစ်တဲ့အတွက် ဒီတစ်ပတ်မှာ ပြန်တက်လာခဲ့တာပါ။ စျေးပြန်တက်လာတဲ့အတွက် စျေးကွက်ထဲမှာ နည်းနည်းတော့ လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားတယ်။ အရောင်းအဝယ်တွေ ပြန်ဖြစ်လာတာပါ။ ကမ္ဘာ့ရွှေစျေးက ပြန်တက်လာတဲ့အတွက် ပြည်တွင်းရွှေစျေးလည်း ပြန်ပြီးတက်လာတာပါ"ဟု ရွှေကုန်သည်တစ်ဦးက သုံးသပ်ခဲ့သည်။

ပြည်တွင်းရွှေစျေးများ အနည်းငယ်ပြန်လည်မြင့်တက်လာသဖြင့် သုံးပတ်ဆက်တိုက် အရောင်းအဝယ်အေးခဲ့သည့် ပြည်တွင်းရွှေစျေးကွက်တွင် အရောင်းအဝယ်များ ပြန်ဖြစ်လာခဲ့သည်။ ပြည်တွင်းရွှေစျေးကွက်တွင် နိုဝင်ဘာ ၆ ရက်က ကျပ် ၉၂၉၀၀၀ ရှိခဲ့ပြီး နိုဝင်ဘာ ၉ ရက်တွင် ကျပ် ၉၃၀၀၀၀ သို့မြင့်တက်ခဲ့သည်။ နိုဝင်ဘာ ၁၀ ရက်တွင် ကျပ် ၉၃၂၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေစျေးကွက်တွင် နိုဝင်ဘာ ၆ ရက်က အမေရိကန်ဒေါ်လာ ၁၂၆၈ ရှိခဲ့ပြီး နိုဝင်ဘာ ၉ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၈၁ သို့ မြင့်တက်ခဲ့သည်။ နိုဝင်ဘာ ၁၀ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၈၆ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။

မယ်သီတာ

ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်မြင့်တက်လာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ငြိမ်သက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ငွေလဲစျေးကွက်အတွင်းမှ စုံစမ်းသိရှိရ သည်။

ငွေလဲနှုန်းများ အနည်းငယ် မြင့်တက်လာသော်လည်း စျေးကွက်အတွင်း အရောင်းအဝယ်မှာ ပုံမှန်အတိုင်းသာရှိနေကြောင်း၊ တန်ဆောင်တိုင်ပတ်ရက်အရှိန်ကြောင့် စျေးကွက်အတွင်း အရောင်းအဝယ်များ အေးနေခဲ့ပြီး ယင်းအရှိန်ကြောင့် ယခုတစ်ပတ်တွင်လည်း အရောင်းအဝယ်မှာပုံမှန်အတိုင်းသာရှိနေကြောင်း သိရသည်။

"ဒီတစ်ပတ်မှာ စျေးနည်းနည်းမြင့်လာတယ်။ စျေးမြင့်လာပေမယ့် စျေးကွက်ထဲမှာ အရောင်းအဝယ်က ပုံမှန်အတိုင်းပဲရှိနေပါတယ်။ ပိတ်ရက်အရှိန်ကြောင့်လည်း ပါပါတယ်။ ဒါပေမယ့် သောကြာနေ့စျေးပိတ်ချိန်မှာတော့ အရောင်းအဝယ်နည်းနည်းသွက်ပါတယ်"ဟု စျေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ဆိုသည်။

ဗဟိုဘဏ်ကလည်း ယခုတစ်ပတ်အတွက် ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၆၆ ကျပ်ဟု သတ်မှတ်ထားသည်။

ပြည်တွင်းငွေလဲစင်တာများတွင် နိုဝင်ဘာ ၆ ရက်က အမေရိကန် တစ်ဒေါ်လာလျှင် ရောင်းစျေး ၁၃၅၅ ကျပ် ဝယ်စျေး ၁၃၅၃ကျပ်ရှိခဲ့ပြီး နိုဝင်ဘာ ၉ ရက်တွင် ရောင်းစျေး ၁၃၅၇ ကျပ်၊ ဝယ်စျေး ၁၃၅၆ကျပ်သို့ မြင့်တက်ခဲ့ သည်။ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရောင်းစျေး ၁၃၅၈ ကျပ်၊ ဝယ်စျေး ၁၃၅၆ ကျပ်သို့ မြင့်တက်ခဲ့သည်။

မယ်သီတာ

ပဲခူးမြို့တွင် စတော့အိတ်ချိန်းစျေးကွက်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် MESC မှ ကြီးမှူး၍ စတော့အိတ်ချိန်းစျေးကွက်ဆိုင်ရာဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက်တွင် ပဲခူး အမှတ် (၂၅၂)၊ ရန်ကုန်-မန္တလေးလမ်း၊ ဥဿမြို့သစ် (၉)ရပ်ကွက်၊ ပဲခူးမြို့ရှိ ဥဿကျော်စားသောက်ဆိုင်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို အများပြည်သူတို့အကြား စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သော အသိပညာ ဗဟုသုတများ တိုးပွားလာစေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန် စတော့အိတ်ချိန်း၌ စာရင်းတင်သွင်းရောင်းချနေသော စတော့ရှယ်ယာများအား အရောင်းအဝယ် ပြုလုပ်လိုသူများ တက်ရောက်ရန် အသင့်တော်ဆုံးဖြစ်ကြောင်း သိရသည်။

Currency Exchange Rate

November 10, 2017
Base Currency is
United States Dollar - USD

Currency Unit		Units per USD
AUD	Australia Dollars	1.30
BDT	Bangladesh Taka	83.25
CAD	Canada Dollars	1.27
CNY	China Yuan Renminbi	6.64
EUR	Euro	0.86
H KD	Hong Kong Dollars	7.80
I NR	India Rupees	65.04
I DR	Indonesia Rupiahs	13523.81
JPY	Japan Yen	113.36
MYR	Malaysia	4.19
PKR	Pakistan Rupees	105.05
PHP	Philippines Pesos	51.19
RUB	Russia Rubles	59.32
SGD	Singapore Dollars	1.36
KRW	South Korea Won	1117.29
LKR	Sri Lanka Rupe	153.62
THB	Thailand Baht	33.09
GBP	United Kingdom Pounds	0.76
VND	VietnamDon	22685.08

Source:xe.com

World Gold Price

November-2017 (USD/OZ)

Date	NY	London	Zurich
6	1267	1268	1268
7	1282	1281	1281
8	1281	1280	1280
9	1287	1285	1285
10	1289	1287	1287

Domestic Gold Price

Kyats(Thousand)

Date	Yangon	Mandalay
6-11- 2017	927.00	927. 00
7-11-2017	930.00	929.50
8-11- 2017	930.30	930.00
9-11-2017	932.00	931.70
10-11- 2017	933.00	932.80

နယ်စပ်ငွေလဲလှယ်နှုန်း

နိုဝင်ဘာလ ၂၀၁၇ (1US$)

ရက်	တရုတ် (ယွမ်)	ထိုင်း (ဘတ်)	ဘင်္ဂလားဒေ့ရှ် (တာကာ)	အိန္ဒိယ (ရူပီး)
6	6.63	33.11	83.23	64.61
7	6.63	33.13	83.09	64.63
8	6.64	33.14	83.08	65.11
9	6.63	33.12	83.28	64.91
10	6.64	33.09	83.25	65.04

ဆွေးနွေးပွဲတွင် စတော့ရှယ်ယာ ရောင်းဝယ်မှု ကောင်းမွန်စွာ စတင်လုပ်ဆောင်နိုင်ရန်အတွက် စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှု ဟောပြောပွဲတွင် တက်ရောက်လာကြသူများအနေဖြင့် ငွေချေးသက်သေခံလက်မှတ် စာရင်း (Securities Account) ဖွင့်လှစ်ခြင်း ဝန်ဆောင်မှုကိုပါရရှိမည်ဖြစ်ကြောင်း သိရသည်။

မယ်သီတာ

World Metal Price (US$)

Date	Silver/Oz	Zinc/Ton	Aluminium/Ton	Copper/Ton	Platinum/Oz
6-November	17.11	3252.66	2149.56	6939.96	929.00
7-November	16.98	3204.62	2112.75	6798.90	924.00
8-November	17.02	3215.64	2115.18	6758.35	927.00
9-November	17.06	3218.72	2069.56	6755.01	932.00
10-November	16.99	3239.88	2076.83	6783.69	936.00

Energy NYMEX 10-11-2017

	Price	Change	Change %
WTI Crude Future (USD/bbl.)	57.02	-0.15	-0.26
Brent Crude Futr (USD/bbl)	63.71	-0.22	-0.34
Gasoline Rbob Fut (Cent/gal)	181.01	-0.96	-0.53
Natural Gas Futr (USD/MMBtu)	3.22	0.02	0.69
Heating Oil Futr (Cent/gal)	193.97	-0.71	-0.37

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ဘိလပ်မြေ

ဘိလပ်မြေတန်ချိန် ၂၂၀ကျော်ဝင်

အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ၄ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၃၃၆၃ တန်ဖိုးရှိ ဘိလပ်မြေ ၂၂၇ ဒသမ ၅၆၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၂၇ ဒသမ ၅၆၆ တန်နဲ့ ထိုင်းနိုင်ငံမှ တန်ချိန် ၂၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ တန်ချိန်၁၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာဘိလပ်မြေတန်ချိန် ၁၀၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အောက်တိုဘာ ၂၈ရက်မှ နိုဝင်ဘာ၃ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၂၄၉၀တန်ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၉၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၄၆၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှအဝင်လျော့ခဲ့ပါတယ်။

ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၅၀၀၊ ဆင်(ထိုင်း) ကျပ် ၅၅၅၀၀၊ ကြံ(မြိုင်ကလေး) ကျပ် ၄၈၅၀၊ စိန်(ထိုင်း) ၅၂၂၅ ကျပ်နဲ့အရောင်းအဝယ် ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

မန္တလေးဘိလပ်မြေဈေးကွက်မှာ ဒီတစ်ပတ်အရောင်းအဝယ်ကောင်းပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ခရောင်းဘိလပ်မြေ ကျပ် ၅၂၀၀၊ကြံ့နှစ်ကောင် ကျပ်၄၈၀၀၊ အယ်လ်ဖာကျပ်၄၈၀၀၊ ဆင်မင်း(ကျောက်ဆည်) ကျပ် ၃၉၀၀၊ ခရောင်း ကျပ် ၅၂၀၀၊ ကျားခေါင်း ကျပ် ၄၂၀၀၊ မော်လမြိုင်ဆင် ကျပ် ၆၇၀၀၊ ဆင်(ထိုင်း) ကျပ် ၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

မကွေးဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ဒီတစ်ပတ် ကြံ့ဘိလပ်မြေ၊ စိန်(ထိုင်း)နဲ့ဆင်(ထိုင်း)ဘိလပ်မြေများက ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၇၀၀၊ဆင်(ထိုင်း)ကျပ် ၆၁၀၀၊ စိန်(ထိုင်း) ကျပ်၆၁၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

တောင်ကြီးဈေးကွက်မှာ ရာသီဥတုကောင်းတာကြောင့် အရောင်းအဝယ်ကောင်းပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါခြို ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

ဓာတ်မြေသြဇာ

ဒီတစ်ပတ်ရေလမ်းမှ မြေသြဇာအဝင်နည်း

အောက်တိုဘာလ ၂၉ ရက်မှ နိုဝင်ဘာ ၄ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၃၁၅၃၃၄တန်ဖိုးရှိ မြေသြဇာ ၁၂၁၈၃ ဒသမ ၈၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၉၇၀၅ တန်၊ အိန္ဒိယနိုင်ငံမှ ၂၁ ဒသမ ၅၀ တန်၊ အီရန်နိုင်ငံမှ ၁၀၅၀ တန်၊ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀၊ မလေးရှားနိုင်ငံမှ ၉၂ တန်၊ နော်ဝေးနိုင်ငံမှ ၁၄၆ ဒသမ ၉၇၊ ပါကစ္စတန်နိုင်ငံမှ တန်ချိန် ၄၂၀နဲ့ ထိုင်းနိုင်ငံမှ ၂၄၈ ဒသမ ၃၅ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၂၃၄၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၃၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယားဆာလဖိတ်၊ အမိုးနီးယားကလိုရိုဒ်၊ ယူရီးယား၊ ပိုတက်၊ ကွန်ပေါင်း (၁၂း၁၁း၁၈) တို့တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ရော်ဘာစိုက်ပျိုးရေးအတွက် မြေသြဇာများတင်သွင်းခဲ့တယ်လို့သိရပါတယ်။

မော်လမြိုင်မြေသြဇာဈေးကွက် အရောင်းအေး

အောက်တိုဘာ ၂၉ရက်မှ နိုဝင်ဘာ ၄ရက်အထိသီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ မြေသြဇာအဝင်မှာတန်ချိန် ၁ ၂၁၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၂၃၄၈၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၃၀၀ ကျော်အဝင်လျော့ခဲ့ပါတယ်။ အောက်တိုဘာလ ၂၈ရက်မှ နိုဝင်ဘာ ၃ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၃၄၉၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၉၀၁၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၄၈၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းမှ အဝင်လျော့ပြီး နယ်စပ်လမ်းမှ မြေသြဇာအဝင်ပိုခဲ့ပါတယ်။ပြည်တွင်းဈေးကွက်များဖြစ်တဲ့မော်လမြိုင်နဲ့မကွေးမှာ အရောင်းပုံမှန်ရှိပြီး တောင်ကြီးနဲ့မန္တလေးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

မော်လမြိုင်ဈေးကွက်မှာ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာကွန်ပေါင်း၁၅ ပတ်လည်(အစိမ်း)နဲ့(ပန်းရောင်)က ဈေးနည်းနည်းမြင့်လာပြီး ကျန်မြေသြဇာများက ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၂၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း ၁၅(ထိုင်း)ကျပ် ၄၀၅၀၀၊ကွန်ပေါင်း (ပန်းရောင်)ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၂၀၀၀၊ တီစူပါ ၁၆%(မြှားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

မကွေးဈေးကွက်မှာအရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် သီးစုံ(ဝါစိမ်းပြာ) ဈေးအနည်းငယ်ကျပြီး အာမို ၁၅ ပတ်လည်နဲ့ ယူရီးယား-ပုလဲ(ပန်းဖူး)ကျပ် ၅၀၀ ဈေးမြင့်ကာ ကျန်မြေသြဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြှားကမ္ဘာ -တရုတ် (၁ း၁၃) ကျပ် ၁၅၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ အာမို ၁۶း၁۶း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၅၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၃၃၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၃ ၂၀၀၊ ဇာမဏီ ကျပ် ၁၇၈၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၃၃၀၀၊ တောင်သူမ ကျပ် ၁၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

တောင်ကြီးဈေးကွက်မှာမြေသြဇာအရောင်းပါးတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ယူရီးယားနဲ့တီစူပါ က ဈေးအနည်းငယ်မြင့်ပြီး ယူအေအီးက ဈေးအနည်းငယ်ကျကာ ကျန်မြေသြဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၄၂၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄ ၂၀၀၊ တီစူပါ ၂၀% (တရုတ်)ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂ ၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁۶၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၃၅၀၀ ၊ မြှားကမ္ဘာကျပ်၁۶၀၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

မန္တလေးဈေးကွက်မှာ အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၃၀၀၀၊ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၃၀၀၀၊ တီစူပါ၄۶% ကျပ် ၂၀၁၀၀၊ မြှားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံကျပ်၁၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁۶၅၀၀၊ မြှားကမ္ဘာ ကျပ် ၁၄၈၀၀၊ သံကွင်း-ကွန်ပေါင်း(၁၅း၅း၅) ကျပ် ၁۶ ၂၀၀၊ကွန်ပေါင်း ၁၅ပတ်လည် ကျပ် ၃၇၀၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

နို့ဆီ/နို့မှုန့်

ဒီတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်လျော့

အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာလ ၄ ရက် အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၃၄၅၅ တန်ဖိုးရှိ နို့ဆီ ၂၆ ၂ဒသမ၆၅၆တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အိုကေနို့ဆီ ၂၁၈ ဒသမ ၈၈၀ တန်နဲ့ **COWBELL** နို့ဆီ ၄၃ ဒသမ ၇၇၆ တန်တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၃၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့ဆီ ၄၄ တန်ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ ဩစတြေးလျနိုင်ငံမှ ၃ ဒသမ ၇၅ တန်၊ မလေးရှားနိုင်ငံမှ ၆၃ ဒသမ ၀၁၄ တန်၊ နယူးဇီလန်နိုင်ငံမှ ၃၉ ဒသမ ၇၄၅ တန်၊ စင်ကာပူနိုင်ငံမှ ၁၁ ဒသမ ၅၄၅ တန်၊ စုစုပေါင်း ၁၁၈ ဒသမ ၀၅၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၂၃၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါ အဝင်လျော့နည်းခဲ့တယ်လို့သိရပါတယ်။

ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

စဉ်	စခန်းအမည်	ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၁၀ မှ ၃/၁၁	ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၁၀ မှ ၂၇/၁၀	နှိုင်းယှဉ်ချက် (ပို/လို) +/-	
၁။	မူဆယ်	၅၆၀၅၀	၁၀၅၀၀၀	(-)	၄၈၀၉၀
၂။	လွယ်ဂျယ်	၄၅၀၀၀	၄၂၀၀၀	(+)	၃၀၀၀
၃။	ချင်းရှေဟော်	-	-		-
၄။	ကန်ပိုက်တီ	၁၉၃၉၀၀	၁၄၃၃၀၀	(+)	၅၀၂၀၀
၅။	တာချီလိတ်	-	၁၀၀၀၀	(-)	၁၀၀၀၀
၆။	မြဝတီ	-	-		-
၇။	ကော့သောင်း	၅၀၀၀	-	(+)	၅၀၀၀
၈။	မြိတ်	-	-		-
	စုစုပေါင်း	၂၄၉၅၀	၂၉၆၂၀	(-)	၄၆၆၀၉၀

ဖော်ဖော်အောင်

ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

စဉ်	စခန်းအမည်	ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၈/၁၀ မှ ၃/၁၁	ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၁/၁၀ မှ ၂၇/၁၀	နှိုင်းယှဉ်ချက် (ပို/လို) +/-	
၁။	မူဆယ်	၁၀၂၉၇၀၄၀	၆၈၃၄၀၄၅	(+)	၃၄၆၂၀၉
၂။	လွယ်ဂျယ်	၇၄၀၀	၃၁၀၀၀	(-)	၂၃၆၀၀
၃။	ချင်းရှေဟော်	၁၂၄၇၀၉	၆၉၂၀၂၅	(+)	၅၅၅၀၇
၄။	ကန်ပိုက်တီ	၅၆၀၀	-	(+)	၅၆၀၀
၅။	မြဝတီ	၄၉၄၀၂၆	၃၇၆၀၈	(+)	၁၀၇၀၃
၆။	ကော့သောင်း	-	၇၀၀	(-)	၇၀၀
၇။	မြိတ်	-	၇၀၀	(-)	၇၀၀
၈။	ရိုဒ်	၈၂၅၀၇	၆၅၅၀၂	(+)	၁၇၀၀
	စုစုပေါင်း	၁၃၄၉၉၀၃၆	၉၀၁၈၀၈၃	(+)	၄၄၈၀၀၅

ခင်မိုးသူ

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

နှမ်း

ကယားပြည်နယ်တွင် နှမ်းတင်ပို့မှု မျှားစွာလျော့နည်းလာ

၂၀၁၇ ခုနှစ်အတွင်း နှမ်းထွက်ရှိချိန်မှ ယခုနိုဝင်ဘာလ ၈ ရက်အထိ နှမ်းအိတ် စုစုပေါင်း ၄၉၆၇၅ အိတ်၊ တန်ချိန်အားဖြင့် ၂၄၉၄ တန်ခန့် တင်ပို့ထားပြီးကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။ နှမ်းစိုက်တောင်သူများသည် နှမ်းကို ဆောင်းမဝင်ခင်အမီ ရိတ်သိမ်းကြကြောင်း၊ တောင်သူများ၏လက်ထဲတွင် နှမ်းလက်ကျန်နည်းသောကြောင့် နှမ်းတင်ပို့မှုဟာလည်း လျော့နည်းလာရခြင်းဖြစ်ကြောင်း၊ နှမ်းတင်ပို့ရာတွင်လည်း မန္တလေးမြို့ရှိပွဲရုံများသို့သာ အဓိကတင်ပို့ကြကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးရဲ့ပြောပြချက်အရနဲ့ မြို့ဦးဂိတ်စာရင်းများအရ သိရှိရပါတယ်။ ယခုတစ်ပတ်အတွင်း နှမ်းတင်ပို့ရာတွင် နှမ်းအိတ်ပေါင်း ၂၅၉၀ အိတ်၊ တန်ချိန်အားဖြင့် ၁၃၀ တန်ခန့်တင်ပို့ထားရာ ယခင်တစ်ပတ်က တင်ပို့မှုထက် နှမ်းတင်ပို့မှုများ စွာလျော့နည်းလာကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် နှမ်း(ဖြူ) တစ်ပိသာလျှင် ကျပ် ၂၃၀၀၊ နှမ်း(နက်) တစ်ပိသာလျှင် ကျပ် ၂၇၅၀၊ စပ်နုက်နှမ်း တစ်ပိသာလျှင် ကျပ် ၂၇၅၀ စျေးပေါက်ပြီး နှမ်း(ဖြူ)စျေး အနည်းငယ်ကျကာ နှမ်း(နက်)နှင့် စပ်နုက်နှမ်း စျေးအနည်းငယ်တက်လာကြောင်း ကယားကုန်စျေးနှုန်း သတင်းအရ သိရှိရပါတယ်။ **ထွန်းနိုင်လင်း (လွိုင်ကော်)**

ချင်းရွှေဟော်မှ နှမ်းပိုမိုတင်ပို့ပြီး မူဆယ်မှ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၃၀ သန်းတန်ဖိုးရှိ နှမ်းနက်တန် ၃၃၃၀ ခွဲ၊ နှမ်းညို ၂၉၉ တန်ကျော်၊ နှမ်းဖြူ ၆၄၂ တန်၊ နှမ်းဖြူ(အခွံခွာတ်) ၅၁ တန်ကျော်နဲ့ နှမ်းညို(အခွံခွာတ်) ၂၈၉ တန်ကျော် စုစုပေါင်း တန်ချိန် ၄၆၁၄ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၁၄၁ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၄၇၃ တန် ပိုမိုခဲ့ပါတယ်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၆၇၀ သန်းတန်ဖိုးရှိ နှမ်းနက် ၄၃၁ တန်ကျော်၊ နှမ်းညို ၁၀၇ တန်ခွဲနဲ့ နှမ်းဖြူ(အခွံခွာတ်) တန် ၄၀၊ စုစုပေါင်း တန်ချိန် ၅၇၈ တန်ကျော်ကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၂၃၄ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၆၅၆ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ရက်သတ္တပတ်အတွင်း နှမ်းဖြူ တစ်တန်လျှင် ကျပ် ၁၄၀၂၆၅၀ ရှိပြီး နှမ်းနက် တစ်တန်လျှင် ၂၂၁၈၁၄၅ ကျပ်စျေးရှိတယ်လို့ သိရပါတယ်။

မော်မော်အောင်

စားအုန်းဆီ

စျေးကွက်ဝယ်လိုအားကျဆင်းလာမှုကြောင့် မလေးရှား စားအုန်းဆီစျေးနှုန်းများ မြင့်တက်နေရာမှ ပြန်လည်ကျဆင်း

မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်စျေးများသည် စျေးကွက်တွင် ဝယ်လိုအား ကျဆင်းလာမှုကြောင့် စျေးနှုန်းများမြင့်တက်နေရာမှ ပြန်လည်ကျဆင်းလာခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

နိုဝင်ဘာ ၉ ရက်က စားအုန်းဆီ ကြိုရောင်းကြိုဝယ်ပမာဏသည် တစ်ဝက်ခန့်ကျဆင်းခဲ့ရာ နိုဝင်ဘာ ၁၀ ရက်တွင်ထုတ်ပြန်ခဲ့သည့် ကုန်သေတ္တာစာရင်းများအရ ပြည်ပသို့တင်ပို့သည့် ပမာဏနည်းပါးခဲ့ကြောင်း သိရသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် စားအုန်းဆီစာချုပ် ချုပ်ဆိုစျေးနှုန်းများသည် သုညဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ရင်းဂစ် ၂၈၀၉ (အမေရိကန်ဒေါ်လာ ၆၆၈ ဒသမ ၀၁)ရှိခဲ့သည်။

တစ်ရက်တာအတွင်း စားအုန်းဆီစျေးနှုန်းသည် တစ်တန်လျှင် ၂၈၃၇ ရင်းဂစ်သို့ မြင့်တက်ခဲ့ပြီး အဆိုပါစျေးနှုန်းသည် နိုဝင်ဘာ ၂ ရက်ကတည်းက မြင့်တက်ခဲ့သည့်စျေးနှုန်းများအနက် အမြင့်ဆုံးစျေးနှုန်းဖြစ်ခဲ့သည်။

နိုဝင်ဘာ ၁၀ ရက်က ရောင်းချခဲ့ရသည့် စားအုန်းဆီ ပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၄၁၄၀၆ ရှိခဲ့သည်။

"ပို့ကုန်ပမာဏ ကျဆင်းနေတဲ့ အနေအထားကြောင့် စျေးကွက်မှာ စားအုန်းဆီဝယ်လိုအား နည်းနေခဲ့ပါတယ်"ဟု ကွာလာလမ်ပူရှိ ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက နိုဝင်ဘာလ ပထမ ၁၀ ရက်အတွင်း ထုတ်ပြန်ခဲ့သည့် သင်္ဘောတင်စာရင်းကို ပြီးခဲ့သည့်လ ကာလတူနှင့် နှိုင်းယှဉ်ကာသင်္ဘောတင်ပို့မှုစာရင်းကိုရည်ညွှန်း၍ ပြောကြားခဲ့သည်။

ကမ္ဘာ့မြောက်ဘက်ခြမ်းဒေသများတွင် ဆောင်းရာသီသို့ရောက်ရှိနေချိန်ဖြစ်ရာ ယခုနှစ် စတုတ္ထသုံးလပတ်တွင် စားအုန်းဆီစားသုံးမှု ကျဆင်းလျက်ရှိသည်။

အထူးသဖြင့် စားအုန်းဆီ အများအပြား စားသုံးသည့် တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံတို့တွင် အပူချိန်များလျော့ကျလာပြီဖြစ်ရာ စားသုံးမှုလျော့ကျလာသည်နှင့်အမျှ ပြည်ပတင်ပို့မှုလည်း လျော့ကျလာမည်ဖြစ်သည်။

စားအုန်းဆီစျေးကွက် ကျဆင်းလာခြင်းသည် ပဲပုပ်ဆီစျေးကွက်၏ အလှည့်အပြောင်းတစ်ရပ်ပင်ဖြစ်သည်ဟု အခြားသော စားအုန်းဆီကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်လဲလှယ်နှုန်းသည် မြင့်တက်နေသဖြင့် နိုင်ငံခြားဝယ်လက်များအတွက် စားအုန်းဆီစျေးနှုန်းကို ပိုမိုမြင့်မားစေခဲ့သည်။

နိုဝင်ဘာ ၉ ရက် နေ့လယ်ပိုင်းက ရင်းဂစ်နှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းသည် သုည ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ တစ်ဒေါ်လာလျှင် ရင်းဂစ် ၄ ဒသမ ၂၀၅၀ ရှိခဲ့သည်။

ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ဒီဇင်ဘာလအတွက် ပဲပုပ်ဆီစာချုပ် ချုပ်ဆို စျေးနှုန်းသည် သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

အခြားသော ဟင်းရွက်ဆီစျေးကွက်တွင် ဒါလီယံကုန်စည်ဒိုင်၌ ဇန်နဝါရီလအတွက် စားအုန်းဆီစာချုပ်ချုပ်ဆိုစျေးသည် ၁ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်ချိန်တွင် ပဲပုပ်ဆီစာချုပ် ချုပ်ဆိုစျေးနှုန်းသည် သုည ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ **မယ်သီတာ**

ပြည်တွင်းဆီစျေးနှုန်းများ (၁၀-၁၁-၂၀၁၇) ကျပ်/ပိသာ

မြို့အမည်	ပဲဆီ			နှမ်းဆီ			စားအုန်းဆီ		
	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်
နေပြည်တော် (ပျဉ်းမနား)	၅၅၀၀	၅၀၀၀	▽	၄၃၀၀	၄၃၀၀	□	၂၀၀၀	၂၀၀၀	□
ရန်ကုန်	၅၅၀၀	၅၅၀၀	□	၅၀၀၀	၅၀၀၀	□	၁၉၅၀	၁၉၅၀	□
မန္တလေး	၄၅၀၀	၄၅၀၀	□	၃၀၀၀	၃၀၀၀	□	၂၁၀၀	၂၁၀၀	□
ပဲခူး	၅၀၀၀	၅၀၀၀	□	၄၀၀၀	၄၀၀၀	□	၁၉၅၀	၂၀၀၀	△
မကွေး	၄၅၀၀	၄၅၀၀	□	၄၁၀၀	၄၂၀၀	△	၂၁၀၀	၂၁၀၀	□
မုံရွာ	၄၁၀၀	၄၁၀၀	□	၄၀၀၀	၄၀၀၀	□	၂၁၀၀	၂၁၀၀	□
စစ်တွေ	၄၀၀၀	၄၀၀၀	□	၄၀၀၀	၄၀၀၀	□	၂၃၀၀	၂၃၀၀	□

မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) စျေးနှုန်း

၁၀-၁၁-၂၀၁၇ US$/Ton

အမျိုးအစား	အောက်တိုဘာပဋိပတ်	နိုဝင်ဘာပထမပတ်	နှိုင်းယှဉ်ချက်
RBD P.Oil	၆၈၂.၀၀	၆၈၆.၀၀	▽
RBD P.Olein	၆၈၅.၅၀	၆၈၉.၀၀	△
RBD P.Stearin	၆၉၄.၀၀	၆၉၅.၀၀	△

Source: bepi.mpob

ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိသာအရင်းစျေးတွက်ချက်ပုံ (၁၀-၁၁-၂၀၁၇)နေ့

အကြောင်းအရာ	တွက်ချက်နှုန်း	တစ်ပိသာကုန်ကျစရိတ် (ကျပ်)
		Cloud Point 8˚CMax
CIF စျေး	(CIFx USD)/ 612	၁၆၂၉.၃၇
FDA ထောက်ခံစာ	58 .20/ 612	၀.၁၀
သွင်းကုန်လိုင်စင်ကြေး	50/ 612	၀.၀၈
L/C စရိတ်	(CIF x 0.25% x USD)/612	၄.၀၇
Bill စရိတ်	(CIF x 0.50% x USD)/612	၈.၁၅
စားအုန်းဆီအလျော့	0.5% x လက်ကားစျေး	၈.၉၃
ဆီကန်သိုလှောင်ထိန်းသိမ်းခ	5/ -1%	၄.၉၅
ကုန်သွယ်လုပ်ငန်းခွန်	(FOB x USD x 1.0 x 5%)/612	၇၈.၆၈
ဆိပ်ကမ်းခွန်	(50000/ 1000)/612	၀.၀၈
MITS စစ်ဆေးခ (FDA အပါအဝင်)		၀.၆၀
အမြတ်ခွန်	(CIF x 35/-)/ 612	၄၁.၇၅
ဆိပ်ကမ်းကပ်ခ	(3x USD)/ 612	၆.၇၀
	ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး	**၁၇၇၃.၄၅**

မှတ်ချက်။ ၁။ အထက်ပါတွက်ချက်မှုမှာ ၁၀-၁၁-၂၀၁၇နေ့ (CIF စျေး Cloud Point 8 ˚C Max ၇၃၀ ဒေါ်လာနှင့် USD စျေး ၁၃၆၆ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၀-၁၁-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် စျေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာစျေး ၁၃၆၆ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရေထွက်ကုန်ပစ္စည်း ပြည်ပတင်ပို့မှုများ တိုးတက်မှုရရှိနိုင်

မြန်မာနိုင်ငံတွင် ပင်လယ်ကမ်းနီး၊ ကမ်းဝေးနှင့်ကုန်းတွင်း မြစ်၊ ချောင်း၊ အင်း၊ အိုင် ငါးဖမ်းလုပ်ငန်းများနှင့် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများမှရရှိသည့် ရေချို၊ ရေငန် ငါး၊ပုစွန်များကို ပြည်တွင်းစားသုံးမှုအတွက် လုံလောက်စေရုံသာမက ပိုလျှံသည်များကို နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ယခင်ဘဏ္ဍာနှစ်ကာလတူထက် ပို့ကုန်ပမာဏနှင့် တန်ဖိုးများ တိုးမြင့်ရရှိခဲ့ကြောင်း သိရှိရပါသည်။

ငါးလုပ်ငန်းဦးစီးဌာနမှရရှိသည့် စာရင်းများအရ ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ရေထွက်ပို့ကုန် မက်ထရစ်တန် ၂၅၈၉၈၉ ဒသမ ၉၃၈ နှင့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၈ ဒသမ ၄၃၅ သန်းကို ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခင်နှစ်အလားတူ ကာလထက် ပို့ကုန်ပမာဏ ၃၇၃၆၀ ဒသမ ၁၁၆ မက်ထရစ်တန် တိုးမြင့်တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၃၆ ဒသမ ၃၉၀ သန်း ပိုမိုရရှိခဲ့ကြောင်း သိရှိရပါသည်။

ဖော်ပြပါတင်ပို့မှုအရှိန်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံ၏ ရေထွက်ပို့ကုန် ပမာဏသည် ဘဏ္ဍာနှစ်ကုန်ဆုံးသည့် ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၆၅၀ ခန့်ရရှိနိုင်ကြောင်း ခန့်မှန်းရပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု ပမာဏ မက်ထရစ်တန် ၄၃၈၇၀၆ ကို တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၅ သန်းရရှိခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၏ ရေထွက်ပို့ကုန်ပမာဏနှင့် တန်ဖိုးများကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှစတင်၍ ၁၁ နှစ်တိတိ ဖော်ပြပါဇယားအရ လေ့လာသုံးသပ်ရာတွင် ပို့ကုန်ပမာဏနှင့် တန်ဖိုးများမှာ သိသာထင်ရှားစွာ တိုးတက်ခြင်းမရှိခဲ့ပါကြောင်း လေ့လာတွေ့ရှိရပါသည်။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၇၀၀ ရရှိရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်များတွင်သာ အမေရိကန်ဒေါ်လာသန်း ၆၅၀ ကျော် ရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ပို့ကုန်ပမာဏမှာလည်း ၁၀နှစ်အတွင်း မက်ထရစ်တန် လေးသိန်းအောက်သာ တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ်တွင်သာ မက်ထရစ်တန် လေးသိန်းကျော် တိုးမြင့်တင်ပို့နိုင်ခဲ့သော်လည်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၅ သန်းသာရရှိခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

မြန်မာနိုင်ငံနှင့် ရေ၊ မြေ၊ ရာသီဥတု တူညီသည့် အိမ်နီးချင်းထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် ရေထွက်ကုန်ပစ္စည်းများကို ၎င်းတို့၏ နိုင်ငံသားများနှင့် လာရောက်လည်ပတ်ကြသည့် ဧည့်သည်များ၏ စားသုံးမှုအတွက် လုံလောက်စေရုံသာမက ကမ္ဘာ့ဈေးကွက်များသို့ တစ်နှစ်ပြီးတစ်နှစ် တိုးမြင့်တင်ပို့နိုင်မှုကြောင့် ထိုင်းနိုင်ငံသည် ရေထွက်ပစ္စည်းပို့ကုန်ဝင်ငွေမှ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၇၅၀၀ နှင့် ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ သန်း ၇၁၀၀ အသီးသီးရရှိခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

အဆိုပါနှစ်နိုင်ငံသည် နှစ်အလိုက် ရေထွက်ပို့ကုန်ပမာဏနှင့် တန်ဖိုးများတိုးမြင့်ရရှိစေရန် စနစ်တကျစီမံဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် ထိုင်းနိုင်ငံသည် ရေထွက်ပို့ကုန်မှ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ နှင့် ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံရရှိရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသည် သန့်ရှင်းသည့် ရေ၊ မြေ၊ မျှတသည့် ရာသီဥတု အစရှိသော သယံဇာတကောင်းများကို ပိုင်ဆိုင်ထားရှိပြီး ဒေသတွင်း နိုင်ငံများထက် သာလွန်ကောင်းမွန်သည့် အခြေအနေတွင် တည်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းများ (အထူးသဖြင့် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ)ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျ တိုးချဲ့ဆောင်ရွက်စေခြင်းဖြင့် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ ရေထွက်ပို့ကုန်ဝင်ငွေများကဲ့သို့ ရရှိရန် အလားအလာကောင်းများဖြင့် ပြည့်စုံကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်းနှင့် ခေတ်မီ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများကို လိုအပ်သည့် အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်များဖြင့် ဆက်စပ်ဆောင်ရွက်နိုင်ပါက အချိန်တိုအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် နိုင်ငံခြားဝင်ငွေများ အဓိကရှာဖွေပေးနိုင်သည့် လုပ်ငန်းကြီးတစ်ခုဖြစ်စေရုံသာမက နိုင်ငံသားများ၏ ငါးရိက္ခာလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသည့် နိုင်ငံသားများဖြစ်စေရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း သိရှိရပါသည်။

နိုင်ငံတော်အတွင်း ပြုပြင်ပြောင်းလဲခဲ့သည့် နိုင်ငံရေးစနစ်များကြောင့် စီးပွားရေးပိတ်ဆို့အရေးယူမှုများမှ ကင်းလွတ်ခွင့်ရရှိကာ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး(GSP)များ ရရှိနေသည့် ယခုအချိန်အခါတွင် အဆိုပါအခွင့်အရေးများကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်စေခြင်းဖြင့် လက်မလွတ်တမ်းရယူသင့်ပါကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ ချုပ်ထံမှ သတင်းရရှိပါသည်။

ဘဏ္ဍာနှစ်	မက်ထရစ်တန်	အမေရိကန်ဒေါ်လာ(သန်း)
၂၀၀၆-၀۷	၃၄၃၁၂၆ . ၆၁	၄၆၈ . ၁၆
၂၀၀۷-၀၈	၃၅၁၆၅၂ . ၀၅	၅၆၁ . ၀၂
၂၀၀၈-၀၉	၃၂၄۷၃၁၀ . ၅۷	၄၈၃ . ၂۷
၂၀၀၉-၁၀	၃۷၅၀၉၂ . ၄۷	၄၉၆ . ၅၉
၂၀၁၀-၁၁	၃۷۷၈۹၂ . ۷၁	၅၅၅ . ၅၂
၂၀၁၁-၁၂	၃၀၆၉၈၁ . ၃၂	၆၅၃ . ၈၅
၂၀၁၂-၁၃	၃۷၆၈۷၅ . ၆၉	၆၅၂ . ۷၈
၂၀၁၃-၁၄	၃۷۷၅၆۷ . ၃۷	၅۷၃ . ၂۷
၂၀၁၄-၁၅	၄၃۷၆၂ . ၅၉	۷၈၂ . ၆၃
၂၀၁၅-၁၆	၃۷۷ . ၂۷	۷၀၂ . ۷۷
၂၀၁၆-၁۷	၄۷۷۷۷ۆ . ၅၁	۷ۆ . ۷ۆ



ခိုင်သန္ဓာ(MYANTRADE)

ပဲစင်းငုံ ပိုမိုစားသုံးရေးဆီသို့

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်သည် ပဲစင်းငုံအများဆုံး စိုက်ပျိုးထွက်ရှိရာဒေသတစ်ခုဖြစ်ပြီး ၂၀၁၆-၂၀၁၇ခုနှစ်မှာ စိုက်ဧက ၁၀၆၀၀၀ ကျော်စိုက်ပျိုးခဲ့ရာမှ အထွက်တင်းပေါင်း ၈၅၀၀၀၀ ထွက်ရှိခဲ့ပါတယ်။ လက်ရှိမှာ ပဲစင်းငုံအဟောင်းလက်ကျန်တန် ၅၀၀၀ လောက်ကျန်ရှိနေပြီး ၂၀၁၇-၂၀၁၈ ခုနှစ်မှာတော့ ကျောက်ပန်းတောင်းမြို့နယ်မှ ပဲစင်းငုံ စိုက်ဧက ၁၀၃၀၀၀ ကျော်စိုက်ပျိုးထားရှိပြီး ညောင်ဦးခရိုင်တစ်ခုလုံးအနေဖြင့် ပဲစင်းငုံစိုက်ဧက ၁၂၄၀၀၀ ကျော် စိုက်ပျိုးထားရှိပြီးဖြစ်ပါတယ်။ ဒီလို ပဲစင်းငုံစိုက်ဧက အများဆုံးစိုက်ပျိုးတဲ့ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ မြင်းခြံခရိုင်ဦးစီးမှူး ဒေါ်မျိုးသီတာနဲ့အဖွဲ့ဟာ နိုဝင်ဘာလ ၁၁ ရက်မှာ ဆင်တိုင်းကန်အုပ်စု၊ ကြံစို့ကျေးရွာမှာ ပဲစင်းငုံစိုက်တောင်သူအချို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဒီလိုတွေ့ဆုံဆွေးနွေးရာမှာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ၂၀၁၇-ခုနှစ်၊ ဩဂုတ်လလယ်မှာ အိန္ဒိယနိုင်ငံက ပဲတင်သွင်းမှုဆိုင်ရာမူဝါဒအရ ပဲစင်းငုံ၊ မတ်ပဲနဲ့ပဲတီစိမ်းတင်သွင်းမှု ကန့်သတ်လိုက်ကြောင်း၊ ဒါကြောင့် မိမိနိုင်ငံမှ ယခုထွက်ရှိလာမယ့် ပဲစင်းငုံတွေကို ပြည်တွင်းမှာ စားသုံးတတ်လာအောင် ပဲစင်းငုံ စိုက်တောင်သူများသာမက စားသုံးသူပြည်သူများကိုပါ ကျယ်ကျယ်ပြန့်ပြန့် အသိပညာနှင့် နည်းပညာများပေးပြီး စည်းရုံးဆောင်ရွက်သင့်ပါကြောင်း၊ ယခုအခါ ပဲစင်းငုံကို စက်ရုံများနှင့်ချိတ်၍ အခွံခွာတ်ပြီး ခွဲခြမ်းများကို ထုပ်ပိုး၍ အသင့်စားနိုင်အောင်၊ စားကျင့်ရှိအောင် ပြည်တွင်းဈေးကွက်မှာ ဖြန့်ဖြူးရောင်းချလျက်ရှိပါကြောင်း၊ ပြည်တွင်းမှာ ပဲစင်းငုံကိုပိုမိုစားသုံးတတ်အောင် ပဲစင်းငုံချက်နည်း၊ ပြုတ်နည်း၊ စားသုံးနည်းတွေအပြင် ဘယ်လိုအသုံးချရမလဲဆိုတဲ့ နည်းတွေကိုလည်း ဖြန့်ဖြူးပေးဖို့လိုကြောင်း၊ ပဲကြာဆန်လုပ်ငန်းမှာ ပဲစင်းငုံ ၁၅ ရာခိုင်နှုန်း ရောနေကြောင်းတင်း ၁၀၀ မှာ ပဲစင်းငုံ ၁၅ တင်းရောပြီးသုံးနေကြောင်း၊ လာမယ့် ဒီဇင်ဘာလအတွင်း လှည်းကူးမှာ ပဲစင်းငုံချက်နည်း၊ ပြုတ်နည်းသင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချပေးမှာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။ **မိုးသီတာ(မြင်းခြံ)**

၆-၁၁-၂၀၁၇ မှ ၁၀-၁၁-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး			
Sr.No.	**Forms**	**Copies**	**Total Value (US$)**
1	Form A	960	43,925,974.938
2	Form D	82	3,180,534.780
3	Form E	136	7,780,853.370
4	Korea GSP	6	246,482.500
5	Form AK	176	4,792,738.040
6	Form AJ	17	746,160.410
7	Form AI	60	3,620,622.490
8	Form AANZ	21	458,176.630
9	Form DFTP		
Grand Total		**1458**	**64,751,543.158**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

၂၀၂၂ခုနှစ်တွင် တောင်ကိုရီးယားအစိုးရက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌ အလုပ်အကိုင်ပေါင်းနှစ်သိန်းပန်တီးနိုင်ရေးဆောင်ရွက်သွားမည်

တောင်ကိုရီးယားအစိုးရအနေဖြင့် ၂၀၂၂ခုနှစ်တွင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌ အလုပ်အကိုင်သစ် စုစုပေါင်း နှစ်သိန်းခန့် ဖန်တီးပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍတွင် အလုပ်အကိုင်ပေါင်း ၃၂၂၀၀၀နှင့် အစိုးရကဏ္ဍတွင် အလုပ်အကိုင်ပေါင်း ၁၆၈၀၀၀ ကို လာမည့် ငါးနှစ်အတွင်း ဖန်တီးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

အစိုးရကဏ္ဍတွင် သူနာပြုနှင့်သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်မှုလုပ်ငန်းများတွင် အလုပ်အကိုင်များတိုးချဲ့ပေးနိုင်ရန် စီစဉ်လျက်ရှိပြီး ကျန်းမာရေးဆိုင်ရာ လုံခြုံစိတ်ချရမှုရှိရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။

ပုဂ္ဂလိကကဏ္ဍတွင်မူ ဆေးဝါးထုတ်လုပ်ခြင်း၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းကိရိယာများထုတ်လုပ်ခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် အလှကုန်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းစသည့်ကဏ္ဍများတွင် အလုပ်အကိုင်များ ဖန်တီးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။ သမ္မတ၏အလုပ်အကိုင်ဖန်တီးရေးကော်မတီအနေဖြင့်လည်း ကျန်းမာရေးကဏ္ဍတွင် လုပ်ခလစာများ တိုးမြှင့်နိုင်ရေးအတွက် လာမည့်လအတွင်း ကျန်းမာရေးနှင့်ဆေးဝါးဆိုင်ရာ အထူးဆပ်ကော်မတီတစ်ခုဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊
မြန်မာသံရုံး၊ ဆိုးလ်မြို့

တောင်ကိုရီးယားနှင့်အမေရိကန်တို့ လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်အား ပြန်လည်ပြင်ဆင်ရန်အတွက် စတင်ညှိနှိုင်း

တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် နှစ်နိုင်ငံအကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်အား အမေရိကန်ဘက်မှ မေတ္တာရပ်ခံချက်အရ ပြန်လည်ပြင်ဆင်နိုင်ရေး စတင်ညှိနှိုင်းဆွေးနွေးရန် သဘောတူညီခဲ့သည်ဟု ကိုရီးယားကုန်သွယ်ရေးဌာနက ပြောကြားခဲ့သည်။ အဆိုပါသဘောတူညီချက်မှာ တောင်ကိုရီးယားနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဦးဆောင်သည့်အဖွဲ့နှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်တို့တွေ့ဆုံခဲ့စဉ်က ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံအနေဖြင့် လက်ရှိလွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်အား ပိုမိုခိုင်မာစေရန်နှင့် ကိုရီးယား-အမေရိကန် FTA မှ တစ်ဆင့် နှစ်ဦးနှစ်ဘက် အကျိုးအမြတ်ရရှိရေးအတွက် လိုအပ်ချက်များကိုပြန်လည်ပြင်ဆင်သွားမည်ဖြစ်သည်။

ယင်းသို့ ပြန်လည်ပြင်ဆင်နိုင်ရန်အတွက် တောင်ကိုရီးယားနိုင်ငံ၏သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများ ဖြစ်သည့် စီးပွားရေးဆိုင်ရာ ဖြစ်နိုင်ချေ လေ့လာဆန်းစစ်မှု၊ သက်ဆိုင်ရာသဘောထားရယူခြင်းနှင့် လွတ်တော်သို့ တင်ပြအစီရင်ခံခြင်းစသည်တို့ကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ငါးနှစ်သက်တမ်းရှိပြီဖြစ်သည့် ကိုရီးယား-အမေရိကန် FTA အား ကိုရီးယားနှင့်အမေရိကန်ကုန်သွယ်မှုတွင် အမေရိကန်နိုင်ငံအနေဖြင့် ကုန်သွယ်မှုလိုင်ငြေပြနေခြင်းကြောင့် ပြန်လည်ပြင်ဆင်ရန် လိုအပ်သည်ဟုအမေရိကန်သမ္မတကပြောကြားခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ယင်းသို့ကုန်သွယ်မှုလိုင်ငြေပြခြင်းဆိုသည်မှာ နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုအားကောင်းပြီး ကုန်သွယ်မှုများပြား၍ သာဖြစ်ပေါ်ခြင်းဖြစ်သည်ဟု တောင်ကိုရီးယားနိုင်ငံဘက်ကလည်း ပြန်လည်ပြောကြားခဲ့သည်။

အမေရိကန်အနေဖြင့် တောင်ကိုရီးယားနိုင်ငံနှင့် ကုန်စည်ကုန်သွယ်မှုတွင် အမေရိကန်ဒေါ်လာတန်ဖိုး ၂၇ ဒသမ ၇ဘီလီယံ ကုန်သွယ်မှုလိုင်ငြေပြခဲ့ပြီး ဝန်ဆောင်မှုကုန်သွယ်ရေးတွင်မူ ကုန်သွယ်မှုပိုင်ငြေ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံရှိခဲ့သည်။ ကိုရီးယား-အမေရိကန် FTA စတင်အသက်ဝင်ချိန်မှစတင်၍အမေရိကန်နိုင်ငံအတွင်း တောင်ကိုရီးယားရင်းနှီးမြှုပ်နှံမှုတိုးတက်ခဲ့ပြီး အလုပ်အကိုင်ပေါင်း ၄၅၀၀၀ခန့်ကို ဖန်တီးပေးနိုင်ခဲ့သည်။ အဆိုပါ FTA အရ နှစ်နိုင်ငံကုန်သွယ်မှုချဲ့ထွင်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာခြင်းနှင့် စျေးကွက်ပိုမိုရရှိလာခြင်းစသည့် အကျိုးကျေးဇူးများလည်းရှိခဲ့ကြောင်း တောင်ကိုရီးယားကုန်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ သိရှိရသည်။ အခွန်လျှော့ချခဲ့ခြင်း အကျိုးဆက်အဖြစ် တောင်ကိုရီးယားနိုင်ငံ၏မော်တော်ကား၊ စက်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ စိုက်ပျိုးရေးနှင့် ရေထွက်ကုန်များတင်သွင်းမှုများ တိုးတက်လာခဲ့သည်ဟုလည်း ဖော်ပြထားပါသည်။

နိုဝင်ဘာလအတွင်း အမေရိကန်သမ္မတ၏ တောင်ကိုရီးယားနိုင်ငံခရီးစဉ်အတွင်း ထိပ်တန်းစေ့စပ်ညှိနှိုင်းသူများအနေဖြင့် ထပ်မံတွေ့ဆုံနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။အမေရိကန်အစိုးရအနေဖြင့် ယင်းသို့ လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် ပြန်လည်ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်အတွက် လွှတ်တော်သို့ ရက်ပေါင်း ၉၀ ကြိုတင်တင်ပြရန် လိုအပ်ပြီး လာမည့်နှစ် ဇန်နဝါရီခန့်တွင် စေ့စပ်ညှိနှိုင်းခြင်းကို စတင်နိုင်မည်ဖြစ်သည်။

ခင်မျိုးသော်၊ စီးပွားရေးသံမှူး၊
မြန်မာသံရုံး၊ ဆိုးလ်မြို့

၂၀၁၇ခုနှစ်အတွင်း ကျန်ရှိသည့်ကာလများတွင် ကမ္ဘာ့လောင်စာဆီဈေးနှုန်း အနည်းငယ်မြင့်တက်မည်

ကမ္ဘာ့ရေနံတင်ပို့ရောင်းချသည့်နိုင်ငံများသည် ၂၀၁၇ခုနှစ်အတွင်း ရေနံရောင်းချမှုကို တိုးမြှင့်ခဲ့သော်လည်း ကမ္ဘာ့စီးပွားရေးပြန်လည်ကောင်းမွန်၍ လောင်စာဆီဝယ်လိုအား မြင့်တက်လာသဖြင့် ယခုနှစ်၏ကျန်ရှိသည့် ကာလများတွင် ကမ္ဘာ့လောင်စာဆီဈေးနှုန်းသည် အနည်းငယ်မြင့်တက်မည်ဟု ဖော်ပြထားပါသည်။

PTT အများပိုင်ကုမ္ပဏီသည် ကမ္ဘာ့စီးပွားရေးပြန်လည်ကောင်းမွန်လာမှုကို အခြေခံ၍ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၀ မှ ၅၅ ရှိမည်ဟု ယမန်နှစ်နိုဝင်ဘာလက ခန့်မှန်းခဲ့ပြီး စွမ်းအင်ဝန်ကြီးဌာနသည်လည်း ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၂ မှ ၅၂ရှိမည်ဟုခန့်မှန်းခဲ့ပါသည်။

၂၀၁၇ခုနှစ်တွင် ကမ္ဘာ့လောင်စာဆီဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၅၅အထက်ရောက်ရှိမည့်အလားအလာရှိပါသည်။ အကြောင်းမှာ အမေရိကန်နိုင်ငံ၏ လောင်စာဆီလက်ကျန်သည် ရေနံစည်ပေါင်းသန်း ၄၀ အထိ ကျဆင်းလာခြင်း၊ ဆောင်းရာသီတွင် အနောက်နိုင်ငံများရှိအိမ်ထောင်စုများ၏ ရေနံဝယ်လိုအားမြင့်တက်လာခြင်းနှင့် ကမ္ဘာ့စီးပွားရေးပြန်လည်ကောင်းမွန်မှုသည် လောင်စာဆီဝယ်လိုအားကို မြင့်တက်စေခြင်းတို့ဖြစ်ကြောင်း Thai Oil အများပိုင်ကုမ္ပဏီ၏ ဥက္ကဋ္ဌ Atikom Terbsiri ကပြောကြားခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံအချို့၏ရေနံထုတ်လုပ်မှုအခြေအနေမှာ နိုင်ဂျီးရီးယားနိုင်ငံသည် တစ်ရက်လျှင် ရေနံစည်ပေါင်း၁ ဒသမ ၇သန်းနှင့် လစ်ဗျာနိုင်ငံသည် ၁ ဒသမ ၉သန်းအထိ တိုးမြှင့်ထုတ်လုပ်ခဲ့ကြပါသည်။ ကမ္ဘာ့လောင်စာဆီဈေးနှုန်း ဆက်လက်မြင့်တက်လာပါက မြောက်အမေရိကဒေသအနေဖြင့် ရေနံကိုပိုမိုထုတ်လုပ်ရောင်းချလာကြမည်ဖြစ်၍ ကမ္ဘာ့လောင်စာဆီဈေးနှုန်းကို ရိုက်ခတ်နိုင်ပါသည်။

ကမ္ဘာ့စီးပွားရေးပြန်လည်ကောင်းမွန်မှုသည် ရေနံထုတ်လုပ်မှုတိုးမြှင့်လာသကဲ့သို့ ဝယ်လိုအားသည်လည်း တစ်နေ့လျှင် ရေနံစည်ပေါင်းသန်း ၁၀၀ ကျော်အထိရောက်ရှိနိုင်ပါသည်။ သို့သော် ရေရှည်တွင် လျှပ်စစ်မော်တော်ကား အသုံးပြုမှုမြင့်တက်လာသဖြင့် လောင်စာဆီလိုအပ်ချက်ကျဆင်းလာမည်ဖြစ်သည်။ ကမ္ဘာ့လောင်စာဆီဈေးနှုန်းမြင့်တက်၍ ထုတ်လုပ်မှုတိုးတက်လာမည့် တစ်ချိန်တည်းတွင် ကမ္ဘာ့လောင်စာဆီဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ ကို ကျော်လွန်နိုင်ပါသည်။ လာမည့်နိုဝင်ဘာလ ၂၀ ရက်တွင်ကျင်းပမည့် အိုပက်အစည်းအဝေးသည်အဖွဲ့ဝင်နိုင်ငံများ၏ရေနံထုတ်လုပ်မည့်ပမာဏကို ဆုံးဖြတ်မည်ဖြစ်ပြီး ၂၀၁၈ခုနှစ်တွင် ဖြစ်လာမည့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအတွက် အလွန်အရေးကြီးသော ဆုံးဖြတ်ချက်ဖြစ်ပါသည်။

လက်ရှိအချိန်တွင်အိုပက်၏ ရေနံထုတ်လုပ်မှုသည် တစ်ရက်လျှင် ရေနံစည်ပေါင်း ၃၃ ဒသမ ၂သန်းထုတ်လုပ်၍ မြောက်အမေရိကဒေသသည် ၉ ဒသမ ၈သန်းထုတ်လုပ်လျက်ရှိသဖြင့် လောင်စာဆီဈေးနှုန်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀အထက် မြင့်တက်လာမည့်အရေးကိုထိန်းညှိပေးနိုင်ကြောင်း တွေ့ရှိရပါသည်။

ကျော်သူရ၊ စီးပွားရေးသံမှူး၊
မြန်မာသံရုံး၊ ဗန်ကောက်မြို့

ပါကစ္စတန်နိုင်ငံတွင် တည်ဆောက်မည့် တရုတ်-ပါကစ္စတန် ကျောက်မီးသွေးသုံး လျှပ်စစ်ဖက်စပ်စက်ရုံအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ဘီလီယံချေးယူမည်

ပါကစ္စတန်နိုင်ငံတွင် တည်ဆောက်မည့် Hubco Coal Power Plant ကို ပါကစ္စတန်နိုင်ငံမှ Hub Power Holdings Ltd နှင့် တရုတ်နိုင်ငံမှ China Power International Investment Ltd တို့ ပူးပေါင်း၍ ဖက်စပ်တည်ဆောက်သွားမည်ဖြစ်ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာနှစ်ဘီလီယံ ကုန်ကျမည်ဖြစ်ကြောင်းသိရပါသည်။

အဆိုပါ စက်ရုံအတွက် China Development Bank မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံချေးယူရန် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ စက်ရုံသည် စုစုပေါင်း တပ်ဆင်အား ၁ ဒသမ ၃၂ ဂစ်ဂါဝပ်ရှိပြီး ၆၆၀မီဂါဝပ် စက်ရုံနှစ်ရုံတည်ဆောက်မည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် လျှပ်စစ်စတင်ထုတ်လွှတ်နိုင်မည်ဖြစ်ပြီး တစ်နာရီလျှင် ကီလိုဝပ်ပေါင်း ကိုးဘီလီယံထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းသိရပါသည်။ အိမ်ထောင်စုဦးရေလေးသန်းခန့်မီးရရှိမည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်း ၁၀၀၀၀ ခန့် ရရှိမည်ဖြစ်ကြောင်း သိရပါသည်။

အဆိုပါ ကျောက်မီးသွေးလျှပ်စစ်စက်ရုံ စီမံကိန်းသည် တရုတ်-ပါကစ္စတန် စီးပွားရေးစကြိ၏ စီမံချက်တစ်ခုတွင် ပါဝင်ပါသည်။ အဆိုပါ စီးပွားရေးစကြိမှာ တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှင်းကျန့်အူဂါဒေသ၏ Gwadar ဆိပ်ကမ်းနှင့်ဆက်သွယ်ထားပါသည်။

သန္တာခိုင်၊ စီးပွားရေးသံမှူး၊
မြန်မာသံရုံး၊ ပေကျင်းမြို့

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၃–၁၁–၂၀၁၇)

သန်းထိုက်အောင်

လားရှိုးဈေးကွက်မှာ ပြောင်းဈေးကျနေသော်လည်း အရောင်းအဝယ်ဖြစ်မှုများ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးကျနေသော်လည်း အရောင်းအဝယ် ကောင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိသာ ကျပ် ၄၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ကျပ် ၄၄၀(တစ်တန် ကျပ် ၂၆၉၄၅၀)ဈေးကျခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိသာ ၄၃၅၃၆၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၉စာ၀စ၃၁စပိသာထိရှိခဲ့ပြီး အရောင်းအဝယ်လည်း ကောင်းခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိသာ ၃၀ကျပ်ရှိပြီး အတက်အကျမရှိကြောင်း သိရပါတယ်။

××××××××××××××××

မုံရွာဈေးကွက်မှာ မတ်ပဲပဲစင်းငုံနီတို့ ဈေးကောင်းနေပြီး ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးကောင်းရနေပြီး ပဲတီစိမ်းသီးနှံမှာတော့ ဈေးကျနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးကြီးတစ်ပိသာ ၁၃၆၈ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိသာ ၁၃၁၅ ကျပ် (တစ်တန် ကျပ် ၈၀၅၂၉၀) နဲ့ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိသာ ကျပ် ၇၀၀ ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိသာ ၈၂၅ကျပ် (တစ်တန်ကျပ်၅၀၅၂၂၀) ထိ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မန္တလေးဝယ်လက်ကဝယ်ယူချင်ပေမယ့်လည်း ကုန်လက်ကျန်နည်းနေခဲ့လို့ အရောင်းအဝယ်ဖြစ်မှုလည်း နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိသာ ၄၈၅ ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာ ၅၁၅ ကျပ် (တစ်တန်ကျပ်၃၁၅၃၈၀) ထိ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နဲ့ပွဲရုံတွေက ဝယ်ယူချင်ပေမယ့်လည်း ဝယ်ဈေးမကြိုက်တာကြောင့် အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိသာ ၂၅၃၃ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိသာ ကျပ် ၂၄၀၀ (တစ်တန် ကျပ် ၁၄၆၉၃၃၀)နဲ့ ဈေးကျနေခဲ့ပြီး ရောင်းသူတွေက ဈေးအမြင့်မျှော်နေကြလို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ မြေပဲလုံးဆန် တစ်ပိသာ ကျပ် ၂၄၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ကျပ် ၂၅၅၀ (တစ်တန် ကျပ် ၁၅၆၁၅၉၀)ထိ ဈေးတက်ခဲ့ပြီး အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

မန္တလေးဈေးကွက်မှာ မတ်ပဲနှင့်ပဲတီစိမ်း(အညာရွှေဝါ)တို့ ဈေးတက်ခဲ့ပြီး ပဲစင်းငုံနီ ဈေးငြိမ်နေ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ ပဲတီစိမ်း(အညာရွှေဝါ) နဲ့ မတ်ပဲတို့ ဈေးတက်ခဲ့ပြီး ပဲစင်းငုံနီ ဈေးငြိမ်နေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိသာ ကျပ်၇၅၀ဈေး ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိသာ ၈၃၃ ကျပ်(တစ်တန်ကျပ် ၅၁၀၁ ၂၀) ထိ ဈေးပြန်တက်ခဲ့ပေမယ့် မြို့ခံပဲခွဲစက်တွေက ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်လည်းနည်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာ)ရွှေဝါ တစ်ပိသာ ၁၄၂၂ကျပ် ဈေးရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိသာ ၁၄၉၃ကျပ် (တစ်တန် ကျပ် ၉၁၄၂၉၀)နဲ့ ဈေးအနည်းငယ် မြင့်တက်ခဲ့ပါတယ်။ ပဲတီစိမ်း (အညာ)ရွှေဝါကို ပုံမှန်ဝယ်ယူနေတဲ့ တရုတ်ဈေးကွက်သို့ တင်ပို့သူများက ဝယ်လိုအားနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီသီးနှံကတော့ တစ်ပိသာ ကျပ် ၅၁၀ (တစ်တန်ကျပ် ၃၀၆၁၉၀)နဲ့ ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေခဲ့ပြီး နယ်ခံဝယ်လက်ကုန်သည်တွေက ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါ တယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိသာ ၂၈၂ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိသာ ၂၇၅၆ကျပ် (တစ်တန် ၁၆စ၇၇၄၀) ဈေးပြန်ကျခဲ့ကြောင်း သိရပါတယ်။ ဒါပေမယ့် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိသာ ကျပ် ၂၂၂၂ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိသာ ၂၄၄၄ ကျပ် (တစ်တန်ကျပ် ၁၄၉၆၆စ၀) အထိ ဈေးပြန်တက်ခဲ့ပေမယ့် တရုတ်ဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ဈေးကွက်ထဲမှာ မရှိတော့ဘူးလို့ သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် နှမ်းနက်ရိုးရိုးက ယခင်တစ်ပတ်က တစ်ပိသာ ကျပ် ၂၁၁၀ဈေးရှိခဲ့ရာမှ ယခု တစ်ပတ်မှာတော့ တစ်ပိသာ ၂၁၃၅ကျပ် (တစ်တန် ကျပ် ၁၃၀၇၄၅၀)နဲ့ ဈေးအနည်းငယ်မြင့်တက်ခဲ့သလို မန္တလေးဝယ်လက်က ဝယ်ယူမှုတွေရှိခဲ့လို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းနီကတော့ ယခင်တစ်ပတ်ကအတိုင်းပဲ တစ်ပိသာ ကျပ် ၂၁စ၀ (တစ်တန် ကျပ် ၁၃၃၅၀၀)ထိ ဈေးရှိခဲ့ပြီး မြို့ခံဆီစက်များက ဝယ်ယူခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိသာ ကျပ် ၂၆၉၀ဈေးရှိနေခဲ့တဲ့ သိပ္ပံနှမ်းနက်ကတော့ ယခုတစ်ပတ်မှာ ဈေး ပြန်ကျခဲ့ပြီး တစ်ပိသာ ကျပ် ၂၆၇၀ (တစ်တန် ကျပ် ၁၆၃၅၅၀စ၀) ရှိခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်က ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်း ဈေးငြိမ်နေပြီး အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်ကောင်းနေကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ်တစ်အိတ်ကို မြန်မာဘက်ကမ်းတွင် ၇၅ ယွမ်၊ ရွှေလီဘက်ကမ်းတွင် ၈၂ယွမ် နဲ့ ယခင်တစ်ပတ်ကဈေးအတိုင်း အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ကတော့ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တန်ချိန် ၂၀၀၀၀ကျော်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ လည်း တန်ချိန် ၃၀၀၀၀ကျော်အထိ အရောင်းအဝယ်ကောင်းနေကြောင်း သိရပါတယ်။ ငွေလဲနှုန်း အနေအထားကတော့ တစ်ယွမ်ကို မြန်မာငွေ ၂၀၄ကျပ်အထိပေါက်ဈေးရှိခဲ့ပြီး ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ရင်တော့ အတက်အကျမရှိကြောင်း သိရပါတယ်။

××××××××××××××××

ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲဈေးကျပြီး ပဲစင်းငုံနီဈေးတက်နေ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲFAQ (RC)၊ မတ်ပဲ SQ(RC)တို့ ဈေးကျနေပြီး ပဲစင်းငုံနီတို့ ဈေးအနည်းငယ်တက်ခဲ့ပါတယ်။ မတ်ပဲFAQ (RC)ကို ပြည်ပဝယ်လက် ကုမ္ပဏီများက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၄၉၀၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၄၈၅၀၀၀အထိ၊ မတ်ပဲ SQ(RC) ကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၆၉၃၀၀၀ အထိရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ်၆၇၅၀၀၀ ထိ ဈေးပြန်ကျလာခဲ့ကြောင်း သိရပါတယ်။ ဒါပေမယ့် ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၃၃၀၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၃၃၅၀၀၀နဲ့ ဈေးပြန်တက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၅၀၀၀၊ မတ်ပဲ SQ(RC) တစ်တန်ကို ကျပ် ၁၈၀၀၀ ဈေးကျခဲ့ပြီး ပဲစင်းငုံနီ တစ်တန်ကို ကျပ် ၁၀၀၀၀ ဖြင့် ဈေးရခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးပြန်တက်လာပြီး အစေ့ထုတ်ပြောင်း ကုန်ပစ္စည်းပြတ်လပ်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေး ပြန်တက်လာခဲ့ပေမယ့် အစေ့ထုတ်ပြောင်းကတော့ ကုန်ပစ္စည်းပြတ်လပ်နေပြီဖြစ်ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိသာ ၈၂၅ကျပ်ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိသာ ကျပ် ၈၆၀ (တစ်တန် ကျပ်၅၂၆၆၅၀) အထိ ဈေးပြန်တက်ခဲ့ပေမယ့် ယခုတစ်ပတ်အတွင်း နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှုမရှိခဲ့သလို အရောင်းသမားလည်း မရှိတာကြောင့် အရောင်းအဝယ်ဖြစ်မှုနည်းလာခဲ့ ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကတော့ ဈေးကွက်အတွင်း ကုန်ပစ္စည်းမရှိတော့လို့ အရောင်းအဝယ်မရှိတော့ကြောင်း သိရပါတယ်။

e-Government Conference & ICT Exhibition 2017 နေပြည်တော်တွင် ကျင်းပ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်း၍ e-Government Conference and ICT Exhibition 2017 ညီလာခံနှင့် ပြပွဲအား နိုဝင်ဘာ ၇ ရက်မှ ၈ ရက်အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC2) နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ညီလာခံနှင့်ပြပွဲအခမ်းအနားအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦး၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်းနှင့် Huawei ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ မစ္စတာ လျန်းလီမန်းတို့က ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ညီလာခံနှင့် ပြပွဲတွင် အစိုးရဝန်ကြီးဌာနများဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အားကစားနှင့်ကျန်း မာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ စုစုပေါင်း ပြခန်း၂၀ ခန်းနှင့် ပြည်တွင်း၊ ပြည်ပနည်းပညာ ကုမ္ပဏီ ၃၇ ခုတို့မှ ပြခန်းပေါင်း ၇၇ ခန်းတို့ဖြင့် ပါဝင်ပြသခဲ့ကြပါသည်။

ညီလာခံနှင့် ပြပွဲပြသသည့် နှစ်ရက်တာကာလအတွင်းတွင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များက e-Government နှင့် သက်ဆိုင်သည့် နည်းပညာဆိုင်ရာ စာတမ်းဖတ်ခြင်းများ၊ ဆွေးနွေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြပြီး အစိုးရဝန်ကြီးဌာန အသီးသီးအနေဖြင့် ဝန်ကြီးဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Website များ၊ Application Software များကိုလည်း ပါဝင်ပြသခဲ့ရာ အစိုးရဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ CIO များ၊ အစိုးရဝန်ထမ်းများ၊ တိုင်းနှင့် ပြည်နယ်ကွန်ပျူတာအသင်းမှ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ လုပ်ငန်းရှင် များနှင့် နည်းပညာပိုင်းဆိုင်ရာ စိတ်ပါဝင်စားသူများမှ လာရောက်လေ့လာကြည့်ရှုခဲ့ကြပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှလည်း e-Government လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် Online အသုံးပြုသည့် ပို့ကုန်သွင်းကုန် လိုင်စင်စနစ် Application များဖြစ်သော Import Export License Permit System (IELPS), Border Trade Online System(BTOS), Fully Online System, e-payment System, Myanmar Payment Union(MPU), Registration System, Trade Data Reporting System များ၊ ရုံးလုပ်ငန်း စီမံခန့်ခွဲမှုစနစ်နှင့် ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုစနစ်များဖြစ်သော DEMS (Document Exchange Management System), Employee Bio Data Information System (E-bis) များနှင့် DCCA Accounting System တို့နှင့်ပတ်သက်၍ စနစ်အသုံးပြုမှုများကိုလည်း လက်တွေ့ရှင်းလင်းပြသခဲ့ကြပါသည်။

ထို့ပြင် ဝန်ကြီးဌာန၏ Website များဖြစ်သော http://www..commerce.gov.mm, http://www.myanmartrade net.com.mm, http://www.myanmartradeportal.gov. mm, http://www.commercejournal.com.mm နှင့် http://www.trade.gov.mm website တို့ကိုလည်း Wifi စနစ်ချိတ်ဆက်၍ သိရှိလိုသည်များကို ရှင်းလင်းခဲ့သည့်အပြင် ဝန်ကြီးဌာန၏ ICT အသုံးပြုလုပ်ငန်းများကိုလည်း Power Point များ၊ Video Clip များဖြင့်လည်း ပြသခဲ့ပါသည်။

Fully Online License စနစ်နှင့်ပတ်သက်၍ Online မှ လိုင်စင်

လျှောက်ထားမှု အဆင့်ဆင့်များ၊ ၎င်းစနစ်နှင့်တွဲဖက် အသုံးပြုရသည့် e-token Device အသုံးပြုမှုများ၊ ရုံးချုပ် (နေပြည်တော်)/ နယ်စပ်စခန်းများ(မူဆယ်၊မြဝတီ)တို့၌ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးပေးသွင်းမှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် POS (Point of Sale) Device အသုံးပြုမှုများ၊ ပို့ကုန်သွင်းကုန်လိုင်စင် ထုတ်ပေးသည့်စာရွက်အား ပိုမိုလုံခြုံမှုရှိစေရန်အတွက် UV စနစ်၊ Microtext စနစ်အသုံးပြုမှုများနှင့် ဝန်ကြီးဌာန၏ Network Infrastructure တည်ဆောက်မှုတို့နှင့်ပတ်သက်၍ လက်တွေ့ရှင်းလင်းပြသခဲ့ရာ လာရောက်လေ့လာကြည့်ရှုသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိပါသည်။

ရည်ရည်မွန် ICT

လယ်ယာထွက်သီးနှံ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့်ဆန်မှုန့်နှင့်ပတ်သက်သော နည်းပညာဆွေးနွေးဟောပြောပွဲကျင်းပ

မြန်မာ့လယ်ယာထွက်သီးနှံ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ဆန်မှုန့်နှင့်ပတ်သက်သော နည်းပညာ ဆွေးနွေးဟောပြောပွဲကို ရှမ်းမောမြေကုမ္ပဏီ၏ စီစဉ်မှုဖြင့် နိုဝင်ဘာ ၂ရက်က မုံရွာကုန်စည်ဒိုင်ခန်းမတွင် ကျင်းပခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး ကုန် သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌနှင့် မုံရွာကုန်စည်ဒိုင်အဖွဲ့ဝင်များ၊ ဂျုံစက်၊ ပဲခွဲစက်လုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ မုန့်လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများစုစုပေါင်း ၈၀ ခန့်တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် SME Agency တာဝန်ခံ ဦးစိုးနိုင်က အမှာစကားပြောကြားခဲ့ပါသည်။

ရှမ်းမောမြေကုမ္ပဏီသည် ဆန်မှုန့်နှင့် စားသောက်ကုန်ဖွံ့ဖြိုးရေးအစီအစဉ်ကို JICA ၊ မြန်မာနိုင်ငံ အစားအသောက်ဆိုင်ရာ သိပ္ပံနည်းပညာအသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့နှင့် ပူးပေါင်းကာ ဂျုပန်မြန်မာနည်းပညာ ဖလှယ်ခြင်းဖြင့် ဆန်မှုန့်အခြေခံမုန့်လုပ်နည်းပညာများ နည်းစနစ်များ တိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။

ဂျုံဖြင့်ပြုလုပ်သော အစားအစာများတွင် ဆန်ဖြင့်ပြုလုပ်ပါက စားသုံးသူများ၏ ရေရှည်ကျန်းမာရေးကို ပိုမိုအထောက်အကူပြုကြောင်း၊ ကယ်လိုရီပမာဏတွင် ဂျုံနှင့်ဆန်မှာ ကွာခြားမှုမရှိလှသော်လည်း အမိုင်နိုအက်စစ်ပမာဏတွင် ဆန်ကပိုမိုကြွယ်ဝကြောင်း ဂျုံတွင်အစာခြေဖျက်ရန်ခက်သော ဂလူတင်းမာတ်တစ်မျိုးပိုမိုပါဝင်နေပြီး ဆန်တွင်အလွန်နည်းပါးစွာ ပါဝင်နေသည်ကို ရှာဖွေတွေ့ရှိခဲ့ကြပါသည်။

ဂျပန်နိုင်ငံသည်လည်း မြန်မာနိုင်ငံကဲ့သို့ စပါးစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ဆန်စားသုံးမှု သုတေသနပြုချက်အရ ထမင်းအဖြစ် ဆန်ကိုလူတစ်ဦး တစ်နှစ်စားသုံးမှု ၁၂၀ ကီလိုမှ ၅၀ ရာခိုင်နှုန်းထိ ကျဆင်းလာသည်ကိုတွေ့ရပြီး ဂျုံဖြင့်လုပ်သော အစားအသောက်များကို ပိုမိုစားသုံးလာကြသဖြင့် ဂျုံမှုန့်ကို ပြည်ပနိုင်ငံက တင်သွင်းရပါကြောင်း၊ ဒါ့ကြောင့် လွန်ခဲ့သည့်နှစ် ၂၀ ခန့်ကပင် ဆန်ကို ထမင်းအဖြစ် မစားသုံးကြသော်လည်း ဆန်အသုံးပြုမှု တိုးတက်လာစေရန်နှင့် သွင်းကုန်အစားထိုးနိုင်စေရန် ဆန်မှုန့်လုပ်ငန်းကို စတင်ခဲ့ရာ ဂျပန်နိုင်ငံတွင် ဆန်မှုန့်ကို တွင်ကျယ်စွာ အသုံးပြုနေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဆန်စပါးစျေးကွက် လျော့နည်းလာမည့် အလားအလာများကိုတွေ့ရှိနေရသဖြင့် ယခုကဲ့သို့ ဆန်မှုန့်နှင့် ပတ်သက်သော နည်းပညာများကို မျှဝေရခြင်းဖြစ်ပါကြောင်း ရှမ်းမောမြေကုပ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် NISHIMURA Machine Works Co.,Ltd မှ အုပ်ချုပ်မှုဒါရိုက်တာက ဆန်အမှုန့်ကြိတ်စက်အကြောင်း ရှင်းလင်းပြောကြားရာ အထူးနှုးညံ့သော ဆန်မှုန့်အဖြစ် သေးမှုန်သည်အထိ ကြိတ်နိုင်မည်ဖြစ်ရာ ဂျုံမှုန့်အခြေခံပြုလုပ်သည့်မုန့်များအားလုံးကဲ့သို့ ဆန်မှုန့်မှလည်း ပြုလုပ်နိုင်မှာဖြစ်ပါကြောင်း၊ ဆန်တွင်ပါဝင်သည့် ကစီဓာတ်ကိုလည်း ထိန်းပေးထားကြောင်း၊ ဆန်ကို ပဲကြိတ်ကြိတ်၊ ဆန်ကွဲကို ပဲကြိတ်ကြိတ် ဆန်မှုန့်အရည်အသွေးတူထွက်ရှိမည်ဖြစ်ရာ ဆန်ကွဲများကို တန်ဖိုးနိမ့်အသုံးပြုနေရခြင်းမှ တန်ဖိုးမြှင့်ဆန်မှုန့် ထုတ်လုပ်ခြင်းဖြင့် ဆန်ကွဲဈေးနှုန်းပိုမိုရရှိစေလာမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆန်မှုန့်အဆင့်တွင် ဈေးနှုန်းထပ်တိုးကာ မုန့်အဆင့်တွင် ထပ်တိုးဈေးနှုန်း ပိုရရှိလာမှာဖြစ်ပါကြောင်း၊ ဆန်အပြင် ကုလားပဲ၊ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းများကိုလည်း အမှုန့်ကြိတ်ခွဲရသဖြင့် မြန်မာပြည်မှ ထွက်ရှိတဲ့ သီးနှံများမှ Value Added ပြုလုပ်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ စားသောက်ကုန်တွေကို ဖန်တီးထုတ်လုပ်နိုင်မှာဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး ဂျပန်စက်ဖြင့် ထုတ်လုပ်ထားသည့် "KOMEKO" ခေါ်မယ်ကို ဆန်မှုန့်ဖြင့် ကိတ်မုန့်ပြုလုပ်မှုနည်းပညာကို လက်တွေ့ပြသပေးခဲ့ပါသည်။ ၎င်းနောက် ခေါ်မယ်ကိုထွက်ကုန်များဖြစ်သည့် ကြက်ဥကိတ်၊ ငှက်ပျောကိတ်၊ မြေပဲဆီကွတ်ကီး၊ ထောပတ်ကွတ်ကီးများဖြင့် ကျွေးမွေးကာ မုန့်အရသာ ကြိုက်နှစ်သက်မှု အခြေအနေ၊ ဒေသအတွက် လိုအပ်သောအရာဟုတ်၊ မဟုတ် စစ်တမ်းမေးခွန်းများကို ကောက်ယူခဲ့ပါသည်။

တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင်လည်း ဆန်မှုန့်ဖြင့် ရိုးရာမုန့်များ ပြုလုပ်စားသုံးလျက်ရှိပါကြောင်း၊ ခေတ်မီမုန့်များပြုလုပ်သည့် နည်းပညာများ လိုအပ်ပါကြောင်း၊ သို့မှသာ ကလေးလူငယ်များအတွက် အာဟာရမပြည့်ဝသည့် မုန့်ပဲသရေစာများ အစားကျန်းမာရေးနှင့် ညီညွတ်သော အခြေခံမုန့်များအား ပြည်တွင်းထုတ်ဆန်မှုန့်ဖြင့် အစားထိုးထုတ်လုပ်မှုကို ကြိုဆိုပါကြောင်း၊ ဆန်မှုန့်ဈေးကွက်ခိုင်မာရေးအတွက် ဆန်မှုန့်အခြေခံမုန့်မျိုးစုံထုတ်လုပ်သော မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာအောင် အားပေးခြင်းဖြင့် အိမ်ထောင်စု အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဆန်မှုန့်၏ ကြာရှည် အထားခံမှုအခြေအနေများ၊ ထုပ်ပိုးသိမ်းဆည်းမှုနည်းစနစ်များကိုလည်း ထပ်မံဆွေးနွေးရန် လိုအပ်ပါကြောင်း၊ တစ်ဦးတည်း လုပ်ငန်းအဖြစ် ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှု မတတ်နိုင်ပါက အစုစပ်လုပ်ငန်းများ၊ စက်တန်ဖိုး အရစ်ကျပေးသွင်းမှုအစီအစဉ်များနှင့် ဆန်မှုန့်ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးခဲ့ကြပါသည်။

ရီလင်းထွဋ် (မုံရွာ)

တရုတ်နိုင်ငံသို့ သင်္ကြားပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၆၈ သန်းတန်ဖိုးရှိ Re-export သင်္ကြား ၁၂၈၇၄ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၉၆၄၁ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၂၃၃ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ သင်္ကြားတစ်တန်ကို ကျပ် ၇၅၉၂၂၀ ဈေးရှိပြီး တစ်ဖက်နိုင်ငံဝယ်ဈေးကတော့ယွမ် ၃၇၄၀ ရှိတယ်လို့ သိရပါတယ်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၄၇ သန်းတန်ဖိုးရှိ Re-export သင်္ကြား ၂၉၉၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မော်မော်အောင်

ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၆၂၇ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ် ၁၀ မျိုး၊ တန်ချိန်အားဖြင့် ၄၁၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၄၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၆၉ တန် ပိုမိုခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း တင်ပို့ခဲ့တဲ့ ပရဆေးကုန်ကြမ်း အမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ ကြောင်ပန်းစေ့၊ ဆီးဆန်၊ နနွင်းတက်၊ ချင်းခြောက်၊ တောချင်း၊ တောဂျူးမြစ်၊ မာလာဥနဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ/မပါ) တို့ဖြစ်ပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနဲ့ ရိဒ်ကုန်သွယ်ရေးစခန်းနှစ်ခုမှလည်း အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၃ သန်းတန်ဖိုးရှိ တောင်လုံးကျော် တန်ဝက်နီးပါးကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့ပါတယ်။

မော်မော်အောင်

မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အောက်တို ဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄၆ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၁၃၁၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၉၂၇ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၈၇ တန်လျော့နည်းတင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၂၉၃ သန်းလျော့နည်းခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်တွင် ငါးမျိုးစုံ၊ ပုစွန်ခြောက်နဲ့ ကဏန်းတို့ လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ယခုလိုတန်ချိန်ရော တန်ဖိုးပါ လျော့နည်းခဲ့ရကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ငါးရှဉ့်တစ်တန်လျှင် ယွမ် ၂၅၀၀၀ ရှိပြီး ကဏန်းတစ်တန်လျှင် ယွမ် ၅၈၈၀၀ ရှိတယ်လို့ မူဆယ်ရေထွက်ကုန်စည်ဒိုင်မှ သိရပါတယ်။

မော်မော်အောင်

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါး တင်ပို့မှုကျဆင်း

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၅ သန်းတန်ဖိုးရှိ ရေချိုငါး ၁၇ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၈၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၉ တန် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၄ သန်း တန်ဖိုးရှိ ငါးမြစ်ချင်း ၁၆ တန်ကျော်နဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ၀၀၁ သန်း တန်ဖိုးရှိ ငါးခေါင်းပွ တစ်တန်နီးပါးကို တင်ပို့ခဲ့တယ်လို့သိရပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးများအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၉ သန်း တန်ဖိုးရှိ ဧည့်မထ ၂၅ မှတ်ဆန်၊ မန်ကျည်းစေ့၊ ဆီးယိုထုပ်၊ ကော်ဖီ၊ ကလေးစီး ရှူးဖိနပ်တို့ကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

တာချီလိတ်ကုန်သွယ်ရေးစခန်းရဲ့ အောက်တိုဘာလကုန်သွယ်မှု စက်တင်ဘာလ ကုန်သွယ်မှုအောက်သို့ ကျဆင်း

တာချီလိတ်ကုန်သွယ်ရေးစခန်းသည် အောက်တိုဘာလတွင်း ပို့ကုန်ဆောင်ရွက်မှုမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၅၅၅ သန်း၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၈၅ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၄၀ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ အောက်တိုဘာလ ကုန်သွယ်မှုသည် အနီးစပ်ဆုံးဖြစ်တဲ့ စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၃၂ သန်း လျော့နည်းခဲ့သလို ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါကလည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၇၃ သန်း လျော့နည်းခဲ့တာ တွေ့ရပါတယ်။

ယင်းကဲ့သို့ လျော့နည်းရခြင်းမှာ ပို့ကုန်ပိုင်းတွင် ရော်ဘာစေး၊ ကြက်သွန်နီ၊ ကြက် သွန်ဖြူ၊ ဝဉ်ခြောက်၊ နာနတ်သီး၊ ဆေးပေါ့လိပ်၊ သစ်ခေါက်၊ နှမ်းဖြူတို့ လျော့နည်းတင်ပို့ခဲ့သလို သွင်းကုန်ပိုင်းတွင် ဘိလပ်မြေ၊ စက်နှင့်စက်ပစ္စည်းများ၊ ဖန်ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ သုတ်ဆေးပေါ့လစ်များ၊ သွပ်ပြား၊ အချိုမှုန့်၊ အချိုရည်၊ ဘိလပ်မြေ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ဒီဇယ်၊ ဓာတ်ဆီများ လျော့နည်းတင်သွင်းခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

ယခုကဲ့သို့ အောက်တိုဘာလအတွင်း ကာလတူ အောက်ရော အနီးစပ်ဆုံးကာလအောက်ပါ ကုန်သွယ်မှုကျဆင်းရခြင်းမှာ ယခုလတွင် မြန်မာဘက်မှ သီတင်းကျွတ်ပွဲတော်ကျင်းပခြင်း၊ ထိုင်းဘက်တွင် ထိုင်းဘုရင်ဈာပနပွဲတော် ကျင်းပခြင်းတို့ကြောင့် ကုန်စည်စီးဆင်းမှုနည်းပါးခြင်း၊ HS Version ၂၀၁၇ အား ပြောင်းလဲသုံးစွဲရာ၌ အချို့ကုန်ပစ္စည်းများ၏ အခွန်နှုန်းများ ပြောင်းလဲခြင်း၊ တာချီလိတ်ဒေသမှ အဓိကတင်သွင်းသည့် ဘိလပ်မြေအခွန်နှုန်းမှာ တစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းသို့ပြောင်းလဲသွားခြင်းကြောင့် ပြည်တွင်းဈေးကွက် အနေအထားအရ ဘိလပ်မြေတင်သွင်းမှု သိသိသာသာ လျော့နည်းကာ ကုန်သွယ်မှုလျော့နည်းရခြင်းဖြစ်တယ်လို့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

ဒါ့အပြင် ယခင်က တာချီလိတ်မှ ဝင်ရောက်လာသော ပစ္စည်းများသည် တောင်ကြီးဈေးကွက်အထိ ဝင်ရောက်နိုင်ခဲ့သော်လည်း မြဝတီဘက်မှ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသလို သယ်ယူပို့ဆောင်စရိတ်လည်း ပိုမိုသက်သာကြောင်း၊ ထို့ကြောင့် မြဝတီဘက်မှ တင်သွင်းသော ထိုင်းပစ္စည်းများသည် တောင်ကြီးဈေးကွက်ထိ ဝင်ရောက်လာသည့်အတွက် တာချီလိတ်ဒေသဈေးကွက် ကျဉ်းမြောင်းသွားခြင်း၊ တာချီလိတ် နယ်စပ်ဒေသ၏ ထိုင်းဘက်ငွေလဲနှုန်းသည် မြဝတီနယ်စပ်ထက် ပိုမိုမြင့်မားသည့်အတွက် ဈေးကွက်ယှဉ်ပြိုင်မှုအားနည်းကာ ဝယ်လိုအားကျဆင်းပြီး ကုန်သွယ်မှုကျဆင်းရခြင်းဖြစ်တယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ အောက်တိုဘာလ ကုန်သွယ်မှုအနီးစပ်ဆုံးကာလထက် ပိုမိုဆောင်ရွက်

ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ အောက်တိုဘာလအတွင်း ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၇ သန်း၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၉၈၉ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၂၆ သန်း ဆောင်ရွက်ခဲ့ပါတယ်။ အောက်တိုဘာလ ကုန်သွယ်မှုကို အနီးစပ်ဆုံးကာလဖြစ်တဲ့ စက်တင်ဘာလနဲ့ နှိုင်းယှဉ်ပါက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုညဒသမ ၇၇၄ သန်း ပိုမိုဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ ယခုကဲ့သို့ ပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် ဆေးကြေမှုန့်၊ စီးကရက်၊ မုန့်မျိုးစုံ၊ ပလပ်စတစ်အိတ်၊ စောင်၊ ကလေးဝမ်းဆက်၊ မဝတ်တီရှပ်တို့ ပိုမိုတင်ပို့ခဲ့သလို သွင်းကုန်ပိုင်းတွင်လည်း ဓာတ်မြေဩဇာ၊ လူသားဆံပင်၊ တောင်လုံးကျော်၊ နိုင်လွန်ချည်တို့ ပိုမိုတင်သွင်းခဲ့သဖြင့် စက်တင်ဘာလထက် ကုန်သွယ်မှုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ အောက်တိုဘာလ ကုန်သွယ်မှုလျာထားချက်အပေါ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၂၆ သန်းဆောင်ရွက်ခဲ့သဖြင့် လျာထားချက်အပေါ် ၇၄ ဒသမ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်တယ်လို့ သိရပါတယ်။

အောက်တိုဘာလအတွင်း ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ အများဆုံးတင်ပို့ခဲ့တဲ့ ပို့ကုန်ပစ္စည်းများကတော့ ကွမ်းသီး၊ ကလေးဝတ်တီရှပ်၊ စောင်၊ မဝတ်တီရှပ်၊ မစီး ဖိနပ်၊ ဆေးကြေမှုန့်၊ စီးကရက်၊ မုန့်မျိုးစုံ၊ ပလတ်စတစ်အိတ်တို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ဓာတ်မြေဩဇာ၊ လူသားဆံပင်၊ နိုင်လွန်ချည်၊ တောင်လုံးကျော်တို့ ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် တင်ပို့

အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ရက် သတ္တပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိတာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၇၉၀၁ တန်ဖိုးရှိ လက်ဖက်ခြောက် ၄၆ တန်နီးပါးကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ လက်ဖက်ခြောက် တင်ပို့မှု မရှိဘဲ အောက်တိုဘာ ဒုတိယပတ်က တန် ၃၀ ကျော် တင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၃၃၅ တန်ဖိုးရှိ လက်ဖက်ခြောက် ၇ တန်ခွဲကို တင်ပို့ ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၅ တန်ခွဲနဲ့ နှိုင်းယှဉ်ပါက ၈ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် တောလက်ဖက်မျိုးစိုက်ပျိုးတာနည်းပြီး လက်ဖက်ပင်က နှစ်ရှည်ပင်ဖြစ်လို့ တစ်ခါစိုက်ပြီးရင် အောက်ကပေါင်းပင်နဲ့ မြက်ပင်တွေ လက်ဖက်ပင်ပေါ် မတက်ရအောင် ပုံမှန်ဓားရမ်းပေးရုံပဲ ပြုလုပ်ရကြောင်း၊ လက်ဖက်စိုက် တောလက်ဖက်မျိုးကမှ ပိုကောင်းကြောင်း မိုးကုတ်မြို့နယ်မှ လက်ဖက်စိုက်တောင်သူတစ်ဦးက ပြောပါတယ်။

မော်မော်အောင်

ကန်ပိုက်တီနဲ့ လွယ်ဂျယ်မှ တစ်သျှူးဌက်ပျော တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ရက် သတ္တပတ် အတွင်း အမေရိကန်ဒေါ်လာ ၁၈၃၅၅ တန်ဖိုးရှိ တစ်သျှူးဌက်ပျော ၆၂၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့တန် ၁၀၀ နဲ့နှိုင်းယှဉ်ပါက ၅၂၅ တန် ပိုမိုတင်ပို့ခဲ့သလို လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၂၈၉၂ တန်ဖိုးရှိ တစ်သျှူးဌက်ပျော ၁၁၂ တန်ကို အဆိုပါ ရက်သတ္တပတ်မှာ တင်ပို့ခဲ့တာ တွေ့ရပါတယ်။

တစ်သျှူးဌက်ပျော တစ်တန်ကို မိမိဘက်ပေါက်စျေးမှာ ကျပ်လေးသိန်း ဝန်းကျင်ရှိတယ်လို့ သိရပါတယ်။

မော်မော်အောင်

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

လက်ကျန်ပဲများအား အကျိုးရှိစွာအသုံးပြုရေးနှင့် အလေးထားဆောင်ရွက်ရမည့် ပဲစင်းငုံဝယ်ယူရေး

မြန်မာနိုင်ငံတွင် စိုက်ပျိုးသည့်သီးနှံများအနက် စပါးပြီးလျှင် မတ်ပဲသည် ဒုတိယအများဆုံးစိုက်သီးနှံဖြစ်ပြီး ပဲစင်းငုံသည် တတိယအများဆုံးစိုက်ပျိုးသည့်သီးနှံဖြစ်ပါသည်။ အဆိုပါသီးနှံနှစ်မျိုး၏ အဓိကဈေးကွက်သည် အိန္ဒိယ ဈေးကွက်ဖြစ်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ နှစ်စဉ် ပဲစင်းငုံတင်ပို့မှု၏ ၉၁ ရာခိုင်နှုန်းခန့်ကို တင်ပို့ခဲ့သည်မှာ ၁၀ စုနှစ်ကြာခဲ့ပြီဖြစ်ပါသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှတင်ပို့နေကျဖြစ်သော ပဲစင်းငုံတင်သွင်းမှုကို ၂၀၁၇ ခုနှစ် သြဂုတ် ၅ ရက်တွင်လည်းကောင်း၊ မတ်ပဲတင်သွင်းမှုကို ၂၀၁၇ ခုနှစ် သြဂုတ်လ ၂၁ မှာ ကန့်သတ်ခဲ့ရာ ကုန်သည်များလက်ဝယ်တွင် ပဲစင်းငုံတန်ချိန် တစ်သိန်းခန့်နှင့် မတ်ပဲတန်ချိန် ၂ ဒသမ ၅ သိန်းခန့်ကျန်ရှိခဲ့ပါသည်။ ကန့်သတ်ကြော်ငြာပြီးနောက်ပိုင်း စာချုပ်ပါပဲများဆက်လက်တင်ပို့နိုင်ရေး၊ ပဲမျိုးစုံတင်ပို့မှုဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေး အထူးအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်မှုကြောင့် အထိုက်အလျောက်တင်ပို့ခွင့်ရခဲ့ပါသည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံအား ပဲစင်းငုံနှင့်မတ်ပဲတင်သွင်းမှုကို ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်ထိ ကန့်သတ်ခဲ့ပါသည်။ ဤသို့ ကန့်သတ်လိုက်မှုကြောင့် ကျန်ရှိနေသောလက်ကျန်ပဲများကို အကျိုးရှိစွာအသုံးချရေးအတွက် ပဲနှင့်ပတ်သက်သည့် ဌာန အဖွဲ့အစည်း၊ ကုန်သည်၊ တောင်သူနှင့် ပြည်သူတို့က အမျိုး သားရေးတာဝန်တစ်ရပ်အနေဖြင့် ပိုင်းဝန်းဆောင်ရွက်ကြရပေမည်။ ဤကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော ပြည်တွင်းပဲစားသုံးမှုတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး၏ ဖော်ထုတ်ချက်များမှ အချို့ကိုကောက်နုတ်တင်ပြရသော -

- ပြည်ပနိုင်ငံများ၏ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒပြောင်းလဲမှုနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေများ၊ ပြည်ပတင်ပို့မှု အခြေအနေများအား တောင်သူများ၊ ကုန်စည်ဒိုင်၊ အသင်းအဖွဲ့များ သိရှိစေရေး ဆက်လက်သတင်းထုတ်ပြန် ဆောင်ရွက်ပေးသွားရန်။
- ပြည်တွင်းပဲစားသုံးမှု တိုးတက်လာရေးအတွက် ဟင်းလျာအဖြစ်သာမက ပဲနှင့်ပြုလုပ်သည့် သရေစာမုန့်များ ပြည်တွင်းထုတ်လုပ်နိုင်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး ပူးပေါင်း ဆောင်ရွက်သွားရန်။
- လက်ကျန်ပဲများကို NGO၊ INGO အဖွဲ့များနှင့် ဆက်သွယ်ပြီး လျှုဒါန်းထောက်ပံ့မှုများတွင် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်သွားရန်။
- လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းသုံးစွဲမှုတို့တွင် မမျှော်လင့်သော အရေးပေါ်ကိစ္စများ ပေါ်ပေါက်လာပါက သိုလှောင်သိမ်းဆည်းထားနိုင်ရန်အတွက် သိုလှောင်ရုံများပြင်ဆင်ခြင်း၊ တည်ဆောက်ခြင်းများ ညှိနှိုင်းဆောင်ရွက်ရန်။
- အမျိုးသားရေးအမြင်အဖြစ် ပြည်တွင်းပဲမျိုးစုံစားသုံး သည့် အလေ့အထများ ပိုမိုဖြစ်ပေါ်လာစေရေး၊ ပဲစားသုံးမှု မြှင့်တင်နိုင်ရေးအတွက် ပဲစားပွဲတော်များဖြင့် အသိပညာဖြန့်ဝေသည့် အစီအစဉ်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်။
- တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူစိုက်ပျိုးထွက်ရှိလာမည့်ပဲများ(ပဲစင်းငုံ)ဝယ်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်။
- ပဲကြာဆန်ပြုလုပ်ရာတွင် မတ်ပဲအချိုးအစားတစ်ခု ထည့်၍ ထုတ်လုပ်နိုင်ခြင်းရှိ/မရှိ စမ်းသပ်ဖော်ထုတ်သွားရန်။
- ပဲအများဆုံးအသုံးပြုသည့် ဌာနများ၊ တပ်ရင်းတပ်ဖွဲ့များ၊ သင်တန်းကျောင်းများ၊ ကောလိပ်၊ တက္ကသိုလ်များ၊ လျှုဒါန်းရေးနှင့်ကယ်ဆယ်ရေးများတွင် ပဲစင်းငုံ ဝယ်ယူအသုံးပြုနိုင်ရေး အတွက် လာမည့်ဘဏ္ဍာနှစ်တွင်ဝယ်ယူနိုင်ရေး သက်ဆိုင်သည့် ဌာနဆိုင်ရာအကြီးအကဲများ ထံ တင်ပြဆောင်ရွက်ပေးရန် ဆိုပြီး ဖော်ထုတ်ချက်များပြုလုပ်ခဲ့ကြပါသည်။

ဤဖော်ထုတ်ချက်များကို ဌာနအသီးသီး၊ အဖွဲ့အစည်းအသီးသီး၊ ကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူများ၊ ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမှသာလျှင် ဖော်ထုတ်ချက်များ အကောင်အထည်ပေါ်လာမည်ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ တွင်ပေါ်ထွက်လာမည့်ပဲစင်းငုံရိတ် သိမ်းရမည့်ရာသီကား တဖြည်းဖြည်း နီးကပ်လာပြီဖြစ်ရာ ထွက်ပေါ်လာမည့် ပဲစင်းငုံများကို တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်ရေး အတွက် ဆုံးရှုံးနစ်နာမှုများ မရှိအောင်ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ပဲစင်းငုံသီးနှံများ ထားသိုရန်အတွက် သိုလှောင်ရုံပြင်ဆင်တည်ဆောက်မှုများ၊ ပဲမျိုးစုံစားသုံးသည့် အလေ့အထများ ပိုမိုဖြစ်ပေါ်လာရေး၊ ပဲစားပွဲတော်များ စဉ်ဆက်မပြတ် ပြုလုပ်သွားရေးတို့ကိုလည်း ဆောင်ရွက်သွားကြရပေမည်။

ရပ်ကွက်/ကျေးရွာအခြေခံ ပညာကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့နှင့် စက်ရုံအလုပ်ရုံများတွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲများ၌ ပဲစင်းငုံ၏ အာဟာရဓာတ်ကြွယ်ဝမှုကို ထည့်သွင်းဟောပြောကြရေး ဆောင်ရွက်ကြရပေမည်။ ပဲစင်းငုံကို Value Added ပြုလုပ်၍ ဈေးအသီးသီး၊ ရပ်ကွက်အသီးသီးတွင် ဆိုင်များဖွင့်လှစ် ရောင်းချနိုင်ရေးချိတ်ဆက်၍ စီမံဆောင်ရွက်ကြရပေမည်။ ပဲအများဆုံးစားသုံးသည့်ဌာန၊ အဖွဲ့အစည်း၊ ပရဟိတ ကျောင်းများနှင့် အခြေခံပညာကျောင်းများတွင် ကျောင်းသား/သူများ အာဟာရကြွယ်ဝရေးအတွက် လျှုဒါန်းမှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းတို့အတွက် သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲများနှင့် တင်ပြချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်သွားကြရပေမည်။

ဖော်ပြပါကိစ္စများသည် မဖြစ်မနေဆောင်ရွက်ကြရ မည့်ကိစ္စများဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယခင်က ပဲစင်းငုံပြည်ပတင်ပို့မှုဈေးကွက်၏ ၉၁ ရာခိုင်နှုန်းတင်ပို့ပေးခဲ့ရသော အိန္ဒိယဈေးကွက်မှ ကန့်သတ်ပိတ်ပင်လိုက်သောကြောင့် ဖြစ်ပါသည်။ ပဲစင်းငုံထွက်ပေါ်လာမည့်အချိန် နီးကပ်သည်နှင့် အမျှ ပဲစင်းငုံနှင့်ပတ်သက်ဆက်နွယ်နေသူ အားလုံးခေါင်းချင်းဆိုင်ပြီး အလေးထားဆောင်ရွက်ကြရမည့် တာဝန်တစ်ရပ်ပင် မဟုတ်ပါလော။

စောမောင်(တောင်ကြီး)

ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၅)မန္တလေးမှ သင်တန်းသားများ ရန်ကုန်မြို့သို့ လေ့လာရေးခရီးလာရောက်

ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)တွင် သြဂုတ်လ ၁၈ ရက်မှ နိုဝင်ဘာလ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချနေ သည့် ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၅) သို့တက်ရောက်လျက်ရှိသော သင်တန်းသား၊ သင်တန်းသူများအား စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ လေ့လာရေးခရီးစဉ်အဖြစ် နိုဝင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာနသို့ သွားရောက်လေ့လာခဲ့ရာ ဧည့်ခန်းမတွင် လက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးမြင့်ထူးက MACCS (Myanmar Automatic Cargo Clearance System-MACCS) စနစ်နှင့်ပတ်သက်၍ ရှင်းလင်းခဲ့ရာ ၎င်းမှမိမိတို့ဌာနအနေ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် MACCS စနစ်သည် ဂျပန်နိုင်ငံ အကောက်ခွန်ဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ ဂျပန် IT ပညာရှင်များနှင့် မြန်မာအကောက်ခွန်ဌာနမှ ဝန်ထမ်းများ၊ IT ပညာရှင်များ ပူးပေါင်းရေးဆွဲထားသောစနစ်ဖြစ်ပါကြောင်း၊ MACCS စနစ်ကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် OGAS Procedures များ၊ User အနေနဲ့ Shipping Line, Port, CY စသည့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ OGAS များနှင့်ချိတ်ဆက်ရာတွင် လိုင်စင်၊ ပါမစ်ကိစ္စရပ်များအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ Online မှတစ်ဆင့် သတ်မှတ်ထားသည့် Server များနှင့် ချိတ်ဆက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ဌေးနောက် သင်တန်းသား၊ သင်တန်းသူများသည် အကောက်ခွန်ဦးစီးဌာနရှိ ဌာနစိတ်များသို့ သွားရောက်၍ လက်တွေ့လုပ်ငန်းဆောင်ရွက်နေပုံများအား သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ သက်ဆိုင်ရာဌာနစိတ်တာဝန်ခံများ ကရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် သီလဝါဆိပ်ကမ်းသို့ ဆက်လက်လေ့လာရာ Myanmar International Terminals Thilawa Limited (MITT) ရုံးဧည့်ခန်းမတွင် ဦးကျော်ဆွေလှ (Administration Manager) က သီလဝါဆိပ်ကမ်းတွင် သင်္ဘောများဆိုက်ကပ်သွားလာနေမှု အခြေအနေများနှင့်ကုန်ပစ္စည်းများ တင်ချမှု အခြေအနေများအား ရှင်းလင်း ပြောကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများအား သီလဝါဆိပ်ကမ်းရှိ ကွန်တိန်နာတင်ပို့ သယ်ယူဆောင်ရွက်နေမှုများအား လိုက်လံရှင်းလင်းခဲ့ပါသည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများသည် သီလဝါအထူး စီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ One Stop Service Center သို့ သွားရောက်လေ့လာခဲ့ရာ Myanmar-Japan Thilawa Development Ltd. (MJTD) ရှိဧည့်ခန်းမတွင် တာဝန်ရှိသူများက ရှင်းလင်းပြောကြားရာ သီလဝါအထူး စီးပွားရေးဇုန်သည် ရန်ကုန်မြို့မှ ၂၃ ကီလိုမီတာကွာဝေးပြီး သန်လျင်မြို့နှင့် ၁၀ ကီလိုမီတာကွာဝေးပါကြောင်း၊ မိမိတို့ဌာနတွင် စုစုပေါင်းလုပ်သားအင်အားမှာ ၃၀၀၀၀ ခန့်ရှိပြီး လာရောက်လုပ်ကိုင်ကြသော အလုပ်သမားအများ စုမှာ သန်လျင်နှင့်ကျောက်တန်းမှ ဒေသခံများဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူပေါင်း ၈၇ ဦး ပါရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအများဆုံးမှာ ဂျပန်နိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးမှာ ထိုင်းနိုင်ငံဖြစ်ပါကြောင်း၊ ကျွမ်းကျင်အလုပ်သမားများ အနေဖြင့် နိုင်ငံခြားအလုပ်သမား ငါးရာခိုင်နှုန်းသာ အသုံးပြုထားသည့်အတွက် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူနေမှုအဆင့်အတန်း တိုးတက် မြင့်မားစေမှာဖြစ်ပါကြောင်းနှင့် သီလဝါ အထူးစီးပွားရေးဇုန်ရှိ စက်ရုံများ၏ လုပ်ငန်းလည်ပတ်နေမှုများအား ရှင်းလင်းပြောကြားပြီး ဇုန်အတွင်းသို့ မော်တော်ယာဉ်ဖြင့် လှည့်လည်ရှင်းလင်းပြသခဲ့ ကြောင်း သတင်းရရှိပါသည်။

(MM/TM DOT-MDY)

POE POE

POE POE
SERVICES COMPANY LIMITED

CAR SALES CENTER

No.30-A Golden Valley St, Golden Valley 2nd Ward, Bahan Township, Yangon, Myanmar. No.51-B Shwe Taung Gone St, Bahan Township, Yangon, Myanmar.
PH : +95 01 532218, 01 504458

HP : + 95 09 5570555, 09 78557055, 09 795570555, 09 5590555

Email : poepoeseven@gmail.com

အမေရိကန်ပြည်ထောင်စုဘော်စတွန်မြို့အခြေစိုက်

ရိုးမမြန်မာ Yoma Myanmar®

လက်ဖက်နှင့်ရှမ်းရိုးရာစားသောက်ကုန်လုပ်ငန်း

Tea Salad and Fine Myanmar Food

အချိုမှုန့်၊ တာရှည်ခံဓာတုဆေး နှင့် ဆိုးဆေးများ
လုံးဝ(လုံးဝ)ကင်းရှင်းကြောင်း အာမခံပါသည်။
ကျန်းမာရေးနှင့် ညီညွတ်သော နေကြာဆီ
သန့်သန့်ကိုသာ အသုံးပြုထားပါသည်။
" သဘာဝလက်ဖက်အရသာ ရိုးမမြန်မာ "

We are Myanmar &United States FDA Registered

မြန်မာပြည်တွင် ရရှိနိုင်သော နေရာများ
"စီးတီးမတ်၊ မားကက်ပလေ့စ်၊ အိုးရှင်း၊ ကယ်ဝီတယ်" ဆိုင်များနှင့် ပင်ရင်းဌာနဖြစ်သော
အလုံပြိုနယ် ပင်ရင်းအရောင်းခန်းမတွင် ရရှိနိုင်ပါသည်။
အမေရိကန်နိုင်ငံတွင် ရရှိနိုင်သော နေရာများ ဘော်စတွန်မြို့ မန်ဆာချူးဆက်ပြည်နယ်နှင့်
ကမ္ဘာအကြီးဆုံးအွန်လိုင်းစတိုးဖြစ်သည့် အမေဇုံအွန်လိုင်းစတိုး
www.amazon.com/yomamyanmar တွင် ရရှိနိုင်ပါသည်။

Yoma Myanmar (USA)
5 North Beacon Street Boston,
MA 02134 USA
Tel: 617 412 6799
Email.info@teasalad.com

Yoma Myanmar

ဝ၅၉(ခ) အောက်ကြည့်မြင့်တိုင်လမ်း
အလုံပြိုနယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉-၅၁၆၂၇၄၇
အီးမေးလ် yomamyanmar2012@gmail.com

Visit us on www.teasalad.com Like us on yoma myanmar

K.T.Z Company Limited

Providing Better Life for the People

We distribute
Pharmaceuticals
&
Consumer Products
throughout
the whole country.

Well Established,
Systematic & 80% coverage of
Potential Area in Myanmar

Head Office	:	No.32, Manawhari Road, Dagon Tsp., Yangon
Tel	:	(95-1) 221 259, 538 946, 223 753, 230 0768, (95-9) 730 49702 - 4
Fax	:	(95-1) 221 259, 538 946, 223 753, 230 0768 Ext : 102
Email	:	info@ktzcompany.com
Website	:	www.ktzcompany.com
Mandalay Office	:	No.6, Mya Nanda St., Bet (24th x25th) (62nd x 63rd) St., Mahar Zayar Bon Qtr,
Tel	:	(02) 61355, 61325, 09-680 1132, 680 7132
Nay Pyi Taw Office	:	No. 912, 22nd st., Aung Thayar Qtr., Pobba Thiri Tsp.,
Tel	:	067 - 25585, 25586

TOYOTA 3rd Year Anniversary

Get gold and Travelling to Ngapali Free

MINGALAR

Nov 7 to 17. 2017 (Special Promotion)

➡ မည်သည့်ကားမဆို လာရောက်ဝယ်ယူအားပေးသူတိုင်းအတွက်
ရွှေလက်ဆောင် (Gold Bullion) များ ချီးမြှင့်မည်။

➡ One Lucky Draw - လေယာဉ်Ticket ဖြင့် နစ်ညအိပ်(၂)ယောက်စာ ငပလီခရီးစဉ်

TOYOTA Brand New Car Showroom
No.6,Bayintnaung Road, Ward (2), Hlaing Tsp, Ygn, Myanmar, Tel : +95 1 514940~41
Authorized Service Station
No.236,Ahlone Road, Ahlone Tsp,Ygn, Myanmar, Tel : +95 1 221224, 230 2122~23, 230 2126, Daily Open : 9:00AM : 5:30PM (Mon~Sun)

All-NEW

EVEREST

START FROM | $ 45,900

Limited Availability

YGN
လိုင်စင်ရပြီ

Hill launch assist and Hill descent control

Travel first class with specious, luxurious interior with functions for convenience

Terrain management system

800 mm water wading and 225 mm ground clearance

Ford
Go Further

CAPITAL AUTOMOTIVE

YANGON SHOWROOM:

No. (3), Ward (12), Insein Main Road, Hlaing Township, Yangon, Myanmar.
Ph : +95(0)1 521-959

MANDALAY SHOWROOM:

No. (55), Corner of 78th Street & 10th Street of Near Kywe Sel Kan, Pyi Gyi Tagon Township, Mandalay.
Ph : +95(0)2 56014~18

Ford-Myanmar.com | sales@ford-myanmar.com

နိုဝင်ဘာလ ပထမပတ်အတွင်း ပြောင်းတန်ချိန် ၁၅၀၀ နီးပါးတန်ခန့် ကယားပြည်နယ်မှတင်ပို့

ကယားပြည်နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း အစေ့ထုတ်ပြောင်း(မိုး)ကို ၅၈၃၁၄ ဧက စိုက်ပျိုးထားကြောင်း သိရှိရပါတယ်။ ယခင်အောက်တိုဘာလအတွင်းက ကယားပြည်နယ်ရှိ ပြောင်းစိုက်တောင်သူအများစု ပြောင်းခူးဆွတ်လာသည်နှင့် ပွဲရုံရှိလုပ်ငန်းရှင်များကလည်း ပြောင်းကိုပိုမိုဝယ်ယူပြီး တင်ပို့လာကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။

ယခင် အောက်တိုဘာလအတွင်းက ပြောင်းအိတ် စုစုပေါင်း ၄၈၈၃၇ အိတ် တန်ချိန်အားဖြင့် ၂၄၅၂ တန်ခန့် တင်ပို့ထားရာ တစ်ရက်လျှင် ၇၉ တန်ခန့် တင်ပို့ကြောင်း၊ ယခုနိုဝင်ဘာလပထမပတ်အတွင်းတွင် ပြောင်းအိတ်စုစုပေါင်း ၂၉၆၃၅ အိတ် တန်ချိန်အားဖြင့် ၁၄၈၈ တန်ခန့် တင်ပို့ထားကြောင်း၊ ပြောင်းတင်ပို့ရာတွင်လည်း ရန်ကုန်မြို့ရှိပွဲရုံများသို့ အများဆုံး တင်ပို့ပြီး မန္တလေးမြို့ရှိပွဲရုံများသို့လည်း တင်ပို့ကြောင်း မြို့ဦးဂိတ်စာရင်းအရသိရှိရပါတယ်။

ကယားပြည်နယ်တွင် ယခင်တစ်ပတ်အတွင်းက ပြောင်း(စို)တစ်ပိသာလျှင် ကျပ်၃၈၀၊ ပြောင်း (ခြောက်) တစ်ပိသာလျှင် ကျပ် ၄၀၀ စျေးပေါက်ပြီး ယခုတစ်ပတ်အတွင်း ပြောင်း(စို)တစ်ပိသာလျှင် ၃၆၅ ကျပ် ၊ ပြောင်း(ခြောက်) တစ်ပိသာလျှင် ၃၈၅ ကျပ် စျေးပေါက်သောကြောင့် ယခင်တစ်ပတ် ထက်ပြောင်းစျေး အနည်းငယ်ကျလာကြောင်း ကယားကုန်စျေးနှုန်းသတင်းအရ သိရှိရပါတယ်။

ထွန်းနိုင်လင်း(လွှိုင်ကော်)

မူဆယ်မှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းသုံးခုမှ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၂ ဒသမ ၀၁၉ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၅၇၉၁၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၅၄၃၅၃ တန်ကျော်၊ လွယ်ဂျယ်မှ တန် ၃၃၈၀ ကျော်နဲ့ ချင်းရွှေဟော်မှ ၁၈၁ တန်ခွဲဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှတန် ၂၁၈၀၀၊ လွယ်ဂျယ်မှ ၃၆၂၂ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၃၆၃ တန်ခွဲ စုစုပေါင်း တန်ချိန် ၂၅၇၅ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ မူဆယ်မှ ပြောင်းတန်ချိန် ၃၂၅၅၃ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်း တစ်တန်ကို ၂၈၁၆၃၃ ကျပ်ရှိရာမှ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ သီတင်းပတ်မှာ ၂၈၁၃၄၆ ကျပ်သို့ စျေးအနည်းငယ်ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၁၈၁၈ စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၁၀၀၄ စီး ပိုမိုခဲ့ကြောင်း၊ မန္တလေး-မူဆယ် ကုန်သယ်ယူစရိတ်မှာ ပြောင်းတစ်ပိသာကို ၄၈-၅၄ ကျပ်ရှိကြောင်း သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁၅၇၀ တန်ဖိုးရှိ ပြောင်းဖူးစေ့ ၅၁ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မော်မော်အောင်

မြန်မာ့ဖရဲများကို ပြည်ပသို့ တင်ပို့

မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ သစ်သီးများကို ပြည်ပသို့ရေကြောင်း ကုန်သွယ်မှုရော နယ်စပ်ကုန်သွယ်မှုနဲ့ပါ တင်ပို့လျက်ရှိပြီး မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇၇ သန်း တန်ဖိုးရှိ ဖရဲသီး တန် ၁၁၃၀၀ ကိုတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၈၅၁၂ တန်နဲ့နှိုင်းယှဉ်ပါက ၂၇၈၈ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

တရုတ်နိုင်ငံမှ ဖရဲသီးဝယ်ယူရာတွင် တစ်လုံးကို အလေးချိန်ရှစ်ပိသာမှ ၁၀ ပိသာ ဝန်းကျင်ရှိတဲ့ အလုံးတွေကိုသာ အဓိကဝယ်ယူကြောင်း၊ မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်ကို ဖရဲကားအစီးရေ ၁၂၀ ခန့် ပုံမှန်ဝင်ရောက်မှုရှိကြောင်း၊ ချင်းပြည်နယ်နဲ့ ကယားပြည်နယ်မှလွဲပြီး ဖရဲ သခွားကို နိုင်ငံတစ်ဝန်း စိုက်ပျိုးကြပြီး စစ်ကိုင်း၊ မန္တလေးနဲ့ ပဲခူးတိုင်းဒေသကြီးတို့တွင် စိုက်ဧက အများဆုံးဖြစ်ကြောင်း မြန်မာနိုင်ငံဖရဲ၊ သခွား စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ မှ သိရပါတယ်။

မော်မော်အောင်

မူဆယ်မှ ဝါဂွမ်းရော ပိုးအိမ်ပါပိုမိုတင်ပို့

အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက် အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၈၀၅၀၀ တန်ဖိုးရှိ ငွေချည်-၆- ဝါဂွမ်း ၁၂၇ တန်ခွဲ နဲ့ အမေရိကန်ဒေါ်လာ ၃၈၅၁၀၀ တန်ဖိုးရှိ ပိုးအိမ် ၁၁ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ဝါဂွမ်း ၃ ၂ တန်သာတင်ပို့ခဲ့ပြီး ပိုးအိမ်တင်ပို့မှုမရှိတဲ့အတွက် ယခုတစ်ပတ် မူဆယ်မှ ဝါဂွမ်းရော ပိုးအိမ်ပါ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ငွေချည်-၆-ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုကို တောင်တွင်းကြီး၊ ပျော်ဘွယ်၊ စလေ၊ ရမည်းသင်း၊ ချောက်၊ အောင်လံ၊ ပေါင်းတည်နဲ့ ဝက်ထီးကန်ဒေသတွေမှာ အများဆုံးစိုက်ပျိုးကြပြီး တရုတ်နိုင်ငံစျေးကွက်ကို အဓိကတင်ပို့ရောင်းချလျက်ရှိတယ်လို့ သိရပါတယ်။

မော်မော်အောင်

ပျားရည်တင်ပို့မှု အနည်းငယ်လျော့ကျ

အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက် အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၇၅၉၅၀ တန်ဖိုးရှိ ပျားရည် ၁၀၈ တန်ခွဲကို တရုတ် နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၂၃ တန်နဲ့ နှိုင်းယှဉ်ပါက ၁၄ တန်ခွဲ လျော့နည်းတင်ပို့ခဲ့ပါတယ်။

ပျားသတ္တဝါတွေရဲ့ အဓိကအစာတွေကတော့ နှမ်း၊ ရော်ဘာ၊ ဒူးရင်း၊ ကျွဲကော၊ လိုင်ချီး၊ ပြောင်းနဲ့ပဲအမျိုးမျိုးဖြစ်ပြီး သာမန်ပျားအစာတွေ မှာ သခွား၊ ဖရဲ၊ လဲမ့ီ၊ ရှောက်၊ သံပုရာ၊ လက်ပံ၊ အင်ကြင်း၊ သရက်၊ ကြက်မောက်၊ ကံ့ကော်၊ ဇီး၊ အုန်း၊ ကွမ်း၊ ယူကလစ်နဲ့ ထိကရုံးတွေဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့တွင် အများဆုံးလုပ်ကိုင်လျက်ရှိပါတယ်။

မော်မော်အောင်

သာပေါင်းမြို့နယ်တွင် မြို့နယ်ရော်ဘာလုပ်ငန်းရှင်များအသင်းဖွဲ့စည်း

သာပေါင်းမြို့နယ်တွင် မြို့နယ်ရော်ဘာလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို သာပေါင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်အေးခန်းမ၌ နိုဝင်ဘာ ၅ ရက်တွင်ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး၊ ပုသိမ်ခရိုင်ဦးစီးမှူး၊ သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ တိုင်းရော်ဘာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သာပေါင်းမြို့နယ်ရော်ဘာလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးက ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးရေးအတွက် ဌာန၏လုပ်ဆောင်နေမှုများ၊ အသင်းအဖွဲ့များ ဖွဲ့စည်းရသည့်အကြောင်းများ၊ ထုတ်ကုန်များတိုးတက်တင်ပို့နိုင်ရေးအတွက် လုပ်ဆောင်ရမည့်အချက်များအား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးက သာပေါင်းမြို့နယ်အတွင်း စိုက်ပျိုးလျက်ရှိသည့် သီဟိုဠ်၊ ရော်ဘာ၊ မာန်ဂျန်ရှားစိုက်ပျိုးထွက်ရှိသည့်အခြေအနေများ၊ မြေလွတ်မြေရိုင်း၊ ဂရမ်မြေများဆောင်ရွက် ပေးနေမှုအခြေအနေများ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သတင်းနှင့်နည်းပညာရရှိနိုင်မှုအခြေအနေများ အား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဧရာဝတီတိုင်း ရော်ဘာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ဧရာဝတီတိုင်းအတွင်း စိုက်ပျိုးလျက်ရှိသည့် ရော်ဘာစိုက်ဧကများ၊ ရော်ဘာမျိုးများ၊ ပြည်တွင်းပြည်ပရော်ဘာလုပ်ငန်းများအားလေ့လာခဲ့မှုများ၊ တင်ပို့ရောင်းဝယ်လျက်ရှိသည့် ရော်ဘာစျေးနှုန်းနှင့် အရည်အသွေးများအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မြို့နယ်ရော်ဘာလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းနိုင်ရေးအတွက် တက်ရောက်လာသော ရော်ဘာလုပ်ငန်းရှင်များအား အများဆန္ဒအရ ရွေးချယ်ခဲ့ပြီး အမှုဆောင် ၁၁ ဦးဖြင့် သာပေါင်းမြို့နယ် ရော်ဘာလုပ်ငန်းရှင်များ အသင်းအား ရွေးချယ်ခဲ့ပါသည်။ ရွေးချယ်ခံ မြို့နယ်ရော်ဘာအသင်း ဥက္ကဋ္ဌက အသင်းအောင်မြင်အောင်ဆောင်ရွက်ရေး၊ သင်းဖွဲ့စည်းမျဉ်းများရေးဆွဲ၍ အသင်းတရားဝင်ဆက်လက်ရပ်တည်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် ရေး၊ ရော်ဘာလုပ်ငန်းများတိုးချဲ့၍ ပြည်ပသို့ အရည်အသွေးကောင်းရော်ဘာများ တင်ပို့ထုတ်လုပ်ရေးများကို တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

မောင်ပုသိမ်

အောက်တိုဘာလအတွင်း ရော်ဘာပိုမိုတင်ပို့

အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာလ ၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၆၁ သန်း တန်ဖိုးရှိရော်ဘာ ၁၇၆၈ တန်ကျော်ကို မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS3 ၄၃၉ တန်၊ RSS 5 ၇၆၉ တန်ကျော်၊ MSR 20 ၃၈၁ တန်ခန့်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RSS 3 ၆၉ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Crepe Rubber ၁၀ တန်တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိတာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေးတန် ၁၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၁၁၃၃ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၃၅ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ စက်တင်ဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၇၅ သန်းတန်ဖိုးရှိ ရော်ဘာ ၅၁၆၁ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး စက်တင်ဘာလက ၄၃၅၄ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုလမှာ ၈၀၇ တန် ပိုမိုတင်ပို့ ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာစျေးမှာ RSS 3 တစ်တန်လျှင် ကျပ် ၂၀ ဒသမ ၁၄၂ သိန်းရှိပြီး ယခင်တစ်ပတ်စျေးနဲ့ နှိုင်းယှဉ်ပါက တစ်တန်ကို ၂၀၅၆ ကျပ်စျေးကျကြောင်း သိရပါတယ်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၈၆၁ သန်းတန်ဖိုးရှိ ရော်ဘာ ၅၇၁ တန်ကျော် တင်ပို့ခဲ့ရာ မလေးရှားနိုင်ငံသို့ RSS 3 ၁၇၁ တန်၊ ဂျပန်နိုင်ငံသို့ MSR 20 ၉၈ တန်၊ တရုတ်နိုင်ငံသို့ TSR 20 အမျိုးအစား ၈၁ တန်ခန့်နဲ့ MSR 10 ၂၀၁ တန်ကျော်၊ အိန္ဒိယနိုင်ငံသို့ RSS 1 တန်ချိန် ၂၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၂၇၈ တန် တင်ပို့ ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၉၃ တန် ပိုမိုခဲ့ပါတယ်။ အောက်တိုဘာလအတွင်းမှာအမေရိကန်ဒေါ်လာ ၂ ဒသမ ၈၂၂ သန်းတန်ဖိုးရှိရော်ဘာ ၁၈၇၂ တန်ကျော်တင်ပို့ခဲ့တဲ့ အတွက် စက်တင်ဘာလ တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၇၉၅ တန် ပိုမိုခဲ့ပါတယ်။ စက်တင်ဘာလအတွင်းက ရော်ဘာ ၁၀၇၇ တန်တင်ပို့ခဲ့တဲ့အတွက်ဖြစ်ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာစျေး အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB စျေးလည်း ယခင်တစ်ပတ်အတိုင်း စျေးနှုန်းမပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းရဲ့ စျေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

ယဉ်ယဉ်အေး

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

စားသုံးသူအခွင့်အရေးနှင့် အမှိုက်ကင်းသောနိုင်ငံဆီသို့

နိုင်ဦး

လွန်ခဲ့သည့် ၄ ရာစုလောက်က ကမ္ဘာကြီး ပြားနေသည်ဟုထင်ခဲ့သည်။ ပြားနေ၍သာ လူများ ရပ်တည်နေနိုင်ကြောင်းပြောကြသည်။ ၁၄ ရာစုသို့ရောက်သောအခါ လေးထောင့်ပုံစံဖြစ်သည်ဟုယူဆခဲ့ကြသည်။ နေ့နှင့်ညဖြစ်ပေါ်နေခြင်းသည် ကမ္ဘာကြီးလေးထောင့်ပုံစံဖြစ်နေ၍ဟု အကြောင်းပြကြသည်။

၁၆ရာစုသို့ ရောက်သောအခါတွင်မူ ကမ္ဘာကြီးသည် လုံးဝန်းသောပုံသဏ္ဌာန်ရှိကြောင်း၊ မိမိဝင်ရိုးပေါ်တွင် ၂၃½ ဒီဂရီ တိမ်းစောင်းကာ လည်ပတ်နေသဖြင့် ဒီရေအတက်အကျ၊ နေ့/ညများဖြစ်ပေါ်နေသည်ဟု သက်သေအထောက်အထားများဖြင့် တင်ပြခဲ့ကြ၍ လက်ခံခဲ့ကြသည်။ ယနေ့ ၂၁ရာစုနောက်ပိုင်းတွင်မူ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက ကမ္ဘာမြေကြီးသည် အမှိုက်ပုံကြီးတစ်ခုဖြစ်နေကြောင်း ရင်နာနာဖြင့် ကမ္ဘာသူကမ္ဘာသားများအား ပြောကြားပညာပေးလျက်ရှိကြသည်။ ကျွန်တော်တို့နေထိုင်ရာ ကမ္ဘာကြီးသက်ရှည်ကျန်းမာပြီး စိမ်းလန်းစိုပြည်မှသာ သက်ရှိများအားလုံး သက်ရှည်ကျန်းမာမည်ဖြစ်၍ ကမ္ဘာသူ ကမ္ဘာသားအားလုံးတွင် တာဝန်ရှိကြောင်း၊ တစ်ဦးချင်းမှ စတင်လိုက်နာဆောင်ရွက်ရန် လိုကြောင်း ပြောကြသည်။

နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံသည် ကိုယ်ကျိုးစီးပွားကိုကာကွယ်ရန်မိမိနိုင်ငံမှ သက်တမ်းလွန်ပစ္စည်းများ၊ ဘေးဥပဒ်အန္တရာယ်ရှိသော ပစ္စည်းများ၊ တစ်ပတ်ရစ်အိမ်သုံးကုန်ပစ္စည်းများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသောပစ္စည်းများကို အိမ်နီးချင်းနိုင်ငံများသို့ဈေးပေါပေါဖြင့် အမှိုက်များ စွန့်ပစ်သည့် သဘောရောင်းချကြသည်။

အများအားဖြင့် ကုန်တိုက်ကြီးများတွင် ရောင်းမစ္စီ၍သော်လည်းကောင်း၊ သက်တမ်း ကုန်ကျန်ရစ်၍သော်လည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ်အရလည်းကောင်း၊ ဘေးကင်းလုံခြုံမှုမရှိသော ကြက်ဥ၊ ဘဲဥများ၊ အေးခဲအသားများ၊ အခြားသောစားသောက်ကုန်၊ လူသုံးကုန်များကို အိမ်နီးချင်းနိုင်ငံများသို့ဈေးပေါပေါဖြင့် ရောင်းချခြင်း၊ စံမမီလျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ တစ်ပတ်ရစ်ပစ္စည်းများ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ တီဗီ၊ အဲယားကွန်းစသည်များကို ရောင်းချခြင်းများကြောင့် ၎င်းတို့နိုင်ငံရှိ အမှိုက်များသန့်ရှင်းပြီး ဝယ်ယူတင်သွင်းခဲ့မိသည့်နိုင်ငံများအတွက်မူ အချိန်တိုအတွင်းပျက်စီးရသဖြင့် အမှိုက်များစုပုံလာပြီး မြေဆီလွှာပျက်စီးသည်ထိဖြစ်လာသည်။ စားသုံးသူများသုံးစွဲသည့် စံမမီလူသုံး/အိမ်သုံးပစ္စည်းများကြောင့် ဒုက္ခပေါင်းစုံနှင့် ကြုံတွေ့နေကြရသည်။

ယနေ့ခေတ်သည် အပြောင်းအလဲများမြန်ဆန်လှသဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများလည်း လျင်မြန်စွာလိုက်ပါပြောင်းလဲနေသည်။ ပြောင်းလဲမှုများကိုအမီလိုက်ရင်း နိုင်ငံအသီးသီးတွင် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို လျစ်လျူရှုခဲ့သဖြင့် ဆိုးကျိုးများစွာ တွေ့ကြုံခံစားနေကြရသည်။ မကြုံဘူးသော ရောဂါဆန်းများဖြစ်နေကြသည်။ အိပ်မက်မှလန့်နိုးလာသလို သိရှိသောအခါ ပြန်လည်တည်ဆောက်ရာတွင် အခက်အခဲများစွာ ကြုံတွေ့လာရတော့သည်။

ထို့ကြောင့်ပင် ၁၉၆၀ ခုနှစ်ဝန်းကျင်တွင် စားသုံးသူများအား အကာအကွယ်ပေးနိုင်ရေး အတွက် ပိုမိုအလေးပေးဆောင်ရွက်လာကြသည်။ ပြည်သူများသုံးစွဲပါက အတိဒုက္ခရောက်စေမည့် အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် အခြားပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူးခြင်းများ မပြုလုပ်ရန်၊ တားမြစ်ခြင်း အရေးယူခြင်းများ ဆောင်ရွက်လာကြသည်။

အထူးခြားဆုံးမှာ ၁၅. ၃. ၁၉၆၂ ရက်နေ့တွင် အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီက ကွန်ဂရက်၌ စားသုံးသူအကာအကွယ်ပေးရေး အခြေခံအချက် ၄ ချက်ဖြစ်သည့် ရွေးချယ်ဝယ်ယူ စားသုံးခွင့်၊ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစွာ စားသုံးခွင့်၊ သတင်းအချက်ပြည့်စုံစွာ ရရှိနိုင်ခွင့်၊ မကျေနပ်မှုများ ပြောဆိုတင်ပြကြားနာနိုင်ခွင့်များကို သမိုင်းဝင်ကြေညာချက်အဖြစ် ထုတ်ပြန်ခဲ့သည်။

ထိုမှတစ်ဆင့် ပျံ့နှံ့သွားရာမှ၁၉၇၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးသို့ တပ်လှန့်သလို ဖြစ်သွားခဲ့သည်။ နှစ်စဉ်နှစ်တိုင်း မတ်လ ၁၅ရက်နေ့ကို ကမ္ဘာ့စားသုံးသူများနေ့အဖြစ်သတ်မှတ်ကာ စားသုံးသူအကာအကွယ်ပေးရေးအခမ်းအနားများ ကျင်းပကာ ပြည်သူ့အများ ကျယ်ကျယ်ပြန့်ပြန့်သိရှိရေးပညာပေးနိုင်ခဲ့သည်။

စားသုံးသူအကာအကွယ်ပေးရေးနယ်ပယ်အတွင်း အမျိုးသားရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းရေး၊ ဥပဒေပြဋ္ဌာန်းရေးတို့ကို လေ့လာဆန်းစစ်ရန် ကမ္ဘာ့ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီသို့ မေတ္တာရပ်ခံခဲ့ရာ အဆိုပါကောင်စီမှ နိုင်ငံတကာပြည်သူများအား စားသုံးသူအကာအကွယ်ပေးရေးဆောင်ရွက်ပေးခြင်းဖြင့် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရန်သာမက၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုစသည့် ကောင်းကျိုးများရရှိစေနိုင်သည်ကို အသိအမှတ်ပြုလာသည်။

ထိုမှစ၍ကမ္ဘာ့နိုင်ငံများသည်မိမိတို့၏နိုင်ငံသူနိုင်ငံသားများသုံးစွဲလျက်ရှိသော လူသုံး/ အိမ်သုံးပစ္စည်းများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချမှုရှိရေးအတွက် နိုင်ငံတကာမှသတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် အညီ ရှိ/မရှိစစ်ဆေးကြပ် မတ်လာသလို မိမိနိုင်ငံမှ ထုတ်လုပ်တင်ပို့သော လူသုံး/အိမ်သုံးပစ္စည်းများ သည်လည်း အလားတူဖြစ်ရေးအလေးပေး ဆောင်ရွက်လာကြသည်။

မြန်မာနိုင်ငံတွင်လည်း သက်ဆိုင်ရာဌာနများအလိုက် ပြည်ပနိုင်ငံများမှ တင်သွင်းသော လူသုံး/အိမ်သုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးကြပ်မတ်လျက်ရှိသလို မိမိနိုင်ငံမှ တင်ပို့သောပစ္စည်းများကိုလည်း အလားတူ စစ်ဆေးကြပ်မတ်ပြီးမှသာ တင်ပို့လျက်ရှိပါသည်။ အထူးသဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများသည် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သော ပြည်သူများအတွက် အလုပ်အကျွေးပြုကာ စားသုံးသူများအတွက် ကုန်စည်၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

အစဉ်၌ ပကတိရိုးသားသော နေထိုင်စားသောက်မှုပုံစံများကြောင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အများအားဖြင့် နားမလည်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဟောပြော ဆွေးနွေးခြင်း၊ ဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ စစ်ဆေးပညာပေးခြင်း၊ သင်တန်းများဖွင့်လှစ်ပေးခြင်း၊ လမ်းဆုံလမ်းခွ၊ လူစည် ကားရာနေရာများ၌ ပညာပေးဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးခဲ့သဖြင့် စားသုံးသူရရှိမည့် အခွင့်အရေးများသိရှိလာပြီး စံမမီလူသုံး/အိမ်သုံးပစ္စည်းများကြောင့် လတ်တလောဒုက္ခရောက်ရပုံ၊ ရေရှည်တွင် ဆင်းရဲမှုကြုံတွေ့ရပုံများကို သိရှိလာကြသဖြင့် စားသုံးသူများ ပူးပေါင်းပါဝင်လာကြသည်။

ထို့နောက်ဆက်လက်၍ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄)အရ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အခြားဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ဖွဲ့စည်းခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေများတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးများမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ(CICC)များဖွင့်လှစ်ဆောင်ရွက်၍ စားသုံးသူများ စားသုံးသူအခွင့်အရေးများအပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသောထုတ်ကုန်များ၊ လုံခြုံစိတ်ချရမှုရှိသော လူသုံး/အိမ်သုံးပစ္စည်းများရယူသုံးစွဲနိုင်ရေး၊ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက တိုင်ကြားနိုင်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့သဖြင့် စားသုံးသူများ အသိအမြင်များ ပွင့်လင်းလာသည်။ ရွေးချယ်စားသုံးတတ်လာသည်။ နစ်နာမှုများကို တိုင်ကြားတတ်လာသည်။ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများတွင် သာမန်ပူးပေါင်းပါဝင်လာမှုမှ ဈေးများ၊ ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေးအဖွဲ့များကို ထဲထဲဝင်ဝင် ဖွဲ့စည်းကြသည်အထိ အားရဖွယ် ပါဝင်ဆောင်ရွက်လာကြသည်။

စားသုံးသူရေးရာ ဦးစီးဌာနမှလည်း ပြည်သူများပူးပေါင်းပါဝင်လုပ်ဆောင်ချက်များကြောင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိသည်။

ပြည်ပနိုင်ငံများမှ တင်သွင်းသော အမှိုက်များ၊ တစ်နည်းအားဖြင့် စားသုံးရန်၊ သုံးစွဲရန် မသင့်သော လူသုံး/အိမ်သုံးပစ္စည်းများ ဝင်ရောက်လာမှုမရှိစေရေးအတွက် သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းတားဆီးခြင်း၊ ပြည်တွင်းဈေးကွက်၌ အဆိုပါပစ္စည်းများရောင်းချနေမှုများကို စစ်ဆေးခြင်း၊ ဖျက်ဆီးခြင်း၊ စားသုံးသူများနစ်နာမှုနှင့်ပတ်သက်၍ တိုင်ကြားမှုများကို လက်ခံဖြေရှင်းပေးခြင်း၊ ပြည်တွင်းလုပ်ငန်းရှင်များကိုလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ထုတ်လုပ်ရေးအတွက် စည်းရုံးပညာပေးခြင်းများကို ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် ပြည်ပမှ စံမမီစွန့်ပစ်ပစ္စည်းများဖြစ်သည့် လူသုံး/အိမ်သုံးပစ္စည်းများကို မသုံးစွဲကြပါရန်နှင့်တွေ့ရှိပါက သတင်းပေးကြပါရန်၊ သုံးစွဲမိ၍ နစ်နာဆုံးရှုံးမှုဖြစ်ပါက တိုင်ကြားကြပါရန် လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ ပြည်သူနှင့် ပူးပေါင်းကာ တိုက်ဖျက်နိုင်မည်ဖြစ်သည်။ ပြည်သူများအေးချမ်းပျော်ရွှင်၊ ကျန်းမာစွာဖြင့် ရောဂါဘယကင်းရှင်းကာ သက်တမ်းစေ့နေနိုင်မည်ဖြစ်သည်။

တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ကျန်းမာစွာ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် ပြည်ပမှ တရားမဝင်တင်သွင်းလာသော စံမမီအမှိုက်များကို ရှောင်ရှားနိုင်ကြရန် စားသုံးသူ၏အခွင့်အရေးများကို အပြည့်အဝရရှိအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ပြီးသားဖြစ်သလို အမှိုက်ကင်းစင်သော နိုင်ငံ၊ မြို့၊ ရွာများဖြစ်လာမည်မှာ ဧကန်မုချဖြစ်ပါကြောင်းနှင့် နိုင်ငံသားတိုင်း တာဝန်သိသိ ပါဝင်ဆောင်ရွက်ကြပြီး အမှိုက်ကင်းသောနိုင်ငံဆီသို့ စုပေါင်းလျှောက်လှမ်းခြင်းဖြင့် ကောင်းမွန်သာယာသောလူနေမှုအဆင့်အတန်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်ရရှိစေခြင်းဆိုသည့် စားသုံးသူအခွင့်အရေးကို ခံစားကြရမည်ဖြစ်ကြောင်းတင်ပြလိုက်ရပါသည်။

ရောဝတီတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးတွင် တိုင်းဆားလုပ်ငန်းရှင်များအသင်း ရွေးချယ်ပွဲပြုလုပ်

ရောဝတီတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းရုံးတွင် ရောဝတီတိုင်းဒေသကြီးဆား လုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် အလုပ်အမှုဆောင် ပြန်လည်ရွေးချယ်ပွဲကို နိုဝင်ဘာလ ၆ ရက်တွင် ကျင်းပရာ စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်း ဦးစီးမှူး ဦးသိန်းနိုင်၊ ပုသိမ်ခရိုင်ဦးစီးမှူး ဦးစိုးဦး၊ ARCCI အသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ ပုသိမ်၊ မြောင်းမြမြို့ပေါ် ရှိ ဆားစက်ပိုင်ရှင်များ စုစုပေါင်း ၂၅ ဦး ခန့် တက်ရောက်ခဲ့ပါသည်။

ARCCI အသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က ရန်ကုန်မြို့ UMFCCI တွင် ကျင်းပသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ပုံမှန်တက်ရောက်၍ ရောဝတီတိုင်းဒေသကြီး၏ ပုဂ္ဂလိကကဏ္ဍကို တင်ပြဆောင်ရွက်လျက်ရှိရာ ယခု ဆားစက်လုပ်ငန်းရှင်များအသင်း ပြန်လည်ဖွဲ့စည်း၍ ဆား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြဆောင်ရွက် သွားမှာဖြစ်ကြောင်း၊ တိုင်းအတွင်းရှိ ဆားစက် ၃၂ စက်မှ ပြည်တွင်းလိုအပ်ချက်ကို ပြည့်ဝစွာ ထုတ်လုပ်ပေးနိုင်ခဲ့ပြီး အခက်အခဲရှိပါက တစ်ဦးချင်းထက် အသင်းအဖွဲ့အင်အားဖြင့် ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်မှာဖြစ်ကြောင်း၊ ယခင်အလုပ်အမှုဆောင်များ သက်တမ်းပြည့်၍ ယခုအလုပ်အမှုဆောင်သစ်နှင့် ဆားလုပ်ငန်းရှင်အသင်းကို ပြန်လည်ရွေးချယ်သွားမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါသည်။

စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်က အာဆီယံ Free Trade Area ကို ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့သော်လည်း ၂၀၂၀ ခုနှစ်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်၍ အာဆီယံနိုင်ငံအချင်းချင်း ကုန်စည် များ ယှဉ်ပြိုင်ထုတ်လုပ်ရာတွင် နောက်ကျမကျန် ခဲ့စေရန် သာမကပြည်ပနိုင်ငံများနှင့် စျေးကွက်ယှဉ်ပြိုင်နိုင်ရန် ဆားလုပ်ငန်းရှင်များအသင်းကို ခိုင်ခိုင်မာမာဖွဲ့စည်း၍ ယခုကတည်းက ကြို တင်ပြင်ဆင်ထားရမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားပါ သည်။

ဆက်လက်၍ တက်ရောက်လာသူ လုပ်ငန်းရှင်များ၏ သဘောထားဆန္ဒနှင့်အညီ ရောဝတီတိုင်းဒေသကြီးဆား လုပ်ငန်းရှင်များအသင်းကို နာယက ၂ ဦး၊ ဥက္ကဋ္ဌ ဦးတင်ထွဋ်၊ အတွင်းရေးမှူး ဦးစိုးလွင်၊ ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်၊ တွဲဖက်စာရင်းစစ်နှင့် အဖွဲ့ဝင်များအား ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ **ထွန်းထွန်း (ပုသိမ်)**

ရန်ကုန်ကားစျေးကွက်စျေးတန်းများ မကျဆင်းသော်လည်း အရောင်းအဝယ်အေးလာ

နိုဝင်ဘာပထမပတ်အပြီးကာလအတွင်း ရန်ကုန်မြို့ကားစျေးကွက်အခြေအနေမှာ ၂၀၁၈ မူဝါဒထုတ်ပြန်ပြီးခါစ အခြေအနေနှင့်မတူတော့ဘဲ အရောင်းအဝယ်များ ပြန်လည်အေးလာကာ ရောင်းဝယ်ရေးစခန်းနေရာများ၊ အရောင်းပြခန်းများတို့တွင် ကားလေးအဝယ်နည်းကာ စျေးအမေးသာများကြောင်း သိရသည်။

လတ်တလောရန်ကုန်ကားစျေးကွက်အခြေအနေမှာ အောက်တိုဘာ ၁၆ ရက်နောက်ပိုင်းက တစ်ပတ်အတွင်း ၁၃၀၀ စီစီ အင်ဂျင်ပါဝါသေးညာမောင်းဂျပန်ကားငယ်များ၊ အထူးသဖြင့် ဟွန်ဒါဖစ်၊ ဗင်ဟွန်ဒါဖစ်ရှပ်တဲလ်၊ မာဇဒါဒီမီယိုစသည့် လူကြိုက်များသည့် ကားလေးများအဝယ်လိုက်ခဲ့သော်လည်း ယခုနိုဝင်ဘာလဆန်းပိုင်း တန်ဆောင်တိုင်ပွဲတော်ကာလအပြီးတွင် ကားလေးစျေးကွက်အမြင့်စျေးများဖြင့်သာ စျေးမကျဆင်းဘဲ ပြန်လည်အေးစက်လာကြောင်း၊ အရောင်းအဝယ်နှေးလာကြောင်း သိရသည်။

စလစ်ကပ်ကားအုပ်စုထဲတွင်လည်း လူကြိုက်များရောင်းအားသွက်ကားဖြစ်သည့် အာလ်ဖတ်၊ ကလူဂျာနှင့် ဗန်းဂတ်စသည့် သိန်းလေးရာကျော်ဝန်းကျင်ကားများသာ အဝယ်ရှိပြီး ယခင်ရက်သတ္တပတ်များကဲ့သို့ စလစ်စျေးဆက်လက်မြင့်တက်ခြင်းမရှိတော့ဘဲ ကျပ် ၁၀ သိန်းကျော်ကျော် ပြန်လည်ကျဆင်းလာကြောင်းသိရသည်။

ထိုသို့စျေးကွက်အလှည့်အပြောင်း အနည်းငယ်ဖြစ်ပေါ်လာရခြင်းမှာ စျေးတန်းမြင့်တက်သည်နှင့် အဓိကယာဉ်ဝယ်ရောင်းများအချင်းချင်း ပစ္စည်းကောင်း၊ စျေးတန်းကားလေးများ စုဆောင်းခဲ့ကြသော်လည်း ခေါ်စျေးများမြင့်မားလာပြီး ကျပ်သိန်း ၂၅၀ အထက်ဖြစ်လာကာ ဝယ်လက်များမှာလည်း ၎င်းတို့ခေါ်ယူသောစျေးမပေးနိုင်ဘဲ အရောင်းစင်တာအချို့ရှိ ပြည်တွင်းထုတ်ဆန်နီ၊ ဆူဇုကီးဆလွန်းစသည့် ကျပ်သိန်း ၂၅၀ အထက်ဖြင့် ရောက်ရှိခုနှစ်မော်ဒယ်စီးနင်းနိုင်ကြောင်း၊ ပြည်တွင်းဆင် ဂျပန်ကားများဘက်သို့သာ အာရုံစိုက်လာပြီး ဝယ်ယူလာကြသဖြင့် ကားလေးစျေးကွက်အမြင့်စျေးမှ ထပ်မံမကျဆင်းဘဲ အေးစက်လာကြောင်း၊ စလစ်ကပ်ကားတစ်ပိုင်တစ်နိုင်တင်သွင်းသူများမှလည်း ဒီဇင်ဘာ ၁၅ ရက်ထိ လုပ်ဆောင်ချိန်ရရှိသဖြင့် အချိန်မီနိုင်ပြီး စိတ်ကြိုက်ရွေးချယ်တင်သွင်းမည့်ပုံစံတွေ့ရှိရကြောင်း၊ စလစ်စျေးတန်းလည်း ယခုထက် အနည်းငယ်ကျဆင်းနိုင်သဖြင့် စောင့်ကြည့်နေကြခြင်းလည်းပါဝင်ကာ လာမည့်နှစ်ဆန်းပိုင်းတွင် ဖြစ်လာမည့် စျေးတန်းများ ခန့်မှန်းလာနိုင်ပြီး အရောင်းအဝယ်မှာ ယခုကဲ့သို့ ကောင်းလိုက်အေးလိုက်ဖြစ်မနေဘဲ တည်ငြိမ်လာနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများက သုံးသပ်ပြောကြားသည်။

SN

ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်စျေးနှုန်းများ

စဉ်	အမျိုးအစား/MDL	အကွာရာ	စျေးနှုန်း	မှတ်ချက်
၁။	ဟွန်ဒါဖစ် (၂၀၁၁)	ယာယီ	၁၉၀ သိန်း	1.3 ဓာတ်ဆီ၊ နယ်လိုင်စင်
၂။	ဖစ်-ရှပ်တဲလ် (၂၀၁၁)	N	၂၆၅ သိန်း	1.3 ဓာတ်ဆီ၊ နယ်လိုင်စင်
၃။	ကယ်လ်ဒီးနား (၂၀၀၁)	G	၁၆၅ သိန်း	2.0 ဓာတ်ဆီ၊ ရန်ကုန်
၄။	ရက်တစ် (၂၀၁၂)	ယာယီ	၂၃၅ သိန်း	1.3 ဓာတ်ဆီ၊ ရန်ကုန်
၅။	ဟွန်ဒါ/အင်ဆိုဒ် (၂၀၁၁)	J	၂၃၅ သိန်း	1.3 ဓာတ်ဆီ၊ နယ်လိုင်စင်
၆။	အာတီဂါး (ဆူဇုကီး)(၂၀၁၇)	ယာယီ	၂၈၇ သိန်း	1.5 ဓာတ်ဆီ၊ ရန်ကုန်
၇။	ဆူဇုကီး (CIA2)(၂၀၁၇)	ယာယီ	၂၈၇ သိန်း	1.5 ဓာတ်ဆီ၊ ရန်ကုန်
၈။	မတ်(ခ်)တူး (၂၀၀၃)	J	၂၆၅ သိန်း	2.0 ဓာတ်ဆီ၊ ရန်ကုန်
၉။	ကလူဂျာ (၂၀၀၆)	M	၄၇၅ သိန်း	2.4 ဓာတ်ဆီ၊ ရန်ကုန်

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပမည်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြည်တွင်းဌာနခွဲ၊ ဧရယျာကုန်သွယ်မှုဗဟိုဌာနတို့က ဦးဆောင်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသထွက်ကုန်ပစ္စည်းများ၊ ကုန်စည်များ၊ အခြားလူသုံးကုန်ပစ္စည်းများပြပွဲနှင့် ၎င်းဒေသထွက်ကုန်များ မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၀ ရက်မှ ၂၂ ရက်ထိ မုံရွာမြို့၊ မြို့တော်ခန်းမ၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကျင်းပရခြင်းမှာ တိုင်းဒေသကြီးအတွင်း ကုန်သွယ်မှုမြင့်မားတိုးတက်လာစေရေး၊ ထုတ်ကုန်ပစ္စည်းများစျေးကွက်ရရှိရေး၊ ထုတ်ကုန်လုပ်ငန်းရှင်များအား ပြည်တွင်းပြည်ပစျေးကွက်ကျယ်ပြန့်စွာ ထိုးဖောက်နိုင်ရေး၊ စျေးကွက်ဆိုင်ရာ နည်းပညာဗဟုသုတများသိရှိဖလှယ်နိုင်ရေး၊ ဒေသတွင်းရှိ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အလားအလာရှိသည့်ပို့ကုန်အမယ်သစ်များ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ ဒေသထွက်ကုန်ပြပွဲနှင့် ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဧရယျာကုန်သွယ်မှုဗဟိုဌာန၊ သာစည်လမ်း၊ ဒေါနခြံရပ်၊ မုံရွာမြို့ monywamyantrade@gmail.com သို့စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဧရယျာကုန်သွယ်မှုဗဟိုဌာန ဖုန်း ၀၇၁-၂၁၀၈၆၊ ၀၉-၄၂၀၇၁၃၃၉သို့ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိပါသည်။

ကြည်ကြည်နွယ် (မုံရွာ)

ဂန့ဂေါခရိုင်အတွင်းရှိ ကျေးရွာများတွင် တောင်သူလယ်သမားအကျိုးစီးပွားအတွက် တောင်သူများအား အသိပညာပေး ဆွေးနွေးပွဲများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပခုက္ကူခရိုင် ဦးစီးမှူးရုံး ခရိုင်ဦးစီးမှူး ဦးသန်းဦးနှင့် ဂန့ဂေါမြို့နယ် တာဝန်ခံဒေါ်စိုးယုဆွေ၊ ထီးလင်းမြို့ နယ်တာဝန်ခံ ဒေါ်အိသဲအောင်တို့ ပါဝင်သောအဖွဲ့ဝင် ၃ ဦးတို့သည် ဂန့ဂေါမြို့နယ်ရွှေတိုကျေးရွာ၊ သင်တောကျေးရွာ၊ တောင်ခင်ရမ်းကျေးရွာ၊ ကွမ်းဇဲကျေးရွာ၊ ဇာဟောကျေးရွာ၊ ကန့်သက်ကျေးရွာတို့တွင်လည်းကောင်း၊ ထီးလင်းမြို့ နယ် ကျားခဲကျေးရွာ၊ သရခါကျေးရွာ၊ ညောင်ကျေးရွာ၊ ညောင်ဟောင်းကျေးရွာတို့တွင် လည်းကောင်း စျေးကွက်ဝင်သီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ သီးနှံအစားထိုး စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး ဆွေးနွေးပွဲကျင်းပခဲ့ရာ တောင်သူ၄၀စဦးတက်ရောက်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲများတွင် ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် တောင်သူများအား ဒေသတွင်း စားသုံးမှုပိုလျှံ၍ ပြည်ပသို့ရောင်းချခြင်းကို ကုန်သွယ်မှုဟုခေါ်ကြောင်း၊ ဒေသတွင်းစားသုံးမှုမပိုလျှံဘဲ သတ်မှတ်ထားသော စံချိန်စံညွှန်းအရည်အသွေးမပြည့်မီလျှင်လည်း ကုန်သွယ်မှုပြုလုပ်၍မရကြောင်း၊ ကုန်သွယ်မှု မပြုလုပ်နိုင်လျှင် တိုင်းပြည်စီးပွားရေးကျဆင်းနိုင်ကြောင်း၊ ပြည်ပသို့ တင်ပို့ရသည့် လယ်ယာထွက်သီးနှံများမှာ ၁၉ မျိုးရှိကြောင်း၊ ၎င်းတို့မှာမတ်ပဲ၊ ပဲတီ စိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲပုပ်၊ ပဲလွန်း၊ ပဲယင်း၊ ပဲဖြူလေး၊ ပဲကြီး၊ ပဲကြား၊ စားတော်ပဲ၊ ပဲရာဇာ၊ ပဲနောက်၊ ထောပတ်ပဲ၊ ဘိုကိတ်၊ စွန်တာနီ၊ စွန်တာပြာ၊ မြေထောက်ပဲနှင့် အခြားပဲများဖြစ်ကြောင်း၊ ပဲမျိုးစုံထဲမှ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသည် ပြည်ပသို့နှစ်စဉ် တန်ချိန် ၁၃ သိန်းခန့် တင်ပို့လျက်ရှိကြောင်း၊ ယခုနှစ်တွင် အိန္ဒိယမှဝယ်လိုအား ကန့်သတ်လိုက်သည့်အတွက် ပြည်တွင်း၌ ပိုလျှံနေကြောင်း၊ ထို့ကြောင့် စားသုံးသူများအနေဖြင့် ပြည်တွင်းပဲစားသုံးမှု ပိုပြီးလိုအပ်ကြောင်း၊ ယောဒေသအနေဖြင့် ပဲစားပွဲတော်များလည်း ကျင်းပပြုလုပ်ရန်လိုအပ်ကြောင်း၊ ပြည်တွင်းစားသုံးမှုမလုံလောက်၍ ပြည်ပမှဝယ်ယူရသော သီးနှံများလည်းရှိကြောင်း၊ ၎င်းတို့မှာ စားတော်ပဲ၊ ကုလားပဲ စသည့်ပဲများဖြစ်၍ ပဲစင်းငုံအစားထိုးပဲများကို စိုက်ပျိုးသင့်ကြောင်း၊ ပြည်ပ ပို့ကုန်အမယ်သစ်ဖြစ်သော လျှော်ဖြူ ကြယ်ပဲ၊ ချင်း၊ နန္တင်း၊ ဝဉ စသည့်သီးနှံများကို တောင်သူများအနေဖြင့် စိုက်ပျိုးသင့်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ပဲစင်းငုံ စိုက်ပျိုးမှုနှင့် ပတ်သက်၍ မေးမြန်းခဲ့ရာတွင် ယောဒေသသည် မြေဆီလွှာပျက်စီးမှုများသောကြောင့် ပဲစင်းငုံကို အိမ်တွင်းစားသုံးရန်နှင့် တိရစ္ဆာန်စာအတွက်သာ စိုက်ပျိုးကြောင်း ဒေသခံများမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

သူဇာကျော်(ပခုက္ကူ)

ပဲတီစိမ်းစိုက်တောင်သူများအား စတုတ္ထအကြိမ်မြောက် (GAP , GHP) ပညာပေး သင်တန်းဖွင့်လှစ်ပို့ချ

အီးယူသို့ ပဲပင်ပေါက်ပြုလုပ်ရန်အတွက် မြန်မာပဲတီစိမ်းများ ထုတ်လုပ်တင်ပို့နိုင်ရန် စိုက်ပျိုးထုတ်လုပ်မှုမှသည် တင်ပို့သည်အထိ ကျန်းမာရေးဆိုင်ရာနှင့် အရည်အသွေးပိုင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်စေရန်အတွက် ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများအား ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ်များနှင့် ကောင်းမွန်သောကျန်းမာရေးဆိုင်ရာ နည်းစနစ် (GAP & GHP) သင်တန်းအား နိုဝင်ဘာလ ၄ ရက်မှ ၁၀ ရက်ထိ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါသင်တန်းအား အီးယူသို့ ပဲပင်ပေါက်ပြုလုပ်ရန်အတွက် မြန်မာပဲများ တင်ပို့ရေးလုပ်ငန်းကြီးကြပ်အဖွဲ့၏ ဦးဆောင်မှုဖြင့် စားသုံးသူရေးရာဦးစီးဌာန၊ MITS၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပဲနှမ်းကုန်သည်များအသင်းနှင့် အီးယူသို့ ပဲတင်ပို့မည့် ကုမ္ပဏီများအစုအဖွဲ့တို့ပူးပေါင်းဆောင်ရွက်ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။

အီးယူစျေးကွက်သို့ မြန်မာပဲတီစိမ်းများအား ၂၀၁၄ ခုနှစ်မှစတင်၍ တင်ပို့ရောင်းချခဲ့ရာ တစ်နှစ်ထက် တစ်နှစ် ပိုမိုတင်ပို့ရောင်းချနိုင်ရန်၊ အရည်အသွေးမြင့်၍ ကောင်းမွန်ပြီး ဘေးကင်းလုံခြုံစိတ်ချမှုရှိသော ထုတ်ကုန်များ တင်ပို့ခြင်းဖြင့် စျေးကွက်တည်တံ့ခိုင်မြဲလာစေရန်နှင့် စိုက်ပျိုးထုတ်လုပ်ရာတွင် ဓာတ်မြေသြဇာ၊ ပိုးသတ် ဆေးကြွင်းစသည့် ဓာတုဆေးကြွင်းများ မပါရှိစေရန်ရည်ရွယ်၍ စိုက်ပျိုးသူတောင်သူများအား သင်တန်းပို့ချခဲ့ခြင်း ဖြစ်သည်။ သင်တန်းတွင် စိုက်ပျိုးသူတောင်သူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနများမှ ကျွမ်းကျင်ပညာရှင်များက ပဲမျိုးစုံတွင် ကျရောက်တတ်သော ဖျက်ပိုး ကာကွယ်နှိမ်နင်းနည်းများ၊ ရောဂါကာကွယ်နှိမ်နင်းနည်းများ၊ သိုလှောင်သီးနှံဖျက် ပိုးနှင့်ကာကွယ်နှိမ်နင်းနည်းများအပြင် ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်နည်းနှင့် ဓာတ်မြေသြဇာ စနစ်တကျ သုံးစွဲနည်းဘာသာရပ်များကို ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ ကျေးရွာအချို့တွင် ဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိပါသည်။

ယင်းကဲ့သို့ ဆွေးနွေးခဲ့ရာတွင် နိုဝင်ဘာလ ၄ရက်က ပဲခူးတိုင်း၊ ကဝမြို့နယ်၊ အုန်ခွဲကျေးရွာ၌ တောင်သူ ၄၃၆ ဦးအားလည်းကောင်း၊ နိုဝင်ဘာလ ၅ ရက်က ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ စိုင်တီကျေးရွာ၌ တောင်သူ ၁၅၄ ဦးအားလည်းကောင်း၊ နိုဝင်ဘာလ ၆ ရက်က ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ မကျက်စုကျေးရွာ၌ တောင်သူ ၁၅၄ ဦးအားလည်းကောင်း၊ နိုဝင်ဘာလ ၇ ရက်က ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ မြမြင့်မိုရ်ခန်းမ၌ တောင်သူ ၄၃၃ ဦးအားလည်းကောင်း၊ နိုဝင်ဘာလ ၈ ရက်က ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်၊ သာသနာ့ဝိမ္မာန်၌ တောင်သူ ၅၃၃ ဦးအားလည်းကောင်း၊ နိုဝင်ဘာလ ၉ ရက်က ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ ကန်ပြောင်ကျေးရွာ၌ တောင်သူ ၃၈၀ ဦးအားလည်းကောင်း၊ နိုဝင်ဘာလ ၁၀ ရက်က ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ မင်းဂလွန်းကျေးရွာ၌ ၄၀၆ ဦးအားလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် အီးယူသို့ ပဲပင်ပေါက်ဖောက်ရန်အတွက် မြန်မာပဲတီစိမ်းများ တင်ပို့ရာတွင် အီးယူစံနှုန်း သတ်မှတ်ချက်များနှင့်ကိုက်ညီစေရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအနက် အခြေခံကျသည့် GAP, GHP သင်တန်းများကို သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စိုက်ပျိုးသူ တောင်သူများအား စတုတ္ထအကြိမ်မြောက် အောင်မြင်စွာ သင်ကြားပို့ချနိုင်ခဲ့ခြင်းအတွက် အရည်အသွေး ဦးစားပေးသည့် အီးယူစျေးကွက်သို့ မြန်မာ့ပဲတီစိမ်းများ အရှိန်အဟုန်မြင့် တိုးတက်တင်ပို့နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း သတင်းရရှိပါသည်။

ကျော်ငွေ (CTQM)

မကွေးမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် သိမ်းဆည်းစားသောက်ကုန်၊ လူသုံးကုန်များ ဖျက်ဆီးခြင်းအခမ်းအနားကျင်းပ

မကွေးမြို့၊ အခြေခံပညာ အထက်တန်းကျောင်းတွင် စျေးကွက်အတွင်းမှ သိမ်းဆည်းရရှိခဲ့သော သက်တမ်းလွန်မုန့်များ၊ အချိုရည်ဘူးများ၊ မှိုတက်မုန့်များ၊ ခွင့်မပြုဆိုးဆေးများ သုံးစွဲထားသော ချိုချဉ် များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့် ထုတ်ပြန်ထားသော အစားအသောက်များအား ဖျက်ဆီးခြင်း အခမ်းအနားကို နိုဝင်ဘာလ ၁၀ ရက်တွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ တိုင်းဒေသကြီး စားသုံးသူ အကြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ၊ ထုတ်/လုံကော်မတီအဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မကွေးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ/မများနှင့် ကျောင်းသား/သူများ၊ သတင်းမီဒီယာများ၊ လက္ကားဖြန့်ဖြူးရောင်းချသူများ စုစုပေါင်း ၃၂၀ ဦး တက်ရောက်ခဲ့ကြပါသည်။ ထို့နောက် ကျောင်းသား/ကျောင်းသူများအား စားသုံးသူရေးရာဦးစီးဌာန၊ ထုတ်ကုန်လုံခြုံဌာနခွဲ တာဝန်ခံမှ ဖျက်ဆီးမည့်မုန့်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ဦးဆောင်၍ တက်ရောက်လာသည့် တိုင်းအကြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ဧည့်သည်တော်များက သက်တမ်းလွန်ပစ္စည်းများအား အဖွဲ့စုံဖြင့်ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ပါ သည်။ ကျောင်းသားကလေးငယ်များမှလည်း စားသုံးရန်မသင့်သည့် သက်တမ်းလွန်မုန့်များအား တက်ညီလက်ညီ စုပေါင်းဖျက်ဆီးခဲ့ကြကြောင်း သတင်းရရှိပါသည်။

စန္ဒာစိုးလွင် (မကွေး)

ဖျာပုံမြို့ပေါ်ရှိ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့များအား သင်တန်းပို့ချ

ဖျာပုံမြို့ပေါ်ရှိရပ်ကွက် ၁၉ ခုမှ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့များအား ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ သင်တန်းခန်းမတွင် နိုဝင်ဘာ ၈ ရက်က မိတ်ဖက်ဌာနများဖြစ်သော တိုင်းရင်းဆေး၊ မွေးမြူရေးနှင့်ကုသရေး၊ စိုက်ပျိုးရေးနှင့် ကျန်းမာရေး စသည့် ဦးစီးဌာနများနှင့်ပူးပေါင်း၍ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့အား သင်တန်း ပို့ချခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းတွင် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်ဝင်းက စားသုံးသူရေးရာ ဦးစီးဌာန ဖြစ်ပေါ်လာပုံနှင့် ဌာနမှလက်ရှိဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ခရိုင်တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးအောင်က အများပြည်သူသုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါးများ၊ အနောက်တိုင်းဆေးဝါးများပါဝင်သည့် တိုင်းရင်းဆေးများ၊ မှတ်ပုံတင်ထားခြင်းမရှိသော ပယ်ဖျက်ခံရသည့်တိုင်းရင်းဆေးများအကြောင်းကိုလည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာမြတ်ပွင့်ဖြူက စားသုံး ရန်မသင့်သည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများအကြောင်းကိုလည်းကောင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာအေးက မြန်မာနိုင်ငံအတွင်းသုံးစွဲရန် ပိတ်ပင်တားမြစ်ထားသော ပိုးသတ်ဆေးများ အကြောင်းနှင့် အလွဲသုံးစွဲနေမှုများကြောင့် ဘေးအန္တရာယ်ကျရောက်မှုများကိုလည်းကောင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသိန်းထွန်းဝင်းက ခေတ္တပိတ်သိမ်းခံရသည့် ဆေးဝါးများ၊ မှတ်ပုံတင်ပယ်ဖျက်ခံရသည့်ဆေးဝါးများ၊ တားမြစ်ထားသည့် အလှကုန်ပစ္စည်းများ၊ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးအာမခံချက်မပါရှိသော စားသုံးရန်မသင့်သည့် အစားအသောက်များ၊ သောက်ရေသန့်များ၊ စံမညီစားသုံးဆီများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းခြင်းဖြင့်လည်းကောင်း၊ စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစိုးမင်းထိုက်က ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကိစ္စရပ်များနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းအရာများအား လည်းကောင်း အသီးသီး ရှင်းလင်းပို့ချခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသော သင်တန်းသားများက သိလိုသည်များမေးမြန်းမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။ အဆိုပါ သင်တန်းသို့ ရပ်ကွက် ၁၉ ခုမှ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့ဝင် ၅၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **မင်းဇော်မွန် (ဖျာပုံ)**

နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၃ အီးမေးလ်- mmeu.tradehelpdesk@gmail.com

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး
၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ငရှဉ့်သာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်)
ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့)
အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး
ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး
မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ်
စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး
အစိုးရရုပ်ကွက်၊အနော်ရထာလမ်းမကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း)
အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Ph:081-2121615, Fax:081-2121627,
email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း)
ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း)
အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ်
ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး
ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ်
အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ်
(၇/၉)လမ်းကြား၊ ကန္တာရတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-2221005,Ph:083-2221005
email : docakayah@gmail.com

(၁၅) မွန်ပြည်နယ်
အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။
Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး
သာစည်လမ်း၊ ဒေါနှင်ခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

(၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၁၃-၁၁-၂၀၁၇ မှ ၁၉-၁၁-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)

တနင်္လာနေ့သားသမီးများအတွက် လုပ်ငန်းတာဝန်များပြားစွာ ဆောင်ရွက်ရတတ်သည်။ လောကအတွေ့အကြုံများကိုလည်း သင်ခန်းစာယူရတတ်သည်။ စီးပွားရေးအဆင်ပြေမှုများကြုံလာလိမ့်မည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ နီကယ်၊ ပုလဲတို့ဈေးတက်လိမ့်မည်။ ဘိလပ်မြေ၊ သံ၊ သံမဏိ၊ သစ်တောထွက်ပစ္စည်းတို့ဈေးတက်လာတတ်ပါသည်။ ပညာရေးအတွက် အားတက်လိမ့်မည်။ ကျန်းမာရေးပုံမှန်ရှိနေမည်။ အချစ်ရေးတွင် သံသယအတွေးစိတ်ဝင်နေတတ်သည်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်တွင်းရေး ပြဿနာဖြစ်ရတတ်သည်။ **ယတြာ။ အုန်းညွှန့်လျူပါ။**

တနင်္လာသားသမီးများအတွက် နိုင်ငံခြားသားများနှင့်ဆက်ဆံရခြင်း၊ ဆက်သွယ်ရခြင်းမျိုးကြုံလာတတ်သည်။ စီးပွားရေးတွင် ဂျို့ ကုလားပဲ၊ ဘိန်းစေ့ဈေးတက်လိမ့်မည်။ ရွှေ၊ ငွေ၊ ဈေးနှုန်းကျလာတတ်သည်။ ပညာရေးအတွက်အောင်မြင်မှုရှိတတ်သည်။ ကျန်းမာရေးညံ့လာတတ်သည်။ သွေးသားမမှန်ခြင်း၊ ညောင်းညာခြင်းတို့ဖြစ်တတ်သည်။ အချစ်ရေးတွင်အဆင်ပြေစေရန် သတိထားဆက်ဆံရလိမ့်မည်။

ယတြာ။ ။ကုံ့ကော်ညွှန့်လျူပါ။

အင်္ဂါသားသမီးများအတွက် လုပ်ငန်းခွင်တွင်စိတ်သောကဖြစ်စရာကြုံလာတတ်သည်။ တစ်ပါးသူအတွက် အကူအညီပေးရတတ်သည်။ စီးပွားရေးတွင် အထည်အလိပ်၊ အလှကုန်၊ မုန့်အမျိုးမျိုး၊ ဇိမ်ခံပစ္စည်းများ၊ စိန်ဈေးနှုန်းများတက်လာတတ်သည်။ စီးပွားရေးတွင် အခက်အခဲကိုရင်ဆိုင်ပြီးမှ အောင်မြင်တတ်ပါသည်။ ပညာရေးကို အောင်မြင်သည်အထိ ကြိုးစားလိုတတ်သည်။ ချစ်သူနှင့်အဆင်ပြေသော စကားများပြောရလိမ့်မည်။ ကျန်းမာရေးကောင်းမွန်လာတတ်ပါသည်။**ယတြာ။ ။ဇွန်ပန်းလျူပါ။**

ဗုဒ္ဓဟူးသားသမီးများအတွက် မိမိဘဝတိုးတက်ရေး၊ လေ့လာစရာများကို ရှာဖွေပြီး ဒေါသဖက်သော လောဘရမ္မက်ကြီးမားလာတတ်သည်။ စီးပွားရေးတွင် အရောင်တင်ဆီ၊ သတ္တုပစ္စည်းများ ဈေးတက်လိမ့်မည်။ အလှကုန်အထည်အလိပ်တို့ ဈေးကျလိမ့်မည်။ ငွေပစ္စည်းများ လာရောက်အပ်နှံသူရှိလာလိမ့်မည်။ ပညာရေးတွင် အားနည်းချက်ဝင်လာတတ်သည်။ ကျန်းမာရေးပုံမှန်ရှိနေမည်။ အချစ်ရေး၊ အဆင်ပြေလာမည်။ **ယတြာ။ ။ဝါးညွှန့်လျူပါ။**

ကြာသပတေးသားသမီးများအတွက် စီးပွားရေး၊ လူမှုရေးတို့အတွက် ဆက်ဆံရေးသင့်တင့်လိမ့်မည်။ တင်လဲသကြား၊ ဆီ၊ ဝါဂွမ်းတို့ဈေးကောင်းလာလိမ့်မည်။ ရှယ်ယာဈေးကျလာတတ်သည်။ လုပ်ငန်းကိုအောင်မြင်အောင်ဆောင်ရွက်နိုင်လိမ့်မည်။ ပညာရေးအောင်မြင်မှုရှိရန် အခွင့်အလမ်းတွေ့လာတတ်သည်။ အချစ်ရေးအဆင်ပြေနေမည်။ ကျန်းမာရေးသင့်တင့်မှုရှိနေမည်။ အကြောင်းတရားနှင့်အကျိုးတရားကို ဆက်စပ်တွေးခေါ်နိုင်သောကာလဖြစ်နေလိမ့်မည်။ **ယတြာ။ ။မေမြို့ပန်းလျူပါ။**

သောကြာသားသမီးများအတွက် မိမိ၏လုပ်ဆောင်ချက်များအပေါ် အားပေးသူ၊ အသိအမှတ်ပြုသူများရှိလာတတ်သည်။ စီးပွားရေးတွင် သစ်သီးများ၊ ရေမွှေးများ၊ ရေခဲ၊ ဆန်ဈေးနှုန်းများကျလာလိမ့်မည်။ ရရန်ရှိပစ္စည်းများ၊ ငွေကြေးတို့ပြန်လည်ရရှိလာတတ်သည်။ ပညာရေးအတွက် အကြံကောင်းရရှိမည်။ မေတ္တာရေးအဆင်ပြေလာမည်။ ကျန်းမာရေးတွင် ရောဂါကင်းပြီး စိတ်ဓာတ်ခွန်အားပြည့်ဖြိုးနေလိမ့်မည်။ **ယတြာ။ ။သီဟိုဠ်ညွှန့်လျူပါ။**

စနေသားသမီးများအတွက် အကြံကောင်းဖြင့်လုပ်ငန်းဆောင်ရွက်ရလိမ့်မည်။ ငွေကြေးဥစ္စာဝင်လာမည်။ လုပ်ငန်းအတွက်အောင်မြင်မှုရရှိလာမည်။ စက်မှုနှင့်ပတ်သက်သောဆက်စပ်ပစ္စည်းများ၊ ဈေးနှုန်းတက်လာလိမ့်မည်။ ရွှေ၊ ရှယ်ယာ၊ ချည်ထည်ပစ္စည်းများဈေးနှုန်းသာမန်ထက် အနည်းငယ်ဈေးတက်တတ်ပါသည်။ ပညာရေးအတွက် တိုးတက်မှုရှိလာလိမ့်မည်။ မေတ္တာရေးနယ်ပယ်တွင် လက်တွေ့ဆန်သော အချစ်ဒဿနမျိုးဖြစ်လာတတ်သည်။ ကျန်းမာရေးသင့်တင့်နေမည်။

ယတြာ။ ။ ဒေါ်နပန်းလျူပါ။

မြောင်းမြမြို့နယ်တွင်ကောက်စောမိုးစပါးများ ရိတ်သိမ်းနေပြီ

မြောင်းမြမြို့နယ်တွင် မိုးစပါးစိုက် ဧက ၁၆၅၀၀၀ ကျော်ရှိရာ ၎င်းတို့အနက်မှ အချို့သော ကျေးရွာများတွင် ကောက်စော မိုးစပါးများ ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရှိရသည်။

မြောင်းမြမြို့နယ်အတွင်းရှိ လေးအိမ်တန်းကျေးရွာ၊ မွေတော်ရှမ်းစုကျေးရွာ၊ ကျုံ့သွယ်ကျေးရွာ၊ ကြာဖူးငုံကျေးရွာ၊ စနုံးချောင်းကျေးရွာ၊ ကျုံးဝါးချောင်းဖျားကျေးရွာတို့တွင် ကောက်စောမိုးစပါးများ ရိတ်သိမ်းနေပြီဖြစ်သည်။ ယခုကောက်စောစပါး ၅၀ ပေါင်တစ်တင်းလျှင် အစိုဓာတ်ပေါ်မူတည်ပြီး ကျပ် ၅၈၀၀ မှ ကျပ် ၆၀၀၀ အထိ ရောင်းဝယ်နေကြကြောင်း၊ ရာသီဥတုကောင်းမွန်ပွင့်လင်းလာပြီဖြစ်၍ မိုးစပါးများ ဆက်လက်ရိတ်သိမ်းတော့မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကောက်စောစပါးရိတ်သိမ်းလျက်ရှိသည့် ကျေးရွာများသို့ စားသုံးသူရေးရာဦးစီးဌာန၊ မြောင်းမြခရိုင် ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးဇော်မင်းနှင့် ဦးသန့်ဇင်တို့သည် နိုဝင်ဘာလ ၁ ရက်တွင် အဆိုပါကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံ၍ တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်၊ အထွက်နှုန်းနှင့် ဈေးနှုန်း၊ လက်ရှိဆန်စပါးဈေးကွက်တွင် ရောင်းချနေမှုအခြေအနေ၊ ဆောင်းသီးနှံပြန်လည်စိုက်ပျိုးမည့် သီးနှံများ အခြေအနေနှင့် နိုင်ငံတကာဈေးကွက် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **တိုးလွင် (မြောင်းမြ)**

(၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပြပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ပြခန်းပြသ

ကရင်ပြည်နယ် ဘားအံမြို့တွင် (၆၂) နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်း အမှတ်ပြပွဲကို နိုဝင်ဘာလ ၇ ရက်မှ ၁၀ ရက်အထိ ဌာနပေါင်းစုံပြခန်းများ၊ ကရင်ရိုးရာအကများ ပျော်ပွဲရွှင်ပွဲများ၊ ကရင်ရိုးရာ တောထမင်းဆိုင်များ၊ ပစ္စည်းမျိုးစုံ အရောင်းဆိုင်များ၊ အစားအသောက်မျိုးစုံ အရောင်းဆိုင်များဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

(၆၂) နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲကို နိုဝင်ဘာလ ၇ ရက်တွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်နန်းခင်ထွေးမြင့်နှင့်အတူ ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အဖွဲ့အစည်းများဖြင့် ဖွင့်လှစ်ခဲ့သည်။ အဆိုပါပြပွဲတွင် ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ပြခန်းဖွင့်လှစ်ခဲ့ကာ စားသုံးသူရေးရာဦးစီးဌာန၏လုပ်ငန်းများဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုများကို ဗွီဒီယိုင်းကားချပ်များဖြင့် လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်သော စာအုပ်စာတမ်းများ၊ လက်ကမ်းစာစောင်များနှင့် လက်ဆောင်ပစ္စည်းများ၊ ဒေသကုန်သွယ်မှုများနှင့် ပတ်သက်သော အချက်အလက်များကိုလည်းကောင်း၊ နှစ်အလိုက်ကုန်သွယ်မှု ပမာဏအချက်အလက်များ၊ ဘဏ္ဍာနှစ်အလိုက် ပြည်ပတင်ပို့သည့် ဆန်၊ ရော်ဘာ၊ ပဲအမျိုးမျိုးများ၏ အခြေခံအချက်အလက်များကိုလည်းကောင်း ပြသခဲ့ကြောင်း သတင်းရရှိပါသည်။

ခင်ကြည်
(ကရင်ပြည်နယ်၊ စားသုံးသူရေးရာ)

မော်လမြိုင်မြို့တွင် စိုက်ပျိုးရေးနည်းပညာစူပါအော်ဂဲနစ်ဆေး S-Matrix မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

စိုက်ပျိုးရေးနည်းပညာစူပါအော်ဂဲနစ်ဆေး S-Matrix မိတ်ဆက်ပွဲ အခမ်းအနားကို နိုဝင်ဘာလ ၅ ရက်တွင် မော်လမြိုင်မြို့၊ ဈေးကြိုပွဲရုံတန်းရှိကုန်စည်ဒိုင်ခန်းမ၌ ကျင်းပခဲ့ပါသည်။

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးဦးစိုးသန်းအေးက တောင်သူများအနေဖြင့် အော်ဂဲနစ်လွှမ်းမိုးရေးကို ကြိုဆိုလက်ခံသင့်ကြောင်း၊ ဓာတုလျှော့နည်းကင်းလွတ်ရန် နည်းပညာပိုင်း မျှဝေသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ S-Matrix စူပါအော်ဂဲနစ်ဆေးဝါးမှာ FDA၏ အစားအသောက်နှင့်ဆေးဝါးခွင့်ပြုချက်ရရှိပြီးဖြစ်ကာ မြေဩဇာသိုလှောင်ခွင့် ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ)အရ ခွင့်ပြုချက်ရရှိထားပြီးဖြစ်ကြောင်း၊ ယခုကာလတွင် မြန်မာနိုင်ငံစိုက်ပျိုးရေးဦးစီးဌာနမှ GAP စနစ်ကို တောင်သူများကြား ကျယ်ပြန့်အောင် ကျင့်သုံးနေပြီဖြစ်သဖြင့် မှန်ကန်သည့် အော်ဂဲနစ်ကိုကြိုဆိုထောက်ခံသင့်ကြောင်း၊ သီးနှံအထွက်တိုးရေးကိုရှေးရှုပြီး တောင်သူများအနေဖြင့် ဓာတ်မြေဩဇာများကို အလွန်အကျွံသုံးစွဲခြင်းကြောင့် အပင်များ၏ ခုခံအားစနစ် ကျဆင်းလာပြီး ရောဂါပိုးမွှားဒဏ်ကိုပိုမိုခံစားလာရကြောင်း၊ ၎င်းဒဏ်ကိုနိုင်နင်းသည့် ပိုးသတ် ဆေးများကို ကြာရှည်စွာ အသုံးပြုမှုနှင့် သုံးစွဲမှုနည်းစနစ်မမှန်ခြင်းတို့ကြောင့် ပိုးမွှားများသေစေနိုင်သကဲ့သို့ စားသုံးသူများကို ပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင် ကျရောက်ခြင်းဖြင့် စားသုံးသူများအနေဖြင့် ကင်ဆာကဲ့သို့ရောဂါများခံစားရသလိုကုန်းနေရေနေသတ္တဝါများအပေါ် ဆိုးကျိုးသက်ရောက်စေသဖြင့် သက်ရှိလောကကို ထိခိုက်ပျက်စီးစေကြောင်း၊ ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုမရှိအောင် ယုံကြည်စိတ်ချရသော S-Matrix စူပါအော်ဂဲနစ်ဆေးဝါးကို ပြောင်းလဲသုံးစွဲသင့်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မွန်ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးဦးစိုးနိုင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီး Srithai Myanmar Co.,Ltd မှ မစ္စတာအို ကကုမ္ဗဏီနှင့်ပတ်သက်၍ မိတ်ဆက်ပေးခဲ့ပါသည်။ ဆက်လက်၍ Srithai Myanmar Co.,Ltd မှ စိုက်ပျိုးရေးပညာရှင် Mr. VeerasakKitisriworapan က S-Matrix သဘာဝစူပါအော်ဂဲနစ်ဆေးအားအသုံးပြုပုံ၊ အကျိုးအာနိသင်ရှိပုံများအား Power Point ဖြင့် ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ထို့နောက် S-Matrix သဘာဝစူပါအော်ဂဲနစ်ဆေးကို အသုံးပြုသဖြင့် လက်တွေ့အောင်မြင်မှုရရှိထားသော ခြံပိုင်ရှင်များ၊ တောင်သူကြီးများ၊ S-Matrix ကိုစတင်သုံးစွဲမည့် တောင်သူများမှလည်း ၎င်းတို့စိုက်ပျိုးမည့် အပင်များနှင့်ပတ်သက်၍ စိုက်ပျိုးရေးပညာရှင်များနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ခြံပိုင်ရှင်များ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

မိုးမိုး(စားသုံးသူ-မွန်)

၈ ကြိမ်မြောက် မဲခေါင်ဒေသတွင်း နိုင်ငံများဆိုင်ရာ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများပြပွဲ ကျင်းပမည်

၈ကြိမ်မြောက် မဲခေါင်ဒေသတွင်းနိုင်ငံများဆိုင်ရာ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများပြပွဲကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲ မဲခေါင်ဒေသတွင်းနိုင်ငံများမှ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများအား လေ့လာသိရှိနိုင်စေရန်၊ ပြည်သူများ တိုင်းရင်းဆေးဝါးများကို ဘေးဥပါဒ်ကင်းစွာ မှီဝဲသုံးစွဲနိုင်ရေးအတွက် တိုင်းရင်းဆေးပညာဦးစီးဌာနမှ စစ်ဆေးဆောင်ရွက်နေမှုများကို လေ့လာသိရှိနိုင်စေရန်၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဗဟုသုတများကိုလေ့လာနိုင်စေရန်နှင့် ပြည် တွင်းထုတ် တိုင်းရင်းဆေးဝါးများနှင့် ကျန်းမာရေး ဖြည့်စွက်စာများကို တစ်နေရာထဲတွင် စုံလင်စွာဝယ်ယူနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"မဟာမဲခေါင်ဒေသ ၆ နိုင်ငံထဲမှာ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံ တို့ပါပါတယ်။ အဲ့ဒီနိုင်ငံ ၆ နိုင်ငံက သူတို့ရဲ့ တိုင်းရင်းဆေးနဲ့ဆိုင်တဲ့ အစည်အဝေးတွေကို တစ်လှည့်စီကျင်းပခဲ့ပါတယ်။ ၇ ကြိမ်မြောက်အထိ တရုတ်နဲ့ထိုင်းနိုင်ငံမှာ တစ်လှည့်စီကျင်းပခဲ့တာပါ။ ၂၀၁၅ ခုနှစ်မှာ ကျင်းပတဲ့ ၇ ကြိမ်မြောက် အစည်အဝေးမှာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်စီစဉ်ဖို့ လက်ခံခဲ့ပါတယ်။ အဲဒီလိုလုပ်ဆောင်ဖို့အတွက် ပြီးခဲ့တဲ့နှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့တာပါ။ ပြပွဲမှာ ဝင်ရောက်ပြသဖို့ကိုလည်း တိုင်းရင်းဆေးလုပ်ငန်းရှင်တွေကို ပြည်နယ်နဲ့တိုင်း ၁၅ ခုမှာရှိတဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနမျှူးတွေကနေတစ်ဆင့် ဖိတ်ခေါ်ထားပါတယ်"ဟု တိုင်းရင်းဆေးပညာဦးစီးဌာန၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာချမ်းငြိမ်းမောင်က ပြောသည်။

သူကပဲဆက်ပြီး "မဲခေါင်ဒေသနိုင်ငံက ကိုယ်စားလှယ်တွေ တစ်နိုင်ငံကို အနည်းဆုံး ၈ ဦးလာမှာပါ။ အဲ့ဒီအတွက် ပြည်ဝင်ခွင့်ဗီဇာရယူတာတွေ၊ နေထိုင်ရေးနဲ့ အစိုးရခွင့်ပြုချက်ရယူတာတွေလည်း လုပ်ဆောင်ထားပါတယ်။ ဒီပြပွဲမလုပ်ခင် တိုင်းရင်းဆေးဆိုင်ရာ အစည်းအဝေးကို ကျင်းပသွားမှာပါ။ အဲ့ဒီအစည်းအဝေးမှာ တိုင်းရင်းသားရိုးရာ တိုင်းရင်းဆေးကုထုံးတွေကို ပြသသွားမှာပါ"ဟု ပြောသည်။

ပြပွဲတွင် ပြခန်းပေါင်း ၁၁၀ ကျော်နှင့် မဲခေါင်ဒေသ ၆ နိုင်ငံမှ တိုင်းရင်းဆေးများကို ပြသသွားမည်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ အဓိကပြခန်းများလည်း ပါရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမတွင် ကျင်းပသွားမည်ဖြစ်သည်။

လက်လီရောင်းချသူများအသင်းမှ လက်လီစီးပွားရေး ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်မည်

လက်လီရောင်းချသူများအသင်းအနေဖြင့် လက်လီစီးပွားရေး ကျွမ်းကျင်မှု သင်တန်းများကို ဖွင့်လှစ်သွားမည့်အပြင် ကွင်းဆင်းလမ်းညွှန်မှုများပါ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်လှစ်ခြင်းမှာ ပြည်ပမှဝင်ရောက်လာမည့် ရင်းနှီးမြှုပ်နှံသူများနှင့် ယှဉ်ပြိုင်ရာတွင် ပြည်တွင်းမှ လက်လီစီးပွားရေးလုပ်ငန်းရှင်များ ရင်ဘောင်တန်းနိုင်စေရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အသင်းအနေနဲ့ သင်တန်းတွေတောက်လျှောက်ဖွင့်နိုင်အောင် လုပ်ဆောင်နေပါတယ်။ ရှေ့နှစ်ထဲမှာဆိုရင်လည်း ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေအထိ ဖွင့်နိုင်အောင်လုပ်နေပါတယ်။ အခုဆိုအသင်းအနေနဲ့ သင်တန်းပေးတာတွေ၊ အွန်လိုင်းဆောင်ဖို့အတွက် အသိပညာပေးဟောပြောပွဲလုပ်တာတွေနဲ့ FDA နဲ့ပတ်သက်တဲ့ သင်တန်းပေးတာတွေကို လုပ်ပေးနေပါတယ်။ ဒီနှစ်အတွက်ကိုလည်း UMFCCI မှာ အခုလ ၁၈ ရက်ကနေ ၂၀ ရက်နေ့အထိ ဖွင့်ဖို့ရှိပါတယ်"ဟု မြန်မာနိုင်ငံလက်လီ ရောင်းချသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဖြစ်သူ ဦးမျိုးမင်းအောင်က ပြောသည်။

"ကွင်းဆင်းစစ်ဆေးတဲ့နေရာမှာလည်း လက်လီဆိုင်တွေရဲ့ အခက်အခဲနဲ့ ရောင်းပုံရောင်းနည်း မှားနေတာတွေကို အကြံပြုလမ်းညွှန်ပေးမှာပါ။ ဖမ်းဆီးဖို့ မဟုတ်ပါဘူး။ လမ်းကြောင်းအမှန်ပေါ် တင်ပေးဖို့လာမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါသင်တန်းကို မည်သူမဆို တက်ရောက်နိုင်ပြီး လက်လီရောင်းချသူများအတွက် အကျိုးရှိသောသင်တန်းဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်လီဆိုင်ပေါင်း ၃ သိန်းကျော်ရှိသော်လည်း ၉၀ ရာခိုင်နှုန်းမှာ မိရိုးဖလာအတိုင်း SME လုပ်ငန်းကို လုပ်ကိုင်နေကြကြောင်း သိရသည်။

ရှေ့နောက်ကင်မရာနှစ်လုံးစီ ပါဝင်သော nova 2i အသစ်ကို Huawei မှ မိတ်ဆက်

ရှေ့နောက် ကင်မရာ နှစ်လုံးစီ ပါဝင်သော nova 2i ဖုန်းအသစ်ကို Huawei မှ မိတ်ဆက်ခဲ့သည်။

Nova 2i မှာ Huawei မှ ပထမဆုံးထုတ်လုပ်သည့် Full View Display နှင့် ကင်မရာလေးလုံးပါဝင်သည့် ဖုန်းဖြစ်ပြီး မျက်နှာပြင်မှာ ၅ ဒသမ ၉ လက်မ ကျယ်ကြောင်း သိရသည်။

"သုံးစွဲသူတွေ ဘာတွေလိုအပ်နေလဲဆိုတာ သိတဲ့အတွက် ပိုမိုစွမ်းဆောင်နိုင်တဲ့ Device အသစ်ကို ဖန်တီးပေးတာဖြစ်ပါတယ်။ ဖန်တီးတဲ့နေရာမှာ အဆင့်မြင့် ကင်မရာလုပ်ဆောင်ချက်တွေကို ဖန်တီးထားတာဖြစ်လို့ ကမ္ဘာအနှံ့ကလူတွေအတွက် သုံးစွဲရ အဆင်ပြေစေမှာပါ"ဟု Huawei မှ CEO Mr.Zhang Li Man ကပြောသည်။

အဆိုပါဖုန်းကို ယခုလမှစတင်ဝယ်ယူနိုင်ပြီဖြစ်ပြီး အနက်ရောင်နှင့် ရွှေရောင်နှစ်မျိုး ရရှိနိုင်ကြောင်း၊ ဖုန်းစတင် မိတ်ဆက်သည့်နေ့တွင်လည်း Huawei ၏ Brand Ambassador အဖြစ် အဆိုတော်မယ်ရီကို ခန့်အပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့အကြီးဆုံး စားသောက်ကုန်နှင့် ဟိုတယ်လုပ်ငန်းပိုင်းဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၁၇ ကျင်းပ

မြန်မာ့အကြီးဆုံး စားသောက်ကုန်နှင့် ဟိုတယ်လုပ်ငန်းပိုင်းဆိုင်ရာ ကုန်စည်ပြပွဲ ၂၀၁၇ ကို နိုဝင်ဘာလ ၂ ရက်မှ ၄ ရက်အထိ မင်းခမ္မလမ်းရှိ MEP တွင် ကျင်းပခဲ့သည်။

အဆိုပါပြပွဲကို AMB Tarsus Company, Executive Chef Club နှင့် Myanmar Hospitality Professional Association တို့ ပူးပေါင်း ကျင်းပခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၂၀ ကျော်နှင့် ကုမ္ပဏီပေါင်း ၃၀၀ ကျော်တို့ ဝင်ရောက်ပြသခဲ့ကြောင်း သိရသည်။

ပြပွဲကျင်းပရခြင်းမှာ ပြည်တွင်းနှင့် နိုင်ငံတကာမှ စားသောက်ကုန်များကို တစ်နေရာထဲတွင် ခင်းကျင်းပြသနိုင်ရန် ရည်ရွယ်သလို ပြည်တွင်းနှင့် ပြည်ပမှ စားသုံးသူများအတွက် ရည်ရွယ်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းမှာက အစားအသောက်အရည်အသွေးနဲ့ ပတ်သက်ပြီး စိန်ခေါ်မှုတွေရှိနေတယ်။ အဲဒီလိုအချိန်မှာ အရည်အသွေးမြင့်တဲ့ ပြည်ပက စားသောက်ကုန်တွေနဲ့ပွဲမှာမိတ်ဆက်ခွင့်ရတဲ့အတွက် ပြည်တွင်းက စားသောက်ကုန်တွေလည်း အရည် အသွေးမြင့် တက်လာမှာပါ။ ဒီလိုပွဲတွေလုပ်တဲ့အတွက် နိုင်ငံ့ စီးပွားရေးအတွက်လည်း ပံ့ပိုးမှုဖြစ်စေမှာပါ" ဟု Grand Twin Brother Ltd., မှ ဒုတိယ အထွေထွေမန်နေဂျာ မအိအိဟန်က ပြောသည်။

ပြပွဲတွင် စားသောက်ကုန်များအား စနစ်တကျပြုလုပ်ခြင်း၊ ထုပ်ပိုးခြင်းပစ္စည်းများ၊ ဟိုတယ်ပိုင်းဆိုင်ရာ အဆင်တန်ဆာများ၊ စားသောက်ဆိုင်၊ ရုံးခန်းနှင့် ပရိဘောဂဆိုင်ရာ ကိရိယာများကို ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ဟင်းချက်ပြိုင်ပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

■

အဆင့်မြှင့်တင်ထားသည့် အူရီဒူး 4G Pro ကွန်ရက်ဝန်ဆောင်မှုကို ယခုနှစ်အကုန်တွင် ဝန်ဆောင်မှုပေးမည်

အဆင့်မြှင့်တင်ထားသည့် အူရီဒူး 4G Pro ကွန်ရက်ဝန်ဆောင်မှုကို ယခုနှစ်အကုန်တွင် ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ရက်သည် ယခုလက်ရှိ အသုံးပြုနေသည့် 500Mbps အမြန်နှုန်းထက် ၃ ဆ ပိုမိုမြန်ဆန်မည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ အဆင့်မြှင့်တင်မှုများကြောင့် အူရီဒူးသုံးစွဲသူများအနေဖြင့် ပြတ်တောက်မှုမရှိဘဲ ကွန်ရက်ချိတ်ဆက်မှုကောင်းသည့် အင်တာနက်ကို အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ ဒဲ့အပြင် မိမိစိတ်ကြိုက်သီချင်းများနှင့် ကြည်လင်ပြတ်သားသည့် ဗီဒီယိုကောင်းများကို တိုက်ရိုက်ကြည့်ရှုခြင်းနှင့် အင်တာနက်မှဂိမ်းများကို တိုက်ရိုက်ကစားခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"အူရီဒူးရဲ့ ရည်မှန်းချက်ပန်းတိုင်က သုံးစွဲသူတွေအတွက် ပိုမြန်ဆန်တဲ့ ဝန်ဆောင်မှုကိုပေးပြီး အူရီဒူးရဲ့ အင်တာနက်စွမ်းအားကို ရရှိခံစားစေလိုတာပါ။ ကွန်ရက်အတွက် စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုတွေကြောင့် အရင်ကသိခဲ့တဲ့ အမြင့်မားဆုံး အမြန်နှုန်းတွေကို နေ့စဉ်ဘဝမှာ အမှန်တကယ် အသုံးပြုခွင့်ရမှာဖြစ်သလို 5G ကွန်ရက်ထွက်ပေါ်လာဖို့အတွက် တစ်စတစ်စ ပြောင်းလဲလာမှာပါ"ဟု အူရီဒူးမြန်မာ၏ စီအီးအို Mr.Vikram Sinha က ပြောသည်။

ယင်းကဲ့သို့ သိသာထင်ရှားသည့် ကွန်ရက်အဆင့်မြှင့်တင်မှုကို အချိန်မီပြီးစီးရန်အတွက် ကွန်ရက်တပ်ဆင်ချိတ်ဆက်ရာတွင် အတွေ့အကြုံပြည့်ဝသော ကုမ္ပဏီနှစ်ခုဖြစ်သည့် Nokia နှင့် ZTE တို့ ပူးပေါင်းကာ အဆင့်မြှင့်နည်းပညာ အသုံးပြုထားသည့်ကွန်ရက်ကို မြန်မာနိုင်ငံတွင် ဖြန့်ကြက်ချိတ်ဆက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ချောစု စုစည်းတင်ပြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ e-Government ဝန်ဆောင်မှုများကို မကြာမီရရှိနိုင်မည်ဟုဆို

ရန်ကုန်တိုင်းဒေသကြီး အစိုးရ အနေဖြင့် ခေတ်နဲ့အညီ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေပြီး ပြည်သူများ အနေဖြင့် e-Government ဝန်ဆောင်မှုများကို မကြာမီရရှိနိုင်တော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြောကြားသည်။

"ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ဟာ ဒစ်ဂျစ်တယ်အသွင်ပြောင်းမှု အတွက် ခြေလှမ်းများလည်း လှမ်းနေပါပြီ။ အဲဒီအတွက် မျှားမကြာမီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများနဲ့ စီးပွားရေးလုပ်ငန်းများအတွက် e-Government ဝန်ဆောင်မှုများကို ရတော့မှာဖြစ်ပါတယ်"ဟု ဦးဇော်အေးမောင်က ဆိုသည်။

လက်ရှိအချိန်တွင် ဝိုင်ဘီအက်စ် အပါအဝင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များကို လည်း yangon.gov.mm ဝက်ဘ်ဆိုဒ်တွင် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

"ဘာတွေလုပ်နေလဲဆိုရင် Yangon Bus Service ကို e -Government ပုံစံနဲ့ ပြောင်းလဲနေပါတယ်။ ရန်ကုန်တိုင်း အစိုးရရဲ့ ကွန်ရက်များကိုလည်း e-Government အနေနဲ့ အင်တာနက်မှာ ကြည့်လို့ရပါတယ်။ ရန်ကုန်တိုင်းအစိုးရ ဘာတွေလုပ်နေလဲ၊ ဘာစီမံကိန်းတွေ ရှိလဲ၊ ဘာတင်ဒါတွေ ခေါ်မလဲ၊ လွှတ်တော်မှာဘာတွေပြောသလဲ အားလုံးကို e-Government နဲ့ အင်တာနက်မှာ ကြည့်လို့ရပါတယ်။ နောက်ပြီးတော့ အစိုးရဌာနဆိုင်ရာများနဲ့ ကွန်ရက်ပုံစံ မျိုးချိတ်ဆက်ထားပါတယ်။ အစိုးရဝန်ဆောင်မှု လုပ်ငန်းများကိုလည်း yangon.gov.mm ဝက်ဘ်ဆိုဒ်မှာ လွှင့်တင်ထားပါတယ်။ ဒါကလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ခေတ်နဲ့လိုက်လျောညီထွေအောင် ပြောင်းလဲနေတာကို တင်ပြခြင်းဖြစ်ပါတယ်" ဟု ဦးဇော်အေးမောင်က ဆက်လက်ပြောကြားသည်။

၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ သမ္မတ ဦးထင်ကျော်အစိုးရအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဝန်ကြီးချုပ် ဦးဖိုးမင်းသိန်း ဦးဆောင်ကာ တိုင်းဒေသကြီးဝန်ကြီး ရှစ်ဦးဖြင့် ဖွဲ့စည်းပေးခဲ့သည်။

ဒစ်ဂျစ်တယ်နည်းပညာပြောင်းလဲရေး ထိပ်သီးဆွေးနွေးပွဲ ရန်ကုန်မြို့တွင် ပြုလုပ်

ဒစ်ဂျစ်တယ်နည်းပညာပြောင်းလဲရေး ထိပ်သီးဆွေးနွေးပွဲ ကို နိုဝင်ဘာ ၈ ရက်က ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း(UMFCCI)နှင့် မြန်မာနိုင်ငံဆိုင်ရာ US ICT ကောင်စီတို့မှ ပူးပေါင်းကျင်းပပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဒစ်ဂျစ်တယ်နည်းပညာထိပ်သီး ဆွေးနွေးပွဲကို IT ကွန်ရက်ဖွဲ့စည်းခြင်း၊ သတင်းအချက်အလက်ဒေတာ စီမံခန့်ခွဲခြင်း၊ လုံခြုံရေးနှင့် လုပ်ငန်းသုံးဆော့ဖ်ဝဲလ်မှအစ ငွေပေးချေမှုနှင့် ဝယ်ယူသူအသုံးပြုသည့်ပုံစံအထိ ဒစ်ဂျစ်တယ်နည်းပညာ ပြောင်းလဲရေးအတွက် လက်တွေ့ အသိအမြင်များရရှိစေရန် အတွက် ကျင်းပပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မနေ့က မြန်မာပြည်ကိုစရောက်တဲ့အချိန်မှာ မြန်မာပြည်က လူတော်တော်များများ Manual ကိုပဲ လုပ်ကြတယ်။ အဲဒီတော့ လုပ်ငန်းစဉ်တွေ နှေးကွေးနိုင်တယ်။ အမှားအယွင်းလေးတွေ ရှိတတ်တယ်။ အဲဒီအတွက်ကို ဒစ်ဂျစ်တယ် နည်းပညာနဲ့ သွားမယ် ဒစ်ဂျစ်တယ် Application တွေ ကို သုံးမယ်၊ စီးပွားရေးလုပ်ငန်းရှင်တွေ သုံးကြည့်မယ်ဆိုရင် ပြောင်းလဲမှုတွေ တိုးတက်မှုတွေရှိလာနိုင်တယ်။ အားလုံး လွယ်ကူချောမွေ့မှုတွေ ဖြစ်လာနိုင်သလို နေ့စဉ် စီးပွားရေးနဲ့ ဆိုင်တဲ့ အသိပညာ သတင်းအချက်အလက်တွေကို ဒစ်ဂျစ်တယ်နည်းပညာနဲ့ လွယ်လွယ်ကူကူ ကြည့်လို့ရနိုင်ပါပြီ။ ခေတ်နဲ့အညီ မြန်မြန်ဆန်ဆန် အလုပ်လုပ်သွားလို့ ရလာနိုင်မှာပါ" ဟု မြန်မာနိုင်ငံဆိုင်ရာ US ICT ကောင်စီအဖွဲ့ဝင်ကုမ္ပဏီ ဖြစ်သည့် Oracle Digital Prime Asean ၏ Principal Solution Consultant ဖြစ်သူ Mr. Tan Swee Aun က ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် စီးပွားရေး လုပ်ငန်းစဉ်များအား ဒစ်ဂျစ်တယ်စနစ် ပြောင်းခြင်းနှင့် ဆိုက်ဘာလုံခြုံရေးအား အဆင့်မြှင့်တင်ခြင်း၊ ဈေးကွက်ဖော် ဆောင်ရေးနှင့် စီးပွားရေး လုပ်ငန်းတိုးချဲ့ရေးအတွက် အင်တာနက်အားအသုံးပြုခြင်း စသည့်ခေါင်းစဉ်များကို မြန်မာနိုင်ငံဆိုင်ရာ US ICT ကောင်စီ အဖွဲ့ဝင်ကုမ္ပဏီများက ဆွေးနွေးခဲ့ကြသည်။

■

သက်ဆိုင်ရာခွင့်ပြုချက်မရသေးသော ယာဉ်များကိုပြေးဆွဲခွင့် ပြုထားပါက Bus Operator များကို အရေးယူမည်

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)၏ ခွင့်ပြုချက်မရသေးသည့် ခရီးသည်တင်ဘတ်စ်ကားများကို ပြေးဆွဲ ခွင့် ပြုသော Bus Operator ကုမ္ပဏီများကို ထိရောက်စွာ အရေးယူသွားမည်ဟု YBS CEO နှင့် ဘတ်စ်ကားများတင် သွင်းရောင်းချသော ကုမ္ပဏီများ၊ ယာဉ်လိုင်းတာဝန်ရှိသူများ တွေ့ဆုံပွဲတွင် YBS CEO ဦးဘိုဘိုက သတိပေးခဲ့ကြောင်း YBS ယာဉ်လိုင်းပိုင်ရှင်တစ်ဦးဖြစ်သူ ကိုတရုတ်လေးက ပြောသည်။

" YRTA ခွင့်ပြုချက်မရရှိဘဲ ယာဉ်လိုင်းထဲတွင် ဝင်ရောက်ပြေးဆွဲနေသော ယာဉ်များအား ပြေးဆွဲခွင့်ပိတ်သိမ်းသွားမည်ဖြစ်ပြီး YRTA ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်ပြေးဆွဲခွင့်ပြုသော YBSကုမ္ပဏီများကို ထိရောက်စွာအရေးယူသွားမယ်လို့ CEO က ဆွေးနွေးခဲ့ပါတယ်။ ယာဉ်သစ်များအနေနှင့် ဝယ်ယူပြီးသောအခါ သက်ဆိုင်ရာယာဉ်လိုင်းကုမ္ပဏီမှတစ်ဆင့် YRTA သို့ ပြေးဆွဲခွင့် လျှောက်ထားရမည်ဖြစ်ပြီး ပြေးဆွဲခွင့်ရပါက (၇)စင်းလုံးဌားလိုင်စင်မှ (၁) ခရီးသည်တင်လိုင်စင်သို့ ပြောင်းလဲ လျှောက်ထားပြီးမှသာလျှင် ယာဉ်လိုင်းပြေးဆွဲခွင့် ရရှိမှာဖြစ်ပါတယ်" ဟု ကိုတရုတ်လေးက ပြောကြားသည်။

YBS ယာဉ်လိုင်းကုမ္ပဏီများတွင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ပြေးဆွဲနေသော ကုမ္ပဏီများရှိသလို ကုမ္ပဏီအမည်ခံပြီး မထသစနစ်ကဲ့သို့ ဂိတ်ကြေးကောက်ခံပြီး ဂိတ်ကြေးများများရရှိစေရန်အတွက် ကားစီးရေအများအပြားကို YRTA ခွင့်ပြုချက်မရရှိဘဲ ဘတ်စ်ကားတင်သွင်းရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ကာ ပြေးဆွဲခွင့်ပြုနေသော YBS ကုမ္ပဏီများလည်း ရှိနေကြောင်း၊ ကားစီးရေ များပြားလာမှုကြောင့် ဝင်ငွေနည်းလာပြီး ထိခိုက်နစ်နာရသူများတွင် အငြိမ်းစား ဝန်ထမ်းများလည်း ပါဝင်ကြောင်း သိရသည်။

"Bus Operator များအနေနှင့် YRTA ၏ မူဝါဒများအား ရင်းနှီးမြှုပ်နှံမည့် ယာဉ်ပိုင်ရှင်များကို သေချာစွာ ရှင်းလင်းမဖော်ပြဘဲ မိမိယာဉ်လိုင်း ယာဉ်စီးရေ များများတိုးနိုင်ရေး၊ ဂိတ်ကြေးများများရရှိရန်အတွက် လုပ်ဆောင်နေကြကြောင်း၊ ငွေကြေးများကို အချိန်ယူ စုဆောင်းပြီး ရင်းနှီးမြှုပ်နှံထားကြသော အငြိမ်းစားဝန်ထမ်းများကဲ့သို့ ယာဉ်ပိုင်ရှင်များကို အသုံးမချသင့်ကြောင်း YBS CEO ဦးဘိုဘိုက သတိပေးပြောကြားခဲ့ပါတယ်" ဟု ကိုတရုတ်လေးက ဆက်လက်ပြော ကြားသည်။

ရန်ကုန်မြို့နေ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် အစိုးရ၏ လမ်းညွှန်ချက်များကို အချိန်နှင့်တပြေးညီ ဆက်လက်ဆောင်ရွက်သွားမည်ဟု YBS CEO က ဆိုသည်။

သန်းထိုက်အောင် စုစည်းတင်ပြသည်။

မိုဘိုင်းလ်ဂိမ်းများ ကစားနိုင်မည့် APPBOX Applicationကို MPT က စတင်မိတ်ဆက်

မိုဘိုင်းလ်ဂိမ်းများကစားနိုင်မည့် APPBOX Application ကို မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ စတင်မိတ်ဆက်လိုက်ကြောင်း သတင်းရရှိသည်။

Cut the Rope 2၊ Tag the Frog၊ 3D Tower Box၊ Snake.io နှင့် Garfield kart ကဲ့သို့သော နာမည်ကျော်ဂိမ်းအများစုကို အဆိုပါ Application မှ ဒေါင်းလုပ်ရယူပြီး ကစားသွားနိုင်မည်ဖြစ်ပြီးလစဉ်နောက်ဆုံးပေါ် နာမည်ကျော်ဂိမ်းသစ်များကိုလည်း ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဂိမ်းဝါသနာရှင်တွေအနေနဲ့ အခု မိတ်ဆက်လိုက်တဲ့ APPBOX ကနေ မိုဘိုင်းလ်ဖုန်းနဲ့ ဆော့ကစားနိုင်တဲ့ ဂိမ်းအများအပြားကို အကန့်အသတ်မရှိ ရယူကစားနိုင်ပါပြီ။ အခုလိုလုပ်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ MPT ကို အသုံးပြုသူတွေအတွက် သင့်တင့်တဲ့နှုန်းထားနဲ့ ဖျော်ဖြေရေးဂိမ်း အတွေ့အကြုံတွေကို ပေးချင်လို့ပဲဖြစ်ပါတယ်။ APPBOX မှာ ကြော်ငြာလည်း မထည့်ထားသလို Virus ကိုလည်း ကင်းရှင်းအောင်လုပ်ထားလို့ ဖုန်းကိုလည်းမထိခိုက်စေနိုင်ပါဘူး"

APPBOX Application ကို စတင်မိတ်ဆက်ခြင်း အထိမ်းအမှတ်အနေဖြင့် ယခုဝန်ဆောင်မှုကို ရယူသုံးစွဲသူများသည် ပထမရက်သတ္တပတ်အတွက် အသုံးပြုခပေးဆောင်ရန်မလိုဘဲ အခမဲ့သုံးစွဲနိုင်မည်ဖြစ်သလို အခမဲ့အသုံးပြုခွင့်ရက်သတ္တပတ်ပြီးဆုံးပါက နေ့စဉ်ကြေး ကျပ် ၂၅၀ ဖြင့် သုံးစွဲနိုင်မည်ဖြစ်ပြီး အသုံးပြုပြီးမှ ငွေပေးချေသည့် (Post-paid)သုံးစွဲသူများအတွက်မူ သုံးစွဲထားသည့်ပမာဏအလိုက် လစဉ် ထည့်သွင်းကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ APPBOX Application ကို အသုံးပြုလိုပါက Google Play Store တွင် ဒေါင်းလုပ်ပြုလုပ်ရမည်ဖြစ်ပြီး MPT ဆင်းကတ်ဖြင့် 8980 သို့ APP ဟု စာတိုပေးပို့ကာ စာရင်းသွင်းရမည်ဖြစ်ကြောင်း မိမိကြိုက်နှစ်သက်ရာ ဂိမ်းများကို အမျိုးအစားအလိုက် Online နှင့် Offline ရွေးချယ်ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုဝင်ဘာ ၉ ရက်မှ ၃၀ ရက်အတွင်း APPBOX Application ကို စာရင်းသွင်း ရယူအသုံးပြုသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကံစမ်းမဲ အစီအစဉ်တစ်ရပ်ကို ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

တယ်လီနော၏ 4G/LTE ဝန်ဆောင်မှုကို နိုင်ငံကျော်ကမ်းခြေဒေသများတွင် စတင်ဝန်ဆောင်မှုပေးနေ

မြန်မာနိုင်ငံ၏ ထင်ရှားသော ကမ်းခြေဒေသများဖြစ်သည့် ငွေဆောင်၊ ငပလီနှင့် ချောင်းသာကမ်းခြေများတွင် နိုဝင်ဘာပထမပတ်မှစတင်ကာ တယ်လီနော မြန်မာ ၏ 4G/LTE ဝန်ဆောင်မှုကို ရရှိနိုင်ပြီဖြစ်ကြောင်း တယ်လီနောမြန်မာမှ သိရသည်။

"မြန်မာနိုင်ငံအတွင်းက ကမ်းခြေတွေဟာ ပြည်တွင်းမှာသာမက ကမ္ဘာတစ်ဝန်းမှာပါ လူသိများပြီး အထူးသဖြင့် ပွင့်လင်းရာသီတွေမှာ ပြည်တွင်းနဲ့ နိုင်ငံတကာက ခရီးသွားတွေ အမြဲလာရောက်လည်ပတ်လေ့ရှိပါတယ်။ ဒီနှစ်ရဲ့ ခရီးသွားရာသီ စတင်ချိန်မှာ ဒီကမ်းခြေတွေကို လာရောက်လည်ပတ်မယ့် ခရီးသွားတွေကို တယ်လီနော 4G/LTE အသုံးပြုပြီး အကောင်းဆုံးအင်တာနက်အသုံးပြုမှုကို ရရှိမှာဖြစ်ပါတယ်။ ကမ်းခြေမှာအပန်းဖြေရင်း အရည်အသွေးမြင့်ဗီဒီယိုတွေကို ကြည့်ရှုနိုင်မယ်၊ ဂိမ်းစ်တွေကို အထစ်အငေါ့ကင်းကင်းကစားနိုင်မယ်၊ လူမှုကွန်ရက်ကိုလည်း အကောင်းဆုံးအသုံးပြုသွားနိုင်မှာဖြစ်ပါတယ်" တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ် Joslin Myrthong က ပြောကြားသည်။

သုံးစွဲသူများအနေဖြင့်လည်း အင်တာနက်ဝန်ဆောင်မှုများကို ဈေးနှုန်းသက်သက်သာသာဖြင့်ရရှိနိုင်ရန်အတွက် အင်တာနက်ဒေတာအစီအစဉ်များကို ရယူအသုံးပြုနိုင်မည်ဖြစ်ပြီး ဈေးနှုန်းချိုသာသော ဒေတာအစီအစဉ်များကို တစ်လလျှင် ၇၉၉ ကျပ်မှစတင်ကာ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

တယ်လီနောမြန်မာသည် လက်ရှိ အချိန်တွင် တာဝါတိုင်ပေါင်း ၈၀၀၀ ကျော်ဖြင့် နိုင်ငံတစ်ဝန်းရှိသုံးစွဲသူပေါင်း ၁၉သန်းကျော်ကို ဝန်ဆောင်မှုများ ပေးအပ်နေကြောင်းသိရသည်။

မြို့ကြီးများ၏ ၁၃-၁၁-၂၀၁၇ မှ ၁၇-၁၁-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

မြို့	တနင်္လာ(၁၃-၁၁-၂၀၁۷)	အင်္ဂါ(၁၄-၁၁-၂၀၁۷)	ဗုဒ္ဓဟူး(၁၅-၁၁-၂၀၁۷)	ကြာသပတေး(၁၆-၁၁-၂၀၁۷)	သောကြာ(၁۷-၁၁-၂၀၁۷)
နေပြည်တော်	နေသာ ၃၂˚C/၉၀˚F	တိမ်အသင်းအတင် ၃၃˚C/၉၁˚F	တိမ်အသင်းအတင် ၃၂˚C/၉၀˚F	တိမ်အသင်းအတင် ၃၂˚C/၉၀˚F	တိမ်အသင်းအတင် ၃၂˚C/၉၀˚F
ရန်ကုန်မြို့	၅၀% ၃၃˚C/၉၁˚F	၄၀% ၃၃˚C/၉၁˚F	တိမ်အသင်းအတင် ၃၃˚C/၉၁˚F	တိမ်အသင်းအတင် ၃၂˚C/၉၀˚F	တိမ်အသင်းအတင် ၃၂˚C/၉၀˚F
မန္တလေးမြို့	နေသာ ၃၂˚C/၈၉˚F	နေသာ ၃၂˚C/၈၉˚F	နေသာ ၃၁˚C/၈၇˚F	တိမ်အသင်းအတင် ၃၁˚C/၈၈˚F	တိမ်အသင်းအတင် ၃၁˚C/၈၈˚F
မြစ်ကြီးနား	နေသာ ၂၉˚C/၈၄˚F	တိမ်အသင်းအတင် ၂၉˚C/၈၄˚F	တိမ်အသင်းအတင် ၂၈˚C/၈၃˚F	တိမ်အသင်းအတင် ၂၈˚C/၈၂˚F	တိမ်အသင်းအတင် ၂၈˚C/၈၂˚F
လားရှိုး	နေသာ ၂၇˚C/၈၁˚F	နေသာ ၂၈˚C/၈၂˚F	တိမ်အသင်းအတင် ၂၇˚C/၈၁˚F	၄၀% ၂၇˚C/၈၀˚F	၄၀% ၂၇˚C/၈၀˚F
ကျိုင်းတုံ	တိမ်အသင်းအတင် ၂၈˚C/၈၂˚F	တိမ်အသင်းအတင် ၂၈˚C/၈၃˚F	၃၀% ၂၈˚C/၈၂˚F	တိမ်အသင်းအတင် ၂၈˚C/၈၂˚F	တိမ်အသင်းအတင် ၂၈˚C/၈၂˚F
လွိုင်ကော်	၄၀% ၂၇˚C/၈၁˚F	၄၀% ၂၇˚C/၈၁˚F	တိမ်အသင်းအတင် ၂၇˚C/၈၀˚F	၄၀% ၂၇˚C/၈၀˚F	တိမ်အသင်းအတင် ၂၇˚C/၈၀˚F
တောင်ကြီး	နေသာ ၁၂˚C/၄၂˚F	တိမ်အသင်းအတင် ၁၅˚C/၅၇˚F	တိမ်အသင်းအတင် ၁၄˚C/၅၈˚F	တိမ်အသင်းအတင် ၁၄˚C/၅၉˚F	တိမ်အသင်းအတင် ၁၂˚C/၅၈˚F
မော်လမြိုင်	တိမ်အသင်းအတင် ၃၂˚C/၈၉˚F	တိမ်အသင်းအတင် ၃၂˚C/၉၀˚F	တိမ်အသင်းအတင် ၃၂˚C/၈၉˚F	တိမ်အသင်းအတင် ၃၂˚C/၈၉˚F	တိမ်အသင်းအတင် ၃၃˚C/၉၃˚F
ဘားအံ	တိမ်အသင်းအတင် ၃၃˚C/၉၁˚F	၄၀% ၃၃˚C/၉၂˚F	တိမ်အသင်းအတင် ၃၃˚C/၉၁˚F	တိမ်အသင်းအတင် ၃၃˚C/၉၁F	တိမ်အသင်းအတင် ၃၄˚C/၉၃˚F
တောင်ငူ	နေသာ ၃၃˚C/၉၁˚F	နေသာ ၃၃˚C/၉၁˚F	၄၀% ၃၃˚C/၉၁˚F	၄၀% ၃၃˚C/၉၁˚F	တိမ်အသင်းအတင် ၃၃˚C/၉၁˚F
ပုံတော	နေသာ ၃၂˚C/၈၉˚F	နေသာ ၃၂˚C/၈၉˚F	တိမ်အသင်းအတင် ၃၁˚C/၈၇˚F	တိမ်အသင်းအတင် ၃၁˚C/၈၈˚F	တိမ်အသင်းအတင် ၃၂˚C/၈၉˚F
ပုသိမ်	၅၀% ၃၂˚C/၉၀˚F	၈၀% ၃၂˚C/၈၉˚F	၇၀% ၃၂˚C/၈၉˚F	၆၀% ၃၂˚C/၈၉˚F	၆၀% ၃၂˚C/၈၉˚F
မြိတ်	၉၀% ၃၁˚C/၈၈˚F	၈၀% ၃၂˚C/၈၉˚F	၅၀% ၃၂˚C/၈၉˚F	၆၀% ၃၂˚C/၈၉˚F	၄၀% ၃၂˚C/၈၉˚F
စစ်တွေ	နေသာ ၃၁˚C/၈၈˚F	တိမ်အသင်းအတင် ၃၂˚C/၈၉˚F	တိမ်အသင်းအတင် ၃၁˚C/၈၈˚F	၄၀% ၃၁˚C/၈၇˚F	၃၀% ၃၁˚C/၈၇˚F
မင်းကွေး	နေသာ ၃၂˚C/၉၁˚F	တိမ်အသင်းအတင် ၃၁˚C/၉၀˚F	တိမ်အသင်းအတင် ၃၁˚C/၈၉˚F	တိမ်အသင်းအတင် ၃၀˚C/၈၇˚F	တိမ်အသင်းအတင် ၃၀˚C/၈၉˚F
ဗလမ်း	နေသာ ၁၇˚C/၇၂˚F	နေသာ ၂၂˚C/၇၁˚F	နေသာ ၂၂˚C/၆၉˚F	တိမ်အသင်းအတင် ၂၁˚C/၆၀˚F	နေသာ ၂၁˚C/၆၇˚F

ရေလွှမ်းမိုးမှုဒဏ်ကို ခံစားခဲ့ရသည့်ပြည်သူများအား အကူအညီပေးနိုင်ရန်အတွက် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရန် ထိုင်းဝန်ကြီးချုပ်ညွှန်ကြား

ထိုင်းနိုင်ငံတစ်ဝန်းတွင် တောင်တရုတ်ပင်လယ်ပြင်မှ တိုက်ခတ်လာသည့် တိုင်ဖွန်းမုန်တိုင်း ဒမ်မရီကြောင့် ရေလွှမ်းမိုးမှုများနှင့် လေပြင်းတိုက်ခတ်မှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ယင်းကဲ့သို့ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ပြည်သူများအား အကူအညီပေးနိုင်ရန်အတွက် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူရန် ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုးချားက ရေလွှမ်းမိုးခြင်းခံခဲ့ရသည့် ပြည်နယ်များအား ညွှန်ကြားခဲ့ကြောင်း relifweb သတင်းတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိုင်းနိုင်ငံ တောင်ပိုင်းရှိ ပြည်နယ်အများအပြားတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အထူးသဖြင့် နာခွန်စီသာမာရတ်ပြည်နယ်နှင့် ဖတ်သာလွန်းပြည်နယ်တို့တွင် အဆိုးရွားဆုံးရေလွှမ်းမိုးမှုနှင့် ကြုံတွေ့နေရပြီး နေအိမ်များ၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးလျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုဖြစ်ပွားလျက်ရှိသည့် ပြည်နယ်များမှာ ဆူရတ်ဌာနီ၊ နာခွန်စီသာမာရတ်၊ ဖတ်သာလွန်း၊ ဆုန်ခလာ၊ ပတ်ဌာနီ၊ ယာလာ၊ နာရာသီဝပ်၊ ခရာဘီ၊ တရန်းနှင့်ဆတ်ထန်းတို့ဖြစ်သည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ပြီးနောက် ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။ အဆိုပါမုန်တိုင်းဒဏ်ကြောင့် ထိုင်းနိုင်ငံ တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ကျောက်ဖယားဆည်တွင် ရေများပြည့်လျှံလာမည်ကို စိုးရိမ်သဖြင့် ဆည်အတွင်းမှ ရေများလွှတ်ခဲ့ရာ ရေလွှမ်းမိုးမှုသည် ပိုမိုဆိုးရွားခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင်မူကျောက်ဖယားဆည်မှ ရေလွှတ်မှုအား လျှော့ချလိုက်ပြီဖြစ်သဖြင့် ရေလွှမ်းမိုးမှုများလည်း လျော့ကျလာပြီဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဆည်များမှရေများ ဖောက်ထုတ်ခဲ့မှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရသဖြင့် ပြည်သူများနစ်နာဆုံးရှုံးမှုဖြစ်ခဲ့ရကြောင်း၊ ထို့ကြောင့်ပြည်သူများ၏ ဆုံးရှုံးနစ်နာမှုများအား ကူညီရန် ပျက်စီးဆုံးရှုံးမှုစာရင်းများအား ကောက်ယူရန် ပြည်ထဲရေးဝန်ကြီးဌာနအား ဝန်ကြီးချုပ်ချန်အိုးချားက ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

မယ်သီတာ

တိုင်ဖွန်း ဒမ်မရီကြောင့် ဗီယက်နမ်နိုင်ငံတွင် လူပေါင်း ၁၀၆ ဦး သေဆုံး

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ဒမ်မရီသည် ဗီယက်နမ်နိုင်ငံသို့ နိုဝင်ဘာ ၈ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူပေါင်း ၁၀၆ ဦးသေဆုံးပြီး ၂၅ ဦး ပျောက်ဆုံးကာ ၁၉၇ ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း ဗီယက်နမ်သတင်းများတွင် ဖော်ပြထားသည်။

အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် နေအိမ်ပေါင်း ၁၁၆၀၀၀ ပျက်စီးဆုံးရှုံးခဲ့ရပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေနစ်မြုပ်ပျက်စီးခဲ့ရသည်များလည်းရှိကြောင်း ဗီယက်နမ်သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသတွင်ရှိသည့် ဆည် ၄၉ ခုတွင် ရေများပြည့်လျှံခဲ့ကာ စိုးရိမ်ရသည့်အနေအထားတွင် ရှိနေဆဲဖြစ်ကြောင်း သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးထိန်းချုပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ မိုးရေချိန် ၁၇၀ မီလီမီတာ (၆၇လက်မ)အထိ ရွာသွန်းခဲ့ကြောင်း၊ အဆိုပါမိုးရေချိန်သည် နိုဝင်ဘာ ၆ ရက်က တိုင်းတာခဲ့ခြင်းဖြစ်ကြောင်း၊ မိုးသည်ဆက်လက်ရွာသွန်းနေဆဲဖြစ်ပြီး နိုဝင်ဘာ ၁၀ ရက်အထိ ဆက်လက်ရွာသွန်းနေဦးမည်ဖြစ်သည်ဟုဆိုသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် အဆိုးရွားဆုံးပျက်စီးခဲ့ရသည့်ဒေသမှာ Nha Trang ကမ်းရိုးတန်းဒေသဖြစ်ပြီး ဒေသခံ သုံးသောင်းကျော်နှင့် ကမ္ဘာလှည့်ခရီးသည်များအား မုန်တိုင်းအန္တရာယ်မှ လွတ်ကင်းသည့်နေရာတွင် ထားရှိခဲ့သည်ဟု ဆိုသည်။

အဆိုပါ ဒမ်မရီမုန်တိုင်း တိုက်ခတ်ပြီးနောက်တစ်ပတ်တွင် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(Asia Pacific Economic Co-operation-APEC)ကို ကျင်းပမည်ဖြစ်သည်။အဆိုပါအစည်းအဝေးသို့ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၊ တရုတ်သမ္မတ ရှီကျင့်ပင်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တက်ရောက်ကြမည်ဖြစ်သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဗီယက်နမ်နိုင်ငံ ၏အထင်ရှားဆုံး ကော်ဖီမျိုးစိတ်ဖြစ်သည့် ရိုဘတ်စတာ ကော်ဖီတင်ပို့မှုကို အဆိုးရွားဆုံးထိခိုက်မည်ဟုဆိုသည်။ ယခုတိုက်ခတ်ခဲ့သည့် မုန်တိုင်းသည် ဗီယက်နမ်နိုင်ငံအတွက် တစ်လအတွင်း ဒုတိယအကြိမ်မြောက် တိုက်ခတ်ခဲ့သည့်အင်အားပြင်းမုန်တိုင်းဖြစ်သည်။

မယ်သီတာ

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ အင်းစိန်မြို့နယ်နှင့် အောင်ဆန်းသူရိယလှသောင်းကျောင်း အ.ထ.က(၂) မင်္ဂလာဒုံမြို့နယ်တို့၌ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် ဝန်ထမ်းများသည် နိုဝင်ဘာလ ၈ ရက်တွင် စော်ဘွားကြီးကုန်း ပွဲရုံဝင်း(ဓမ္မာရုံ)နှင့် နိုဝင်ဘာလ ၁၀ ရက်တွင် အောင်ဆန်းသူရိယလှသောင်းကျောင်း အ.ထ.က(၂)၊ မင်္ဂလာဒုံမြို့နယ်တို့၌ စားသုံးသူအကာအကွယ် ပေးရေးအကြောင်း သိကောင်းစရာများဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ ကျောင်းမှန့်ဈေးတန်းရောင်းချသူများ စုစုပေါင်း ၃၃၁ ဦး တက်ရောက်ခဲ့ပါတယ်။ ထို့နောက် ပူးပေါင်းအဖွဲ့သည် စော်ဘွားကြီးကုန်း ပွဲရုံဝင်းအတွင်းရှိဆိုင်များသို့ ကွင်းဆင်းပညာပေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းပွဲရုံဝင်းမှ စခန်းတာဝန်ခံ ဦးရဲမိုးကျော်နှင့် အောင်ဆန်းသူရိယလှသောင်းကျောင်း အ.ထ.က(၂)၊ မင်္ဂလာဒုံမြို့နယ်မှ အတွင်းရေးမှူး ဦးတိုးတို့က နှုတ်ခွန်းဆက်အဖွင့်စကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများလုပ်ဆောင်နေပုံအကြောင်းများအား အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဆောက်လုပ်ရေးပစ္စည်းများရောင်းချနေသော လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်၊ တားမြစ်ချက်များကို သိရှိသွားပြီဖြစ်ကြောင်း၊ အောက်တိုဘာလအတွင်းက မိမိဌာနသို့ စားသုံးသူပြည်သူတစ်ဦးမှ တိုင်ကြားစာ ပေးပို့ခဲ့ပါကြောင်း၊ တိုင်ကြားစာတွင် စော်ဘွားကြီးကုန်းပွဲရုံရှိ အိမ်ဆောက်ပစ္စည်းလက်ကားဆိုင်ကြီးများတွင် ရောင်းချနေသောပစ္စည်းများ ပေါ်တွင် ရေးထားသည့် အရည်အသွေးနှင့် ပစ္စည်း၏ အမှန်အကန်အရည်အသွေး ကိုက်ညီမှုမရှိခြင်းကြောင့် စိစစ်ပေးရန်ပါရှိကြောင်း၊ ယခင်တိုင်ကြားမှုများတွင် တိုင်ကြားသူ/တိုင်ကြားခံရသူ၏အမည်၊ နေရပ်လိပ်စာအတိအကျ ပါရှိသော်လည်း ယခုတိုင်ကြားမှုတွင် မပါရှိပါကြောင်း၊ စော်ဘွားကြီးကုန်းဝင်းအတွင်း အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်ဟုသာပါရှိပြီး တိုင်ကြားသူအား ဆက်သွယ်၍ မရခြင်း၊ ဝယ်ယူမှုပြေစာမပါရှိခြင်းတို့ကြောင့် အရေးယူဆောင်ရွက်၍မရသဖြင့် အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်ရန် ဌာနအကြီးအကဲမှ ညွှန်ကြားခဲ့ကြောင်း၊ ဝယ်ယူသူ (စားသုံးသူ)များအပေါ် လိမ်လည်လှည့်ဖြားခြင်း၊ ထင်ယောင်ထင်မှားဖြစ်စေခြင်းများ ဆောင်ရွက်မှုမပြုစေလိုကြောင်းနှင့် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် လုပ်ငန်းရှင်များ အနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး စခန်းတာဝန်ခံ ဦးရဲမိုးကျော် (YCDC၊ အခွန်ဌာန) အဖွဲ့နှင့် ပူးပေါင်း၍ စော်ဘွားကြီးကုန်းပွဲရုံဝင်းအတွင်း ဆောက်လုပ်ရေးပစ္စည်းရောင်းချနေသည့်ဆိုင်များသို့ ကွင်းဆင်းလေ့လာခဲ့ပြီး လိုအပ်သည်များ ပညာပေး ဆွေးနွေးခဲ့ပါသည်။

အလားတူ နိုဝင်ဘာလ ဒုတိယပတ်အထိ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် လေးနေရာ၊ အနောက်ပိုင်းခရိုင်တွင် ခြောက်နေရာ၊ တောင်ပိုင်းခရိုင်တွင် ၂၀ နေရာ၊ မြောက်ပိုင်းခရိုင်တွင် သုံးနေရာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

အိန္ဒေအောင် (စားသုံးသူ) ရန်ကုန်

နိုဝင်ဘာလ ပထမပတ်အတွင်း ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများကျင်းပ

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူးဒေါ်မြို့ရီနှင့် ဝန်ထမ်းများသည် နိုဝင်ဘာလ ၇ ရက်တွင် လွိုင်ကော်မြို့နယ်အတွင်းရှိ ပိန်းချစ်အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)၌လည်းကောင်း၊ နိုဝင်ဘာလ ၉ ရက်တွင် ဖရူဆိုမြို့နယ်မာခရော်ရှေ့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌လည်းကောင်း၊ နိုဝင်ဘာလ ၁၀ ရက်တွင် လွိုင်ကော်မြို့နယ် ဆိုလစယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကျင်းပခဲ့ပါတယ်။

အဆိုပါဟောပြောပွဲတွင် ဦးစီးမှူးနှင့် ဝန်ထမ်းများသည်စားသုံးသူ ပြည်သူများ စားသုံးသူ အခွင့်အရေး အပြည့်အဝရရှိစေရန်နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုမခံရစေရန်၊ ရွှေချယ်ဝယ်ယူရာတွင် သေချာဖတ်ရှုဝယ်ယူရမည့် အချက်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများဝယ်ယူသုံးစွဲသည့်အခါ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ် လာပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာနသို့ ဆက်သွယ် တိုင်ကြားနိုင်ကြောင်း အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား/သူများ၏ သိရှိလိုသည့်မေးမြန်းမှုများကို တစ်ချက်ချင်း ရှင်းလင်း ဖြေကြား၍ လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ပြီး သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ/ဆရာမကြီးများနှင့် ကျောင်းမှန့်ဈေးတန်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါတယ်။

ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)

ပုသိမ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် စားသုံးသူအသိပညာပေးဟောပြောပွဲ ကျင်းပ

ပုသိမ်မြို့၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်၊ ဦးစီးအရာရှိ ဦးစောမိုက်ကယ်နှင့် တိုင်းဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတွင် နိုဝင်ဘာလ ၈ ရက်က စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်ရဲမှူး နှင့် ခရိုင်ရုံး/မြို့နယ်ရုံးများမှ အရာရှိ/အရာခံ/အကြပ်စစ်သည်များ တက်ရောက်ခဲ့ပါသည်။

ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ပေါ်ပေါက်လာပုံနှင့် ဖွဲ့စည်းမှု၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းရည်ရွယ်ချက် စားသုံးသူများ၏ အခွင့်အရေးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ဌာန၏လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များအား အသေးစိတ်ဆွေးနွေး ဟောပြောခဲ့ပါသည်။

ဦးစီးအရာရှိ ဦးစောမိုက်ကယ်က ဘေးအန္တရာယ်ဖြစ်စေနိုင်သော အစားအစာများ၊ ရက်လွန်အစားအစာများနှင့် ဓာတုဆိုးဆေးများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သော စားသုံးရန်မသင့်သည့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်နှင့် ဆေးဝါးများ FDA မှ တားမြစ်ကုန်စည်များ၊ တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ အစားအစာများ အား ရှောင်ကြဉ်စားသောက်နိုင်ရေးနှင့် စားသုံးသူရေးရာ အသိပညာ ဗဟုသုတများအား အသေးစိတ်ရှင်းလင်း ဆွေးနွေးဟောပြော၍ စားသုံးသူအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါသည်။

မင်းမင်းဦး (ပုသိမ်)

ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က စမ်းချောင်းမြို့နယ် ရှမ်းလမ်းဈေးတွင် ကွင်းဆင်းစစ်ဆေး

ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တာဝန်ရှိသူများသည် နိုဝင်ဘာလ ၆ ရက်က စမ်းချောင်းမြို့နယ်ရှမ်းလမ်း ဈေးတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်အတွက် ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကုန်စုံ ဆိုင်လေးဆိုင်၊ လက်ဖက်/ပဲကြော် ဆိုင်တစ်ဆိုင်၊ အလှကုန်/လူသုံးကုန် ဆိုင်နှစ်ဆိုင်၊ အထည်ဆိုင်တစ်ဆိုင်၊ ဆေးဆိုင်တစ်ဆိုင်၊ ရွှေဆိုင်တစ်ဆိုင် ၊ ငါး/အသားဆိုင်နှစ်ဆိုင်၊ ပုစွန်ခြောက် ဆိုင်တစ်ဆိုင်၊ မုန့်မျိုးစုံဆိုင်တစ်ဆိုင်၊ စုစုပေါင်း ၁၄ ဆိုင်အားဝင်ရောက် စစ်ဆေးခဲ့ပါသည်။ ထုတ်ကုန်လုံခြုံစိတ် ချရမှုရှိစေရန်အတွက် ထုတ်ကုန်ပစ္စည်းများ၏ အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြပါရှိရမည့်အချက်များအား အသိပညာပေး ဆွေးနွေးခြင်း၊ FDAမှ ကြော်ငြာထားသောစားသုံးရန်မသင့်သော အစားအသောက်၊ လူသုံးကုန်များအား ရောင်းချခြင်းမပြုရန်၊ ဆိုးဆေး/ တာရှည်ခံဆေးများသုံးထားသော မုန့်အမျိုးမျိုး/ယိုစုံများ၊ ရက်လွန်အစားအသောက်ကုန်ပစ္စည်းများ ရောင်းချခြင်းမပြုရန်၊ ယခုအချိန်သည် အသိပညာပေးချိန်ဖြစ်၍ အကယ်၍ ဖမ်းဆီးချိန်ရောက်ရှိပါက သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်းများရှိလာပါက နစ်နာဆုံးရှုံးမှုများလာနိုင်ကြောင်း အသိပညာပေး ဆွေးနွေးခဲ့ပါသည်။

သန်းအေး(စားသုံးသူ)

မန္တလေးဈေးချိုတော်ဈေး၌ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ကွင်းဆင်းနမူနာပစ္စည်းဝယ်ယူစစ်ဆေး

စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(မန္တလေး)နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ဈေးနှင့် သားသတ်ဌာနတို့ပူးပေါင်း၍ နိုဝင်ဘာလ ၈ ရက်တွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဈေးချိုတော်၌ ငရုတ်သီးမှုန့်မျိုးစုံ၊ နနွင်းမှုန့်၊ မျှစ်၊ ပဲနီလေး၊ ငါးပိ၊ သရက်ချဉ်၊ ချင်း၊ လက်ဖက်မျိုးစုံ၊ ပုစွန်ခြောက်၊ ထန်းလျက်၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ ပဲသွေးစသည့် စားသောက်ကုန်နမူနာပစ္စည်း အမယ်မျိုးစုံအရေအတွက် ၃၄၂ မျိုးကို ဓာတ်ခွဲစမ်းသပ်ရန် ဝယ်ယူခဲ့ပါတယ်။

အဆိုပါဝယ်ယူခဲ့သည့်စားသောက်ကုန် နမူနာပစ္စည်း ၃၄၂ မျိုးအား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဓာတ်ခွဲခန်းတွင်ခွင့်မပြု ဓာတုပစ္စည်းများသုံးစွဲထားမှု ရှိ/မရှိ စစ်ဆေးလျက်ရှိပြီး ဓာတ်ခွဲအဖြေများရရှိပါက ရောင်းချသောဆိုင်၊ ပင်ရင်းထုတ်လုပ်သည့်လုပ်ငန်းများအထိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့တော် စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်း၍ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး (၃) ကြိမ်ဆက်တိုက် စစ်ဆေး၍ ခွင့်မပြုဓာတုဆိုးဆေးသုံးစွဲခြင်းမရှိသော ဆိုင်များအား ဆိုးဆေးကင်းစင်သည့်ဆိုင်အဖြစ် Label ကပ်၍ ချိတ်ဆွဲ ရောင်းချခွင့်ပြုမည်ဖြစ်ပြီး ရောင်တခင် ဝင်ရောက်စစ်ဆေး၍ ခွင့်မပြုဓာတုဆိုးဆေးများ သုံးစွဲကြောင်း တွေ့ရှိပါက အဆိုပါ Label အားပြန်လည်သိမ်းဆည်းသွားမှာဖြစ်ပါတယ်။ ကွင်းဆင်းစစ်ဆေးမှုများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများအား နိုဝင်ဘာလ ၇ ရက်နှင့် ၉ ရက်တို့တွင်လည်း သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ချမ်းမြသာစည်မြို့နယ်၊ မြို့ဟောင်းဈေးနှင့် ၄၅ လမ်း မနော်ဟရီဈေးတို့တွင်လည်း ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **မျိုးထွန်း စားသုံးသူ(မန္တလေး)**

အိမ်သုံး သီးသန့် မြန်နှုန်းမြင့် အင်တာနက်

mm Spot

40,000 ks

ဆက်သွယ်ရန်

09- 253038147 , 09- 451000707 , 09- 451000909

Email : info@myanmarnetwork.com.mm

Website : www.myanmarnetwork.com.mm

ရွှေကျီး

မုန့်.ကြွပ်၊ ကိတ်မုန့် နှင့် မုန့်မျိုးစုံ

အမှတ်(၈၉) ကနောင်မင်းသားကြီးလမ်း နှင့် မင်းကြီးမဟာမင်းခေါင်လမ်းထောင့်၊ အရှေ့ခဲဂုံစက်မှုဇုံ၊
အရှေ့ခဲဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၆၂၀၀၃၇၈၂၊ ၀၉ ၂၅၂၀၀၂၀၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

■ သန်းသန်းနိုင်

<u>ယခင်တစ်ပတ်မှုအဆက်</u>

နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး ပို့ကုန်ထုတ်လုပ်မှုလုပ်အား အမြတ်တော်ခွန်နှင့် စားသုံးခွန်ပြဿနာကြော်ငြာစာ (နိုင်ငံတော်အခွန် ဦးစီးချုပ်ရုံးကြော်ငြာစာအမှတ်- ၂၀၁၃/၆၅)

အုပ်ချုပ်မှုများ ပိုမိုတိကျလာစေရန်၊ ပို့ကုန်ထုတ်လုပ်မှုအမြတ်တော်ခွန်ပေါ်လစီများ တိကျစွာ အကောင်အထည်ဖော်နိုင်ရန်၊ ပို့ကုန်ထုတ်လုပ်မှု လုပ်အားအမြတ်တော်ခွန်နှင့် စားသုံးခွန်ပြဿနာကြော်ငြာစာကို အောက်ပါအတိုင်း ရေးသားထုတ်ပြန်သည်-

၁။ ပို့ကုန်ကုမ္ပဏီ (သို့မဟုတ်) အခြားအသင်းအဖွဲ့မှ အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့်လျှောက်ထားမှုကို စွန့်လွှတ်ကြောင်း၊ သက်ဆိုင် ရာဌာနသို့ အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့်လျှောက်ထားမှု မပြုရ သေးသော ပို့ကုန်များအတွက် (သို့မဟုတ်) အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့်လျှောက်ထားမှု ကိစ္စရပ်များ မပြီးဆုံးသေးသည့် ပို့ကုန်များအတွက် စွန့်လွှတ်ကြောင်း တရားဝင်အသိပေးလာပြီး အခွန်ကင်းလွတ်ခွင့် လျှောက်ထားမှု လျှောက်ထားလာပါက ၎င်းကုမ္ပဏီနှင့် ပတ်သက်သော ပို့ကုန်အခွန်လျှော့၊ အခွန်လွတ် ငွေစာရင်းများအပြီး ရှင်းပြီးဖြစ်ကြောင်း မှတ်ယူမည်။ ကုမ္ပဏီပေါင်းခြင်း၊ ခွဲခြင်း၊ ပြင်ဆင်ခြင်း စသည်တို့ကြောင့် အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့်ကို ပြန်လည်ရုပ်သိမ်းနုတ်ထွက်ခွင့်ပြုရန် ပို့ကုန်ကုမ္ပဏီ (သို့မဟုတ်) အခြား အဖွဲ့အစည်း (အောက်တွင်နုတ်ထွက်သွားသော ကုမ္ပဏီဟုအတိုကောက်ခေါ်ဆိုမည်။)) မှတင်ပြနိုင်ရန်၊ အခွန်ဦးစီးဌာနတွင် (အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့်ကို ပြန်လည်ရုပ်သိမ်းနုတ်ထွက် ခွင့်ပြုရန်နှင့် အခွန်လျှော့၊ အခွန်လွတ် ခံစားခွင့်ရထားပြီး ရှင်းလင်းရန်ကျန်သော ငွေကြေးများ အပြီးအစီး ရှင်းလင်းရန်လျှောက်ထားစာ) တင်ပြရမည်။ ထို့အတူ ကုမ္ပဏီပေါင်းခြင်း၊ ခွဲခြင်း၊ ပြင်ဆင်ခြင်းအတွက် ကုမ္ပဏီဆွေးနွေးပွဲမှတ်တမ်း၊ အသင်းအဖွဲ့မှတ်တမ်း၊ သက်ဆိုင်ရာဌာနများမှခွင့်ပြုမိန့်နှင့် ဖျက်သိမ်းကုမ္ပဏီ၏တာဝန်များ၊ ဝတ္တရားများကို ဆက်ခံသည့်ကုမ္ပဏီ (အောက်တွင် ဆက်ခံသည့်ကုမ္ပဏီဟု အတိုကောက်ခေါ်ဆိုမည်။)၊ ဖျက်သိမ်းကုမ္ပဏီ၏ဘဏ္ဍာရင်း၊ ဘဏ္ဍာစာအုပ်ကို သက်ဆိုင်ရာအခွန်ဦးစီးဌာနမှ စိစစ်၍ မှန်ကန်လျှင် ဖျက်သိမ်းကုမ္ပဏီနှင့်သက်ဆိုင်သော အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့်ရထားသော ငွေကြေးများကို ရှင်းလင်းပေးချေသွားရမည်။ ဖျက်သိမ်းကုမ္ပဏီအတွက်ပေးရမည့် ငွေကြေးများကို ဆက်ခံသူအား အခွန်ဦးစီးဌာနမှပေးရမည်ဖြစ်သလို ဖျက်သိမ်းကုမ္ပဏီမှပေးချေရမည့် ငွေကြေးကိုလည်း ဆက်ခံသူထံမှတောင်းဆိုနိုင်သည်။

၂။ ပို့ကုန်ကုမ္ပဏီ (သို့မဟုတ်) အခြားအဖွဲ့အစည်းအနေနှင့် အခွန်လျှော့၊ အခွန်လွတ်ပေါ်လစီများနှင့်အညီ ပို့ကုန် ကုန်ပစ္စည်းလုပ်အားအခွန်လျှော့၊ အခွန်လွတ်ခွင့်များကိုစွန့်လွှတ်နိုင်သလို အမြတ်တော်ခွန် ပေါ်လစီ (သို့မဟုတ်) အခွန်ပေါ်လစီများကို ရွေးချယ်နိုင်သည်။ အခွန်လျှော့၊ အခွန်လွတ်ခွင့်များကို စွန့်လွှတ်မည့် ကုမ္ပဏီအနေနှင့် သက်ဆိုင်ရာဌာနသို့ (ပို့ကုန်ကုန်ပစ္စည်းလုပ်အားအခွန်လျှော့၊ အခွန်လွတ်ခွင့် စွန့်လွှတ်ကြောင်း ကြော်ငြာခြင်း) စာကို တင်ပြကာ လိုအပ်သည်များလုပ်ကိုင်ရမည်။ ထို့အပြင် စွန့်လွှတ်ကြောင်း ကြော်ငြာသည့်နေ့မှစ၍ ၃၆ လအတွင်း ထိုကုမ္ပဏီအနေနှင့် ပို့ကုန်အတွက် အမြတ်တော်ခွန်လျှော့၊ အခွန်လွတ်ပေါ်လစီကို ခံစားခွင့်ရရန် ပို့ကုန် ကုန်ပစ္စည်းလုပ်အားအတွက် ခံစားခွင့်များလျှောက်ထားနိုင်သည်။ ထို့အတူ ပို့ကုန်အတွက် အမြတ်တော်ခွန်လျှော့၊ အခွန်လွတ်ပေါ်လစီ (သို့မဟုတ်) အခွန်ပေါ်လစီများကို ခံစားခွင့်ရမည်ဖြစ်သည်။

၃။ ကုန်ကြမ်းတင်သွင်း၍ ကုန်ချောထုတ်လုပ်သည့် ကုမ္ပဏီအနေဖြင့် အကောက်ခွန်ဌာနတွင် ပထမနှစ် တင်ပို့ရောင်းချမှုစာရင်းမရှိသောကြောင့် ယခုနှစ်ကုန်ကြမ်းတင်သွင်း၍ အချောကိုင်လုပ်ငန်းအတွက် တင်ပို့မှုမှအခွန်ခံစားခွင့် မည်သို့ခံစားရမည်ကို မဆုံးဖြတ်နိုင်လျှင် အနီးကပ်ဆုံးနှစ်ဝက်မှ ပေးဆောင်သည့် အချိုးအတိုင်း ယခုနှစ်အတွက် ခံစားခွင့်ရရှိမည်ဖြစ်သည်။ ထုတ်လုပ်မှုကုမ္ပဏီအနေဖြင့် ယခုနှစ်ရောင်းဝယ်ရေးအတွက် ခံစားခွင့် အချိုးနည်းနေသည်ဟု ထင်လျှင်၊ ကုမ္ပဏီ၏ ယခုနှစ်လက်ရှိအခြေအနေနှင့် ကွာဟမှုများမြင့်နေလျှင် သက်ဆိုင်ရာဌာနသို့ ယခုနှစ်ကုန်ကြမ်းတင်သွင်းမှုစီမံကိန်းနှင့် အထောက်အထားခိုင်မာသော စာရွက်စာတမ်းများတင်ပြ၍ ခံစားခွင့်အချိုးပြင်ဆင်ရန်တင်ပြနိုင်သည်။ ထို့အတူ ကုန်ကြမ်းတင်သွင်းမှုစီမံကိန်းကို ထိုနှစ်အတွက်တင်ပို့မှု ခံစားခွင့်အချိုးအဖြစ် သတ်မှတ်ခံစားနိုင်သည်။

၄။ ကုန်အချောကိုင်လုပ်ငန်းလုပ်ကိုင်ရန် ကုန်ကြမ်းတင်သွင်းပြီး ကိုယ်စားလှယ်လွှဲ ကုန်ချောထုတ်လုပ်တင်ပို့ ရောင်းချမှုပြုသော ပို့ကုန်ကုမ္ပဏီအနေနှင့် အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့်လျှောက်ထားခြင်း (သို့မဟုတ်) ကုန်ကြမ်းအပ်၍ ကုန်ချောထုတ်လုပ်စေပြီး တင်ပို့သောအလုပ်ဖြစ်ကြောင်း ထောက်ခံချက် တင်ပြချိန်တွင် တင်ပြသည့်စာရွက်အထောက်အထားနှင့် လက်တွေ့မကိုက်ညီပါက ကုမ္ပဏီအနေနှင့် အကောက်ခွန်ဌာနတွင်လာရောက် ရှင်းလင်းချေပရမည်။ ထို့အတူ အကောက်ခွန်ဌာနမှထုတ်ပေးသော ထောက်ခံစာကို တင်ပြ၍ အထောက်အထားခိုင်မာကြောင်းချေပရမည်။ ထိုသို့မဟုတ်ပါက ကုန်ကြမ်းအပ်၍ ကုန်ချောထုတ်လုပ်တင်ပို့မှု ကုန်ကြမ်းတင်သွင်း၍ ကုန်ချောထုတ်လုပ် တင်ပို့မှုလုပ်ငန်းမှ ဝန်ဆောင်မှု လုပ်အားခ အပေါ် အခွန်လျှော့၊ အခွန်လွတ် ခံစားခွင့်နှင့် အခွန်ထေသည့် ပေါ်လစီများ ခံစားခွင့်ရမည်မဟုတ်ပေ။ ကုန်ကြမ်းအပ်၍ ကုန်ချောထုတ်လုပ်တင်ပို့မှု၊ ကုန်ကြမ်းတင်သွင်း၍ ကုန်ချောထုတ်လုပ်တင်ပို့မှု လုပ်ငန်းများအတွက် (အခွန်လျှော့၊ အခွန်လွတ် ခံစားခွင့်ထောက်ခံစာ) ထုတ်ပေးရန်မဖြစ်နိုင်သလို အခွန်ခံစားခွင့်များလည်း ရမည်မဟုတ်ပေ။

၅။ ပို့ကုန်ကုမ္ပဏီအနေဖြင့် နိုင်ငံတော်မှသတ်မှတ်ထားသည့် ကုန် တင်ပို့မှုအချောကိုင်ဇုန်၊ အခွန်ကင်းလွတ်ခွင့်ရကုန်စည်ပို့ဆောင်ရေးဇုန်၊ အခွန်ကင်းလွတ်ခွင့်ရဆိပ်ကမ်း၊ အထွေထွေ အခွန်ကင်းလွတ်ဇုန်၊ ကျူးကျန်း-မကာအို နယ်စပ်ဖြတ်ကျော်စက်မှုဇုန် (ကျူးကျန်း-ရှန်ဟဲဇုန်)၊ တရုတ်-ဟားဟိုအယ်ကိုစီး နိုင်ငံတကာ နယ်စပ်ပူးပေါင်းဆောင်ရွက်မှုစင်တာ (တရုတ်ဘက်မှဆက်စပ်ဇုန်)၊ အခွန်ကင်းလွတ်ခွင့်ရ ကုန်စည်ပို့ဆောင်ရေးဇုန် (ဘီအမျိုးအစား) တို့ကို (အောက်တွင်အထူးဇုန်ဟု အတိုကောက်ခေါ်ဆိုမည်။) ကုန်ရောင်းခပေးသော အသင်းအဖွဲ့ပုဂ္ဂလိကအနေဖြင့် ယွမ်ငွေနှင့် ငွေပေးချေမှုပြုလျှင် တင်ပို့မှုအခွန်လျှော့၊ အခွန်လွတ်ပေါ်လစီခံစားခွင့်ပြုရန် လျှောက်ထားနိုင်သည်။ သတ်မှတ်ချက်များနှင့်အညီ စာရွက်စာတမ်းများရယူ၍ တရုတ်ယွမ်ငွေနှင့် ငွေရှင်းလင်းခဲ့ကြောင်း တင်ပြနိုင်ရမည်။

၆။ ပို့ကုန်ကုမ္ပဏီ (သို့မဟုတ်) အခြားအဖွဲ့အစည်းအနေဖြင့် နိုင်ငံခြား အကူအညီပေးရေးလုပ်ငန်းသုံးကုန်ပစ္စည်းများ တင်ပို့မှုအတွက် အခွန်လျှော့၊ အခွန်လွတ်ပေါ်လစီများ ခံစားခွင့်လျှောက်ထားချိန်တွင် ကုန်သွယ်ရေးဝန်ကြီးဌာနမှချပေးသော ပြည်ပအကူအညီပေးရေး လုပ်ငန်းစာရွက်စာတမ်း (ပြည်ပအကူအညီပေးရေး တာဝန်ခံစာ) မိတ္တူနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှထုတ်သော ပြည်ပအကူအညီပေးရေး စီမံကိန်းရန်ပုံငွေ စာရွက်စာတမ်း (ပြည်ပအကူအညီပေးရေးတာဝန်ခံစာ)မိတ္တူကို တင်ပြရန်မလိုပေ။

၇။ ထုတ်လုပ်မှုလုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီအနေဖြင့် မိမိကုမ္ပဏီမှထုတ်လုပ်သော (သို့မဟုတ်) တပ်ဆင်သော ကုန်မဟုတ်သည့်အရာများကို တင်ပို့ပြီး တင်သွင်းနိုင်ငံတွင် မိမိကုန်နှင့် အခြားကုမ္ပဏီ ထုတ်ပစ္စည်းများကို တပ်ဆင်၍ ပစ္စည်းတစ်ခုအဖြစ် အသုံးပြုပါက မိမိကုမ္ပဏီမှထုတ်လုပ်တင်ပို့သည်ဟု မှတ်ယူနိုင်သလို အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့်များ လျှောက်ထားနိုင်သည်။ ကုန်ထုတ်လုပ်သည့်ကုမ္ပဏီမှ ထိုသို့သော ကုန်ပစ္စည်းကို အခွန်လျှော့၊ အခွန်လွတ် ခံစားခွင့်လျှောက်လျှင် (ကုန်ထုတ်လုပ်သည့်ကုမ္ပဏီမှ မိမိထုတ်ကုန် အဖြစ်သတ်မှတ်၍ အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့်လျှောက်နိုင်သော ကုန်ပစ္စည်းများ အမည်စာရင်း)ပါ အချက်များနှင့် တိုက်၍ ကိုက်ညီပါက လျှောက်ထားနိုင်သည်။ တာဝန်ရှိဌာနမှ ထိုလျှောက်ထားမှုကို စိစစ်၍ အကြောင်းအရာမှားယွင်းမှုရှိလျှင် ပြင်ဆင်ရန် အကြောင်းကြားမည်ဖြစ်သည်။

၈။ ပို့ကုန်ကုမ္ပဏီနှင့်အခြားအသင်းအဖွဲ့များအနေဖြင့် တင်ပို့မှုအတွက် အမြတ်တော်ခွန်ကင်းလွတ်ခွင့် ပေါ်လစီအရ ပို့ကုန်လုပ်အားခ အခွန်ပေါ်လစီခံစားခွင့်၊ အမြတ်တော်ခွန်ခံစားခွင့်၊ စားသုံးခွန်ခံစားခွင့်များ လျှောက်ထားပြီးပါက (တင်ပို့ကုန်လုပ်အား အခွန်ကင်းလွတ်ခွင့်လျှောက်ထားသည့် အသေးစိတ်စာရင်း)နှင့် ကွန်ပျူတာစာစီ ကိန်းဂဏန်းများတင်ပြရန်မလိုတော့ပေ။ ထို့အတူ ပို့ကုန်ဂျူတီဆောင်သည့်စာရွက်စာတမ်းများ၊ တရားဝင်သော ကုန်တင်သွင်းသည့် အထောက်အထားများစသည်တို့ကို ကုမ္ပဏီတွင်သာ ထိန်းသိမ်းထား၍ တင်ပို့သည့်ရက်စွဲအလိုက် စာအုပ်ချုပ်သိမ်းဆည်းထားရမည်။

၉။ တင်ပို့ကုန်လုပ်အားနှင့် ပတ်သက်သောအရာများဖြစ်ကြသော တရားဝင်ကုန်တင်သွင်းသည့်စာရွက်စာတမ်းများကို အောက်ပါအတိုင်း ထိန်းသိမ်းထားရမည်ဖြစ်သည်-

(က) ပို့ကုန်ကုမ္ပဏီ (သို့မဟုတ်) အခြားအဖွဲ့အစည်းမှ ဥပဒေနှင့်အညီ လေလံတင်သည့်ဌာနများမှ ဝယ်ယူသောတင်ပို့ကုန်၊ လေလံတင်သည့်သူနှင့် ချုပ်ဆိုထားသည့်စာရွက်စာတမ်း၊ ငွေကြေးပေးချေမှု အထောက်အထားများကို သိမ်းဆည်းထားရမည်။

(ခ) ကုမ္ပဏီပေါင်းခြင်း၊ ခွဲခြင်း၊ ပြင်ဆင်ခြင်းပြုထားသည့် ပို့ကုန်ကုမ္ပဏီ (သို့မဟုတ်) အသင်းအဖွဲ့အနေဖြင့် အသစ်ဖွဲ့စည်းခြင်း မပြုမီ အခမဲ့လွှဲပြောင်းလိုက်သောကုန်များအတွက်၊ အသင်းအဖွဲ့ပြင်ဆင် ဖွဲ့စည်းကြောင်း စာရွက်စာတမ်း၊ အခမဲ့လွှဲပြောင်းလိုက်သော စာရွက်စာတမ်းများကို သိမ်းဆည်း ထားရမည်။

၁၀။ ပို့ကုန်ကုမ္ပဏီ (သို့မဟုတ်) အခြားအဖွဲ့အစည်းမှ (နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး ပို့ကုန်ထုတ်လုပ်မှု လုပ်အားအမြတ်တော်ခွန်နှင့် စားသုံးခွန်ကြီးကြပ်ရေးနည်းဥပဒေပါ ပြဿနာများကြော်ငြာချက်၊ နိုင်ငံတော် အခွန်ဦးစီးချုပ်ရုံး ကြော်ငြာစာအမှတ်-၂၀၁၃ /၁၂) ပါအပိုဒ် ၂-၁၈ ပါ အချက်များနှင့်အညီ အခွန်လျှော့၊ အခွန်လွတ်ခံစားခွင့်လျှောက်ထားမှု ကန့်သတ်ရက်နောက်ဆုတ်ပေးရန် လျှောက်ထားချက်ကို ပြည်နယ် အခွန်ဦးစီးဌာနမှ သဘောတူခွင့်ပြုမှုမပြုလျှင်၊ ထိုလျှောက်ထားသော ကုန်အနေဖြင့် အခြားအခွန်ကင်းလွတ်မှုခံစားခွင့်တွင် ဘောင်ဝင်လျှင် ပို့ကုန်ကုမ္ပဏီ (သို့မဟုတ်) အခြားအဖွဲ့အစည်းမှ သဘောမတူကြောင်း စာရပြီး နောက်တစ်လတွင် ဘောင်ဝင်သော ကင်းလွတ်ခွင့်ခံစားမှုရရန် လျှောက်ထားရမည်။ ထိုသို့နောက်တစ်လအတွင်း လျှောက်ထားမှုမပြုပါက အမြတ်တော်ခွန်ပေးဆောင်ရမည်။

၁၁။ တင်ပို့ကုန်ကို ကိုယ်စားလှယ်လွှဲလုပ်ကိုင်ထားသည့် ကုမ္ပဏီအနေဖြင့် မိမိပစ္စည်းဂျူတီဆောင်၍ တင်ပို့သည့် နေ့မှစကာ နောက်နှစ် မေလ ၁၅ ရက်မတိုင်မီ ကိုယ်စားလှယ်လွှဲသည့် သဘောတူစာချုပ်မိတ္တူနှင့် သက်ဆိုင်ရာဌာနသို့ (ပို့ကုန်ကိုယ်စားလှယ်လွှဲကြောင်း ထောက်ခံစာ)နှင့် ကွန်ပျူတာစာစီများကို တင်ပြရမည်။ သက်ဆိုင်ရာဌာနမှ ကိုယ်စားလှယ်လွှဲသည့်သဘောတူစာချုပ်ကို စိစစ်အတည်ပြုပြီးလျှင် (ပို့ကုန်ကိုယ်စားလှယ်လွှဲကြောင်းထောက်ခံစာ) တွင် တံဆိပ်ခတ် အသိအမှတ်ပြုပေးရမည်။ ကိုယ်စားလှယ်လွှဲမှုကို လက်ခံဆောင်ရွက်ပေးသော ကုမ္ပဏီအနေဖြင့် (ပို့ကုန်ကိုကိုယ်စားလှယ်အဖြစ် လုပ်ကိုင်ပေးကြောင်း ထောက်ခံစာ) ထုတ်ပေးရန် လျှောက်ထားချိန်တွင် သတ်မှတ် စာရွက်စာတမ်းအထောက်အထားများ၊ ကိုယ်စားလှယ်လွှဲသူနှင့် သက်ဆိုင်သည့် အခွန်ဦးစီးဌာနမှထုတ်ပေးသော (ပို့ကုန်ကိုယ်စားလှယ်လွှဲကြောင်း ထောက်ခံစာ)ကို တင်ပြရမည်။

၁၂။ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းကုမ္ပဏီအနေဖြင့် ကုန်များကို ပြည်တွင်းတွင်သာ ရောင်းချပါက (ပို့ကုန် ပစ္စည်းပြည်တွင်းတွင် ရောင်းချခွင့်ထောက်ခံစာကို လျှောက်ထားရာတွင်) သတ်မှတ်စာရွက်စာတမ်း အထောက်အထားများ၊ ရောင်းချမှု၊ အခွန်ပေးဆောင်မှု စာရွက်စာတမ်းအထောက်အထားများကိုလည်း မိတ္တူကူးတင်ပြရမည်။

စာမျက်နှာ (၃၁)သို့ ➤

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

အိမ်ရာပြန်လည်ပြုပြင်မွမ်းမံသော အစီအစဉ်များကြောင့် အသုံးစရိတ်မြင့်တက်မှုကို စင်ကာပူ စားသုံးသူကာကွယ်ရေးအဖွဲ့အစည်းက စိုးရိမ်လျက်ရှိ

စင်ကာပူနိုင်ငံတွင် လတ်တလော နှစ်ကာလများ၌ အိမ်ရာများ ပြန်လည်ပြုပြင်မွမ်းမံမှုများ သို့မဟုတ် ပိုမိုလှပကောင်းမွန်စေရန် ပြင်ဆင်မှုများကြောင့် စားသုံးသူများ၏အသုံးစရိတ်များပြားလာသဖြင့် စင်ကာပူစားသုံးသူကာကွယ်ရေးအဖွဲ့အစည်းက စိုးရိမ်လျက်ရှိကြောင်း စီအင်နာ့အေသတင်းတွင် ဖော်ပြသည်။ ယင်းသို့ဖြစ်ပေါ်ရခြင်းမှာ ကြိုတင်စပေါ်ငွေများ အမြောက်အများပေးသွင်းရခြင်း သို့မဟုတ် ငွေအပြည့်ပေးချေရခြင်းတို့ကြောင့် စာချုပ်ချုပ်ဆိုသူများနှင့် စားသုံးသူများအကြား အငြင်းပွားမှုများ များပြားလာခြင်းသည် အဓိကပါဝင်ပါသည်။ ၂၀၁၇ ခုနှစ် ပထမ ခုနစ်လအတွင်း စားသုံးသူများသည် အိမ်ရာပြန်လည်ပြုပြင်မွမ်းမံမှု အစီအစဉ်များအတွက် စာချုပ်ချုပ်ဆိုမှုတန်ဖိုး စုစုပေါင်းမှာ စင်ကာပူဒေါ်လာ ၈,၄၂၀,၀၀၀ ရှိပြီး စာချုပ်တစ်ခုအတွက် ပျမ်းမျှတန်ဖိုးမှာ စင်ကာပူဒေါ်လာ ၁၁,၇၁၁ ရှိပါ သည်။ ၂၀၁၆ ခုနှစ်နှင့် နှိုင်းယှဉ်မည်ဆိုပါက စားသုံးသူများမှာ ၂၀၁၆ ခုနှစ်ကာလအတွင်း စာချုပ်ချုပ်ဆိုမှုများအတွက် စင်ကာပူဒေါ်လာ ၁၇,၂၆၀,၀၀၀ သုံးစွဲခဲ့ရသဖြင့် စာချုပ်တစ်ခုအတွက် ပျမ်းမျှ တန်ဖိုးမှာ စင်ကာပူ ဒေါ်လာ ၁၁, ၂၃၇ ရှိခဲ့ပါသည်။

စားသုံးသူများအနေဖြင့် စာချုပ်ချုပ်ဆိုသူများနှင့် အငြင်းပွားမှု ဖြစ်ရသည့်အကြောင်းရင်းများမှာ လုပ်ငန်းများ ကြန့်ကြာနှောင့်နှေးခြင်း၊ ပြန်လည် ပြင်ဆင်သောလုပ်ငန်းများ ကျေနပ်ဖွယ်မရှိခြင်း သို့မဟုတ် လုပ်ငန်းများ ရပ်တန့်ခြင်းနှင့် ငွေပေးချေပြီးနောက် ဆက်သွယ်၍ မရတော့ခြင်းတို့ကြောင့် ဖြစ်ကြောင်းလည်း သိရှိရပါသည်။ လွန်ခဲ့သော ၁၀ စုနှစ်ကာလအတွင်း အိမ်ရာများ ပြန်လည်ပြုပြင်မွမ်းမံသော စာချုပ်ချုပ်ဆိုထားသည့်လုပ်ငန်းမှာ စင်ကာပူ စားသုံးသူကာကွယ်ရေး အဖွဲ့အစည်း သို့တိုင်ကြားသည့် တိုင်ကြားမှုအများဆုံးလုပ်ငန်း ၁၀ မျိုးတွင်ပါဝင်ပြီး ၂၀၁၆ ခုနှစ်တွင် အဆင့် ၄ နေရာနှင့် တိုင်ကြားမှုပေါင်း ၁,၂၆၉ မှ ရှိခဲ့ကြောင်း သိရှိရပါသည်။ အဓိကတိုင်ကြားမှုများမှာ အိမ်ရာပြန်လည်ပြုပြင်မွမ်းမံသော လုပ်ငန်းများသည် သက်ဆိုင်ရာသဘောတူညီချက်ကို လိုက်နာ ဆောင်ရွက်မှုမရှိခြင်းနှင့် ကျေနပ်ဖွယ်မရှိသော ဝန်ဆောင်မှုများကြောင့် ဖြစ်ပါသည်။

စင်ကာပူစားသုံးသူ ကာကွယ်ရေးအဖွဲ့အစည်း၏ ပညာပေးရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ Mr. Linus Ng က ပြောကြားရာတွင် ၎င်းအနေဖြင့် စားသုံးသူများ၏ တိုင်ကြားခံရမှုများပြားသည့် အိမ်ရာ ပြုပြင်မွမ်းမံသည့်လုပ်ငန်းများမှာ တစ်စိတ်တစ်ပိုင်းသာဖြစ်ပြီး အဆိုပါလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ရန် အတားအဆီးများမှာ အတော်အသင့်နည်းပါးသဖြင့် လုပ်ငန်းငယ်များစွာ ပါဝင်ဆောင်ရွက်လျက်ရှိရာ လက်တွေ့တွင် စားသုံးသူများအား နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်စေသည့် တိုင်ကြားမှုမခံရသေးသော လုပ်ငန်းငယ်များစွာလည်း ကျန်ရှိနေဦးမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ စင်ကာပူစားသုံးသူကာကွယ်ရေးအဖွဲ့အစည်းသည် စင်ကာပူအိမ်ရာ ပြန်လည်ပြုပြင်မွမ်းမံမှုလုပ်ငန်းများ ဆိုင်ရာ စာချုပ်ချုပ်ဆိုသူများနှင့် ပစ္စည်းများ ရောင်းချသူများအသင်းနှင့် ဆက်သွယ်ပြီး စံချိန်စံညွှန်းများကို မည်ကဲ့သို့ တိုးတက် အောင် ဆောင် ရွက် မည်၊ အဆိုပါလုပ်ငန်းတွင် စားသုံးသူများအား ပိုမိုကောင်းမွန်စွာ မည်ကဲ့သို့အကာ အကွယ်ပေးမည်တို့ကို ဆွေးနွေးခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၆ ခုနှစ်မှစတင်၍ Case Trust-RCMA သည် အိမ်ရာပြန်လည်ပြုပြင်မွမ်းမံသော လုပ်ငန်းများအတွက် ပူးတွဲအသိအမှတ်ပြု လက်မှတ်ပေးသောအစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါအစီအစဉ်အရ စားသုံးသူများ၏ကြိုတင်စပေါ်ငွေများအား စီးပွားရေးလုပ်ငန်း ပိတ်သိမ်းမှုများကြောင့် ဆုံးရှုံးမှုများမှ Deposit Performance Bond ဖြင့် အကာအကွယ်ပေးထားပြီး လက်ရှိကာလတွင် အသိလက်မှတ်ရရှိထားသော စီးပွားရေးလုပ်ငန်းပေါင်း ၃၀ ခန့်ရှိကြောင်း CaseTrust website တွင် တွေ့ရှိရပါသည်။ RCMA ဥက္ကဋ္ဌဖြစ်သူ Dr. Sky Tan က စားသုံးသူများနှင့် ပြည်သူများအား အိမ်ရာပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်သော စာချုပ်ချုပ်ဆိုသူနှင့် ဆက်သွယ်ဆောင်ရွက်မည်ဆိုပါက စေ့ငုနှန်းကို အဓိကမထားဘဲ သုတေသနပြုလုပ်ပြီးမှသာ လုပ်ငန်းကို စတင်ဆောင်ရွက်ရန် သတိပြုရမည်ဖြစ်ကြောင်း ပညာပေးသွားရန် ပြောကြားခဲ့ပါသည်။

စင်ကာပူစားသုံးသူ ကာကွယ်ရေးအဖွဲ့အစည်းအနေဖြင့် ၂၀၁၇ ခုနှစ်တွင် စားသုံးသူပညာပေး လုပ်ငန်းကို အဓိက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အိမ်ရာပိုင်ဆိုင်သူများအား ၎င်းတို့၏ အိမ်ရာများကို ပြန်လည်ပြုပြင်မွမ်းမံမှုများ သို့မဟုတ် ပိုမိုလှပကောင်းမွန်စေရန် ပြင်ဆင်မှုများ ပြုလုပ်မည်ဆိုပါက လေ့လာသိရှိထားရမည့်အချက်များကို ပညာပေးနိုင်ရန် ပညာပေးပွဲတော်တစ်ခုကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပွဲတော်သို့အဆောက်အဦနှင့် ဆောက်လုပ်ရေးအာဏာပိုင်၊ အိမ်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ RCMA နှင့် SPRING Singapore တို့ကိုလည်း ဖိတ်ကြားပြီး ၎င်းတို့၏ ဗဟုသုတများနှင့် အသိပညာများကို ရယူဖလှယ် သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

မျိုးမျိုးထိုက် (စားသုံးသူ)

စာမျက်နှာ (၃၀)မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ဥပဒေနှင့် ➢➢➢ . . . . . မှအဆက်

သက်ဆိုင်ရာဌာနအနေဖြင့် ပို့ကုန်ကုမ္ပဏီမှ တင်ပြလာသော (ပို့ကုန်ပစ္စည်း ပြည်တွင်းတွင်ရောင်းချခွင့် ထောက်ခံစာထုတ်ပေးရန် လျှောက်လွှာ) ပါအချက်များကို စိစစ်ရာတွင် အမြတ်တော်ခွန် အထောက်အထားနှင့် အခြားဌာနများမှ မှတ်ပုံတင်ထားမှုများကွဲလွဲနေလျှင် အမြတ်တော်ခွန် ပေးဆောင်သည့် စာရွက်စာတမ်းများနှင့် အခြားအထောက်အထားများပါ အောက်ပါအချက်များနှင့် ငြိစွန်းလျှင် (ပို့ကုန်ပစ္စည်းပြည်တွင်းတွင် ရောင်းချမှုထောက်ခံစာ) မထုတ်ပေးရ-

(က) အမြတ်တော်ခွန်ပေးဆောင်သည့်ပြေစာ (သို့မဟုတ်) အကောက်ခွန်ဌာနမှ ထုတ်ပေးသော သွင်းကုန်အမြတ်တော်ခွန်ထောက်ခံချက်မှာ အတုဖြစ်ခြင်း၊ ကိန်းဂဏန်းပြင်ထားခြင်း၊ အကြောင်းအရာ ရှေ့နောက်မညီညွတ်ခြင်း။

(ခ) ကုန်ပစ္စည်းရောင်းချပေးသည့်ကုမ္ပဏီ၏ အခွန်ဆောင်ခွင့် ဖျက်သိမ်းခံရလျှင် (သို့မဟုတ်) တရားဝင်ကုမ္ပဏီ မဟုတ်တော့လျှင် ထိုကုမ္ပဏီမှတရားမဝင်ကြော်ငြာခံရပြီးနောက် ထုတ်ပေးသော အမြတ်တော်ခွန်ထောက်ခံချက်ပြေစာများသည် တရားဝင်မည်မဟုတ်။

(ဂ) နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းကုမ္ပဏီအနေဖြင့် ကုန်များကိုပြည်တွင်းတွင်သာ ရောင်းချနိုင်ရန် (ပို့ကုန်ပစ္စည်း ပြည်တွင်းတွင်ရောင်းချမှုထောက်ခံစာလျှောက်လွှာ) တင်ရာတွင် သွင်းကုန်ထောက်ခံချက်ပါ ကုန်အမည်နှင့် ပို့ကုန်အတွက်အခွန်လျော့၊ အခွန်လွတ်ခံစားခွင့်လျှောက်ရာတွင်ပါရှိသော အမည်များကွဲလွဲနေခြင်း။ (ဤတွင် ကုန်တစ်မျိုး၏ အပိုပစ္စည်းများကို ဂျူတီဆောင်ရာတွင် ကုန်ပစ္စည်းအမည်သာ ရေးထားခြင်းမပါပေ။)

(ဃ) ကုန်ရောင်းချပေးသည့်ကုမ္ပဏီအနေဖြင့် မိမိ၏ ထုတ်ကုန်ဟု ဖော်ပြထားသော်လည်း၊ လက်တွေ့တွင် ၎င်း၏ စက်ပစ္စည်းများနှင့် ထုတ်လုပ်နိုင်စွမ်းမရှိသောကုန်များ။

(င) ကုန်ရောင်းချပေးသည့်ကုမ္ပဏီအနေဖြင့် အပြင်မှ ဝယ်၍ ထိုပစ္စည်းအတွက် တင်သွင်းမှု အထောက်အထားများမှာ အတုဖြစ်နေလျှင်။

(စ) ကုန်ရောင်းချပေးသည့်ကုမ္ပဏီအနေဖြင့် ပြန်လည်သိမ်းယူအချောကိုင်ရန် ကိုယ်စားလှယ်လွှဲကြောင်း ဖော်ပြထားသော်လည်း လက်တွေ့တွင်အတူဖြစ်နေလျှင်။ သက်ဆိုင်သည့်အခွန်ဦးစီးဌာနမှ (ပို့ကုန် ပစ္စည်းပြည်တွင်းတွင်ရောင်းချခွင့်ထောက်ခံစာ) ထုတ်ပေးပြီးနောက်၊ ထိုကုမ္ပဏီမှတင်ပြသော အမြတ်တော်ခွန် ပေးသွင်းသည့်ပြေစာ (သို့မဟုတ်) အခြားအခွန်ပြေစာများမှာ အထက်ပါပြဿနာများရှိနေလျှင် ထိုကုမ္ပဏီကိုထုတ်ပေးထားသော (ပို့ကုန်ပစ္စည်း ပြည်တွင်းတွင် ရောင်းချခွင့် ထောက်ခံစာ)ကိုပြန်အပ်ရန် ကုမ္ပဏီကို အကြောင်းကြားလုပ်ကိုင်စေရမည်ဖြစ်သလို ဝင်ငွေခွန်များကိုလည်း ပြန်လည်ပေးဆောင်ရမည်။

၁၃။ ပို့ကုန်ကုမ္ပဏီအနေဖြင့် နိုင်ငံတော်ကုန်သွယ်မှုလုပ်ငန်းစစ်ဆေးရေးဌာန၊ အကောက်ခွန်ဌာန၊ နိုင်ငံခြားငွေကြီးကြပ်ရေးဌာနစသည့်ဌာနများသို့ ပေးပို့သည့်စာရွက်စာတမ်းများတွင် ပို့ကုန်အခွန်လျော့၊ အခွန်လွတ် ခံစားခွင့်တင်ပြထားသော စာရွက်စာတမ်းများကို အတုလုပ်ထားခြင်း၊ လိမ်ညာထားခြင်း၊ မဟုတ်မမှန်ခြင်းများ တွေ့ရှိပါက ထိုပို့ကုန်နှင့်သက်ဆိုင်သော အမြတ်တော်ခွန်လျော့ချ၊ ကင်းလွတ်ခွင့်များသည်လည်း အကျုံးဝင်တော့မည်မဟုတ်ပေ။ ထို့အတူ အခွန်လိမ်ညာမှုဥပဒေများနှင့် ငြိစွန်းလျှင် ဥပဒေကြောင်းအရ အရေးယူသွားမည်ဖြစ်သည်။

၁၄။ ဤထုတ်ပြန်ကြော်ငြာချက်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်ကျင့်သုံးသည်။

နိုင်ငံတော်အခွန်ဦးစီးချုပ်ရုံး
၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်
ဆက်လက်ဖော်ပြပါမည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်မှုသင်တန်းပို့ချမှုအခြေအနေ

| သိန်းမြင့်ဝေ |

အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်တွင် အမျိုးသားပို့ကုန် ဖွံ့ဖြိုးရေးဦးစီးဌာန (Department of National Export Development) ကို ဖွဲ့စည်းထားရှိပါသည်။ အမျိုးသားပို့ကုန်ဖွံ့ဖြိုးရေး ဦးစီးဌာနသည် ပို့ကုန်လုပ်ငန်းရှင်များအတွက် ပို့ကုန် လမ်းညွှန် (Export Guide)၊ ပို့ကုန် အကူအညီ (Export Assistance)၊ ပို့ကုန်မြှင့်တင်ရေး (Export Promotion)၊ ပို့ကုန် အောင်မြင်ရေး (Success in Export)၊ ပို့ကုန်စံပြဆု (Primaniyarta Award)၊ ပို့ကုန်လုပ်ငန်းရှင်သတင်း (Exporter News)၊ ဝယ်ယူသူ ရှာဖွေခြင်း (Find buyer) စသည့် အကြောင်းအရာ/ နယ်ပယ်များကို ဖြည့်ဆည်းပံ့ပိုးပေးပါသည်။ **ပို့ကုန်လမ်းညွှန်** (Export guide) သည် ပို့ကုန်လုပ်ငန်းရှင်များအတွက် ပို့ကုန်တင်ပို့မှု လုပ်ဆောင်ချက်များ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် ယေဘုယျသတင်းအချက်အလက်ပေးခြင်း ဖြစ်ပါသည်။ ပို့ကုန်လမ်းညွှန်ခြင်းကဏ္ဍတွင် ပို့ကုန်အခြေခံ လုပ်ထုံးလုပ်နည်းများ (Export Basic Procedure)၊ ပို့ကုန် ငွေကြေးဝန်ဆောင်မှုဖြည့်ဆည်းပေးခြင်း(Export Financing)၊ ပို့ကုန် အဆင်သင့်ဖြစ်မှုကို အကဲဖြတ်ခြင်း (Export Readiness Assessment)၊ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် (Free Trade Agreement)၊ HS Code ရှာဖွေခြင်း (HS Code Search)၊ အသုံးဝင်သော အဆက်အသွယ်များ (Useful Contacts) ပါဝင်ပါသည်။

ပို့ကုန်အကူအညီ ဖြည့်ဆည်းပေးသည့် အပိုင်း (Export Assistance) တွင် ပို့ကုန်လုပ်ငန်းရှင်များအတွက် ပို့ကုန်ဆိုင်ရာ ဗဟုသုတများ၊ ကျွမ်းကျင်မှုများ၊ လိုအပ်သော စွမ်းဆောင်ရည်များ စသည့်ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးပါသည်။ ပို့ကုန်ဆိုင်ရာ သင်တန်းနှင့် ပညာပေးရေးဌာနခွဲ (Export Training and Education) သည် Education and Training Program အပါအဝင် ဤအပိုင်းကို အဓိက တာဝန်ယူဝန်ဆောင်မှုပေးပါသည်။ Education and Training Program တွင် ပါဝင်သော ခေါင်းစဉ်ခွဲ/ အကြောင်း အရာများသည် မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက် အောက်တွင်ရှိသော Trade Training Institute (TTI) က ပို့ချလျက် ရှိသည့် ခေါင်းစဉ်ခွဲ/ အကြောင်းအရာများနှင့် များစွာ တူညီမှုရှိပါသည်။

ပို့ကုန်မြှင့်တင်ရေး (Export Promotion) သည် အင်ဒိုနီးရှား ပို့ကုန်လုပ်ငန်းရှင်များ အနေဖြင့် ယင်းတို့၏ ထုတ်ကုန်များပိုမိုတင်ပို့နိုင်ရေး အပြင် ပို့ကုန်တင်ပို့နိုင်မည့် အခွင့်အလမ်းများ (Export Opportunities) နှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ ပို့ကုန်ကို အောင်မြင်စွာ တင်ပို့နိုင်ရေး (Success in Export) အတွက် ရှုထောင့်များစွာမှ ဂရုစိုက်ကူညီသင့်ပါသည်။ ဥပမာ အားဖြင့် ပို့ကုန်ပတ်ဝန်းကျင် (Export Environment) တွင် ဖြစ်ပေါ်လေ့ရှိသော စိန်ခေါ်မှုများကို မည်ကဲ့သို့ရင်ဆိုင်ဖြေရှင်းရမည် ဆိုသည်ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာစျေးကွက်နှင့် အပြည်ပြည်ဆိုင်ရာ ပို့ကုန်လောကရှိ စီးပွားရေး လုပ်ငန်းကျင့်ဝတ်ဖောက်ဖျက်သူများနှင့် ရင်ဆိုင်ဖြေရှင်းရပုံများကိုလည်းကောင်း အသိပေးမျှဝေရန် ဖြစ်ပါသည်။ ထိုနည်းတူစွာပင် ပြည်တွင်းရှိ မိမိတို့၏ ကုမ္ပဏီမှ ဖြစ်ပေါ်လာသော ပြဿနာများနှင့် ပြည်တွင်းစျေးကွက်ရှိ အရှုပ်တော်ပုံများနှင့် ပတ်သက်သည့် အတွေ့အကြုံများကိုလည်းကောင်း၊ စရိတ်ထိရောက်မှုရှိရေးနှင့် နိုင်ငံတကာစျေးကွက်သို့ ထိုးဖောက်နိုင်သော အရည်အသွေးရှိ ထုတ်ကုန်များ တင်ပို့နိုင်ရေးအတွက် ပို့ကုန်လုပ်ငန်းရှင်က မိမိကုမ္ပဏီကို မည်ကဲ့သို့စီမံခန့်ခွဲရမည်ဆိုသည်ကို လည်းကောင်း မျှဝေအသိပေးရန် ဖြစ်ပါသည်။

ပို့ကုန်စံပြဆု (Primaniyarta Award) သည် အင်ဒိုနီးရှားအစိုးရက ပို့ကုန်အများဆုံး/ အအောင်မြင်ဆုံး တင်ပို့နိုင်သော လုပ်ငန်းရှင်အား ချီးမြှင့်သော အဆင့်မြင့်ဆုံးဆုဖြစ်ပါသည်။ ဆုရရှိသူများသည် အခြားသော ပို့ကုန်လုပ်ငန်းရှင်များအတွက် စံပြသို့မဟုတ် စံနမူနာ ယူထိုက်သူ (Role model) ဖြစ်ပါသည်။ အဆိုပါ ဆုချီးမြှင့်သည့် အစီအစဉ်ကို အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိအမျိုးသားပို့ကုန် ဖွံ့ဖြိုးရေးဦးစီးဌာနက စုစည်း၍ နှစ်စဉ်ကျင်းပပါသည်။

ပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်

ပို့ကုန်အကူအညီ(Export assistance) ခေါင်းစဉ်အောက်တွင် အဓိကကျသော ခေါင်းစဉ်ခွဲမှာ ပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ် Education and Training Program ဖြစ်ပါသည်။ Export Training and Education ဌာနခွဲသည် ပို့ကုန်သွင်းကုန်လုပ်ငန်းလောကနှင့် နယ်သာလန်နိုင်ငံ CBI တို့မှ အထူးကျွမ်းကျင်သော ပြင်ပပညာရှင်များနှင့် ဌာနဆိုင်ရာအရာထမ်းများကိုဖိတ်ကြား၍ သင်တန်းများပို့ချပေးပါသည်။ ၎င်းတို့နှင့်ပူးပေါင်း၍ ပြည့်စုံကောင်းမွန်သော သင်ရိုးမာတိကာ Comprehensive Curriculum ရေးဆွဲခြင်း၊ Case Studies, Exercises, Role Play နှင့် Field Trips ကဲ့သို့သော သင်ကြားနည်းနှင့် တင်ပြနည်းမျိုးစုံဖြင့် ပို့ချခြင်းတို့ကို ဆောင်ရွက်ပါသည်။ အမှန်တကယ် တတ်ကျွမ်းသွားသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ ဖြစ်လာစေရေးအတွက်လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နိုင်သော သင်တန်းဆင်းများ (Professional Graduates) မွေးထုတ်ပေးရန်အတွက်လည်းကောင်း၊ ပို့ကုန်သွင်းကုန် ကုမ္ပဏီများတွင် Internships ဆင်းစေခြင်းနှင့် ပို့ကုန်သွင်းကုန် လုပ်ငန်းကို လက်တွေ့ဆောင်ရွက်စေခြင်း (Export-Import Simulation) တို့ကို လည်းဆောင်ရွက်ပေးပါသည်။ ပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်အရ ပို့ကုန်သွင်းကုန် စီမံခန့်ခွဲမှုအတွက် အသက်မွေးဝမ်းကျောင်းပညာရေး (Professional Educational for Export Import Management)၊ ရော်ဘာနည်းပညာဆိုင်ရာအသက် မွေးဝမ်းကျောင်းပညာရေး (Professional Educational of Rubber Technology)၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်း (International Trade Training)၊ ထုတ်ကုန်ဖွံ့ဖြိုးရေးသင်တန်း (Product Development Training)၊ မြှင့်တင်ရေးနှင့် ပို့ကုန်ဆက်သွယ်ရေးသင်တန်း (Promotion and Export Communication Training)၊ ပို့ကုန်စျေးကွက်ရှာဖွေရေးသင်တန်း (Export Marketing Strategy Training)၊ အရည်အသွေးစီမံခန့်ခွဲမှုနှင့် ပြိုင်ဆိုင်မှု သင်တန်း(Quality Management and Competition Training) တို့ကို သင်ကြားပို့ချပေးလျက်ရှိပါသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းသည် အလားအလာကောင်းသော စီး ပွားရေးလုပ်ဆောင်ချက်ဖြစ်သောကြောင့် ပို့ကုန်သွင်းကုန်စီမံခန့်ခွဲမှု ပညာရပ်သည် အရေးကြီးပါသည်။ မျက်မှောက်ကာလသည် ကမ္ဘာလုံးဆိုင်ရာ ဆက်စပ် ပြောင်းလဲနေသော ခေတ် (Globalization Era) ဖြစ်ပါသည်။ ထို့ကြောင့် တိုးတက်ပြောင်းလဲပွင့်လင်းလာသော စျေးကွက်ကိုရရှိပိုင်ဆိုင်နိုင်ခြင်းသည် ပို့ကုန်သွင်းကုန်လုပ်ငန်းအတွက် ကြီးမားသောအခွင့်အရေး ဖြစ်ပါသည်။ သို့သော်လည်း ထိုကဲ့သို့အခွင့်အလမ်းကို ရရှိခံစားရန်အတွက် အလွန်ကောင်းမွန်သော စွမ်းဆောင်ရည် (Superior Capability) လိုအပ်ပါသည်။ ကုမ္ပဏီပိုင်ရှင်နှင့် မန်နေဂျာများအတွက် သာမက ပို့ကုန်သွင်းကုန်လုပ်ငန်းလောကရှိကုမ္ပဏီဝန်ထမ်းများအတွက်လည်း စွမ်းဆောင်ရည်ပြည့်ဝရန် လိုအပ်ပါသည်။ ရော်ဘာနည်းပညာဆိုင်ရာ ပညာရေးသည်လည်း ရော်ဘာ ထုတ်လုပ်မှုဖြစ်စဉ်နှင့် ရော်ဘာအရည်အသွေးထိန်း ချုပ်ရေးဆိုင်ရာ အသိပညာနှင့်ကျွမ်းကျင်မှုတိုးတက်ရေး အတွက် အရေးကြီးပါသည်။ **ဆက်လက်ဖော်ပြပါမည်။**

ထိုင်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းမှတ်ပုံတင်စနစ် ပိုမိုကောင်းမွန်လာစေရန် စီမံဆောင်ရွက်လျက်ရှိ

ထိုင်းနိုင်ငံသည် လာမည့်နှစ်တွင် ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ကိုင်ရာတွင် လွယ်ကူမှု အစီရင်ခံစာ၌ ပိုမိုကောင်းမွန်သည့်အဆင့်သို့ ရောက်ရှိမည်ဟု မျှော်မှန်းထားရှိပြီး၊ စီးပွားရေးလုပ်ငန်းစဉ် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကူညီဆောင်ရွက်သွားရန် အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်က ၂၀၁၈ ခုနှစ်အတွက် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူမှုအဆင့်အလိုက် နိုင်ငံများစာရင်းကို အောက်တိုဘာလ ၂၅ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ထိုင်းနိုင်ငံ အနေဖြင့် အဆင့်မြင့်တက်လာခဲ့ကာ အဆင့် ၂၆ နေရာသို့ ရောက်ရှိခဲ့သည်။ ၂၀၁၇ခုနှစ်အတွက် ထုတ်ပြန်ကြေညာချက်တွင် ထိုင်းနိုင်ငံသည် အဆင့် ၄၈ နေရာတွင်ရှိနေခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပထမဆုံး စီးပွားရေးလုပ်ငန်းအသစ် မှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ၃ ရက်မှ ၄ ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံသားသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများပါ လုပ်ငန်းပိုမိုလုပ်ကိုင်ရ လွယ်ကူစေရန်အတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် အဆင့်(၅) ဆင့်ကို ပယ်ဖျက်၍ အချိန်တိုအတွင်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုအသစ်များဖြင့် စီးပွားရေးလုပ်ငန်းများကို အထောက်အပံ့ပေးရန် လိုအပ်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနသည် ရင်းနှီးမြှုပ်နှံသူများလုင်ငန်း လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အရှိန်အဟုန်မြင့်ပြီး ကူညီဆောင်ရွက်ပေးရန် အဆင်သင့်ဖြစ်နေပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး Kulanee Issaisai က ပြောသည်။

ထိုင်းနိုင်ငံအနေဖြင့် စီးပွားရေးလုပ်သာကိုင်သာရှိစေရေးအတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် ရှစ်ရပ်ကို ချမှတ်ပြီး တွန်းတွန်းတိုက်တိုက် လုပ်ဆောင်ခဲ့သဖြင့် ယခုကဲ့သို့အဆင့်မြင့်တက်လာရခြင်းဖြစ်သည်ဟု ကမ္ဘာ့ဘဏ်၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြီးခဲ့သည့်ဧပြီလတွင်းက အွန်လိုင်းမှ မှတ်ပုံတင်နိုင်သည့် e-registration စနစ်ကို စတင်ကျင့်သုံးခဲ့သော်လည်း အဆိုပါ စနစ်ကို ကျင့်သုံးသည့် စီးပွားရေးလုပ်ငန်းအသစ်ပေါင်း ၁၁၆၁၀ သာရှိသေးသည်ဟု ဆိုသည်။

အဆိုပါ e-registration စနစ်ကို ကျင့်သုံးရသည့်ရည်ရွယ်ချက်မှာ နိုင်ငံခြားမှ စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုလွယ်ကူစေရန်အတွက် လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရန်အတွက် လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ သည်။

"ကျွန်မတို့အနေနဲ့ စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းအဆင့်ဆင့် အားလုံးကို အခုထက်ပိုမိုတိုးတက်အောင် လုပ်ဖို့ ရည်ရွယ်ထားပါတယ်။ တစ်နေ့ထဲမှာပဲ အဆင့် ၁၀ ဆင့်လောက် ပြီးသွားအောင်လုပ်ပေးဖို့စီစဉ်ထားပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနအနေဖြင့် စီးပွားရေးလုပ်ငန်းမှတ်ပုံတင်ကြေးအား ဘတ် ၅၀၀ မှ ဘတ် ၂၅၀၀၀ အထိ ကောက်ခံနေခြင်းမှ ၃၀ ရာခိုင်နှုန်းလျှော့ချပြီး ကောက်ခံသွားရန် စီစဉ်ထားပါကြောင်း၊ ကုမ္ပဏီအရေအတွက် တိုးတက်လာရေးကို ဦးစားပေးလုပ်ဆောင်မည့်အစား ကုမ္ပဏီမှတ်ပုံတင်ကြေးကို ပုံသေ သတ်မှတ်ရန် စဉ်းစားလျက်ရှိပါကြောင်း ၎င်းက ပြောကြားခဲ့သည်။

အောင်မြင်သော စီးပွားရေးအလားအလာကောင်းများ၊ တိုးတက်လာသော စီးပွားရေးလုပ်ငန်းမှတ်ပုံတင်စနစ်လုပ်ငန်းစဉ်များကြောင့် ယခုနှစ်တွင် စီးပွားရေးလုပ်ငန်းသစ် မှတ်ပုံတင်သည့် အရေအတွက်သည် ၆၆၀၀၀ အထိ ရောက်ရှိနိုင်မည်ဖြစ်ပြီး ယခင်နှစ်ထက် ၁၀ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မင်းအောင်အေး

၂၀၁၇ ခုနှစ် ပထမခြောက်လတာ ကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းနှင့် ဖိနပ်လုပ်ငန်းတို့မှ ပို့ကုန် ခုနစ်ရာခိုင်နှုန်းနီးပါး မြင့်တက်

ကမ္ဘောဒီးယားနိုင်ငံ၏အထည်ချုပ်လုပ်ငန်းနှင့် ဖိနပ်လုပ်ငန်းတို့သည် နိုင်ငံ၏ နိုင်ငံခြားဝင်ငွေကို အများဆုံးရှာဖွေပေးလျက်ရှိသည့် လုပ်ငန်းများဖြစ်သည်။

၂၀၁၇ ခုနှစ် ပထမခြောက်လအတွင်း အဆိုပါလုပ်ငန်းများမှ ပို့ကုန်ရငွေသည် ၆ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အလုပ်သမားရေးရာဝန်ကြီးဌာန၏ အချက်အလက်များကို ကိုးကား၍ ဖန္တမ်းပင်သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လ အထိ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၃ ဘီလီယံတန်ဖိုးရှိ ဖိနပ်ပို့ကုန်များကို အရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့နိုင်ခဲ့သည်။ ၂၀၁၆ခုနှစ်ကာလတူက အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၉ ဘီလီယံတန်ဖိုးရှိ ဖိနပ်ပို့ကုန်များကို တင်ပို့နိုင်ခဲ့ရာ ယခုနှစ်တင်ပို့မှုသည် ယခင်နှစ်တင်ပို့မှုထက် ၆ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်။

အထည်ချုပ်လုပ်ငန်းနှင့် ဖိနပ်လုပ်ငန်းတို့သည် စုစုပေါင်းပို့ကုန်လုပ်ငန်း၏ ၇၀ ရာခိုင်နှုန်းကို တင်ပို့နေခြင်းဖြစ်ပြီး ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံသို့ အဓိကစျေးကွက်များအဖြစ် တင်ပို့နေခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် အလုပ်သမားရရှိမှုအခြေအနေနှင့် အရည်အသွေးကောင်းသည့် ထုတ်ကုန်များကို ထုတ်လုပ်နေမှုကြောင့် ဝယ်လက်မှတ်၏ယုံကြည်မှုကို ရရှိနေကြောင်း၊ ထို့ကြောင့် ပို့ကုန်ပမာဏ မြင့်တက်နေရခြင်းဖြစ်ပြီး ဆက်လက်မြင့်တက်မည်ဟု လည်းယုံကြည်ပါကြောင်းအလုပ်သမားရေးရာဝန်ကြီး Ith Samheng က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် အထည်ချုပ်နှင့်ဖိနပ်စက်ရုံပေါင်း ၁၁၀၀ ရှိပြီး အလုပ်သမားပေါင်း ၇၄၀၀၀၀ ကျော်လုပ်ကိုင်လျက်ရှိကြောင်း၊ အလုပ်သမားတစ်ဦးလျှင် အနည်းဆုံးလုပ်ခလစာ အမေရိကန်ဒေါ်လာ ၁၅၃ ရရှိပြီး ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၇၀ သို့ တိုးမြင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပြီလမှ စက်တင်ဘာလအတွင်း အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှု ၃၀ ရာခိုင်နှုန်း မြင့်တက်

အိန္ဒိယနိုင်ငံ၏ ဥရောပဈေးကွက်သို့ ဆန်တင်ပို့မှုသည် ယခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ၃၀ ရာခိုင်နှုန်း ကျော်မြင့်တက်ခဲ့ကြောင်း indiainfoline သတင်းတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၏ စုစုပေါင်း လယ်ယာထွက်ကုန် တင်ပို့မှုများအနက် ဘာစမာတီဆန်နှင့် ရိုးရိုးဆန်တင်ပို့မှုသည် ဧပြီလမှ စက်တင်ဘာလအထိ ၁၃ ရာခိုင်နှုန်း မြင့်တက်သွားခဲ့သည်။ နှစ်စဉ်စုစုပေါင်း စပါးအထွက်၏ ၄၄ ရာခိုင်နှုန်းသည် အိန္ဒိယနိုင်ငံ၏ပို့ကုန်တင်ပို့မှုကို အထောက်အကူ ပြုလျက်ရှိကြောင်း အိန္ဒိယလယ်ယာစိုက်ပျိုးရေးနှင့် ဆင့်တက်အစားအစာ ပြုပြင်ထုတ်လုပ်ခြင်း ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

ဧပြီလမှ စက်တင်ဘာလအထိ ဘာစမာတီဆန်တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၃ ဘီလီယံသို့ မြင့်တက်ခဲ့သည်။ ယခင်နှစ်ကာလတူက အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃ ဘီလီယံသာ ရှိခဲ့သည်။

ဆန်တင်ပို့မှုသည် ယခုနှစ်ဧပြီလမှ စက်တင်ဘာလအထိ တန်ချိန် ၂ ဒသမ ၁၃ သန်း တင်ပို့နိုင်ခဲ့ပြီး ပြီးခဲ့သည့် နှစ်ကာလတူက ၂ ဒသမ ၀၇ သန်းသာ တင်ပို့နိုင်ခဲ့သည်။

နိုဝင်ဘာလ ၁ ရက်က အိန္ဒိယမှ တင်ပို့သည့် ဘာစမာတီဆန်များတွင် ပိုးသတ်ဆေးကြွင်း ပါဝင်မှုပမာဏ များပြားနေခြင်း ရှိ၊ မရှိကို စမ်းသပ်စစ်ဆေးရန် လိုအပ်နေသေးကြောင်း ဥရောပစားနပ်ရိက္ခာလုံခြုံရေး အာဏာပိုင်အဖွဲ့က စစ်ဆေးလျက်ရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှု စံချိန်တင်လာနိုင်

ဂျပန်နိုင်ငံသို့ ၂၀၁၇ခုနှစ်အတွင်း နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှု သည် ၂၀၁၆ခုနှစ်ကထက်ပိုမိုဝင်ရောက်လျက်ရှိကာစံချိန်တင်နိုင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခရီးသွားလာရေးဝန်ကြီးက နိုဝင်ဘာလ ၁၀ ရက်က ထုတ်ဖော် ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်က ဂျပန်နိုင်ငံအတွင်းသို့ ကမ္ဘာလှည့် ခရီးသည်ဝင်ရောက်မှု ပမာဏမှာ ၂၄ သန်းကျော်ရှိခဲ့ရာ ယခုနှစ်တွင် ယင်းပမာဏထက်ပိုမိုဝင်ရောက် မည်ဟု ခန့်မှန်းထားသည်ဟု ဆိုသည်။

စက်တင်ဘာလ ၁၅ ရက်က စာရင်းကောက်ယူမှုများအရ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုသည် သန်း ၂၀ သို့ ရောက်ရှိခဲ့သဖြင့် ၂၀၁၆ ခုနှစ် တစ်နှစ်အတွင်း ဝင်ရောက်ခဲ့သည့်ပမာဏထက် ပိုမိုဝင်ရောက်နိုင်မည်ဟု ခရီးသွားလာရေးဝန်ကြီး ကီအီချိအီရှိအိက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့် တရုတ်၊ တောင်ကိုရီးယားနှင့် တရုတ်(တိုင်ဝေ)နိုင်ငံတို့မှ လေကြောင်းလိုင်းများ၊ သင်္ဘောလိုင်းများက ဆက်သွယ်ပေးပို့လာသည့် စာရင်းအချက် အလက်များကို ကိုးကား၍ ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဂျပန် အစိုးရအနေနဲ့ ပြည်တွင်း ခရီးသွားလာရေးလုပ်ငန်းကို တိုးတက်အောင် လုပ်ဆောင်လျက်ရှိသလို ခရီးသွားအရေအတွက် မြင့်တက်လာအောင်လည်း ကြိုးစားလုပ်ဆောင်လျက်ရှိပါတယ်။ ဒါ့အပြင် ခရီးသွားလာရေးလုပ်ငန်းအသစ်တွေကို ဆက်လက်ဖော်ထုတ်နိုင်ဖို့ အဆင့်လိုက်အရှိန်အဟုန်မြှင့်ပြီး လုပ်ဆောင်နေပါတယ်"ဟု အီရှိအိက ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် ပထမကိုးလအတွင်း ဂျပန်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုသည် ၂၁ ဒသမ ၂ သန်းရှိပြီး ပြီးခဲ့သည့်နှစ် ကာလတူကထက် ၁၇ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဂျပန်ခရီးသွားလာရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

၂၀၁၇ ခုနှစ် ပထမ ကိုးလအတွင်း ဂျပန်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုတွင် တရုတ်နိုင်ငံက အများဆုံးဖြစ်ပြီး ၅ ဒသမ ၅၆ သန်းရှိ ကာ ပြီးခဲ့သည့်နှစ်ကာလတူထက် ၁၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ထို့ပြင် တောင်ကိုရီးယားက ၅ ဒသမ ၂၂ သန်းဖြင့် ဒုတိယနေရာတွင် ရှိနေကာ ယခင်နှစ်ကာလတူထက် ၄၀ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ် (တိုင်ဝေ)က ၃ ဒသမ ၄၆သန်းဖြင့် တတိယနေရာတွင်ရှိနေကာ ယခင်နှစ် ကာလတူထက် ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ကမ္ဘောဒီးယားစျေးကွက်ကို တရုတ်လေကြောင်းလိုင်းများ မျက်စိကျနေ

တရုတ်လေကြောင်းလိုင်း သုံးခုကျော်သည်ကမ္ဘောဒီးယားလေကြောင်းလိုင်းစျေးကွက်သို့ ဝင်ရောက်ရန် စီစဉ်လျက်ရှိကြောင်း ခမာတိုင်းမ်သတင်းတွင်ဖော်ပြထားသည်။

နောင်အနာဂတ်ကာလတွင်တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ မြို့ကြီးများအကြား ပိုမို ဆက်သွယ်နိုင်ရန်အတွက် ယခုကဲ့သို့ ကမ္ဘောဒီးယားလေကြောင်းလိုင်းစျေးကွက်သို့ဝင်ရောက်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

စီချွမ်လေကြောင်းလိုင်း၊ ရှန်ဇန်လေကြောင်းလိုင်းနှင့် ရွှေလီလေကြောင်းလိုင်းတို့သည် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းသို့မဟုတ် ၂၀၁၈ ခုနှစ် နှစ်စပိုင်းတွင် ကမ္ဘောဒီးယားလေကြောင်းလိုင်း၌ စတင်ပြေးဆွဲလိမ့်မည်ဖြစ်ကြောင်း လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် အလားအလာရှိသော တရုတ်ခရီးသွားလုပ်ငန်းဖိုရမ်တွင် ကမ္ဘောဒီးယား လေကြောင်းလိုင်း၏ အမှုဆောင်အရာရှိချုပ် အဲရစ် ဒီလိုဘယ်လ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကမ္ဘောဒီးယား နိုင်ငံအနေနဲ့ လေကြောင်းလိုင်း သုံးခုထက်မနည်း ဝင်ရောက်လာမှာကို ကြိုဆိုပါတယ်။ အခုလို ပြုလုပ်လိုက်တဲ့အတွက် နှစ်နိုင်ငံစလုံးမှာ လေကြောင်းဆိုင်ရာဆက်သွယ်မှုတွေ ပိုမိုများပြားလာပါလိမ့်မယ်" ဟု ခမာတိုင်းမ်သတင်းသို့ ဒီလိုဘယ်လ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေကြောင်းလိုင်း သုံးလိုင်းသည် စီယမ်နူးဗဲလ်နှင့်ကွမ်ကျိုး၊ စီယမ်နူးဗဲလ်နှင့်ကူမင်း၊ ဖန္တမ်းပင်နှင့် ဆန်းမင်၊ ဖန္တမ်းပင်နှင့်ရှန်ဇန်တို့ကို ဆက်သွယ်ပျံသန်းမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်လည်ပတ်သည့် တရုတ်လူမျိုးများအနက် သုံးပုံတစ်ပုံသည် တရုတ်လေကြောင်းလိုင်းများကိုသာ အသုံးပြုကြကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံအစိုးရသည် ၂၀၂၀ ပြည့်နှစ် တရုတ်လူမျိုးတို့၏ အားလပ်ရက်ရာသီတွင် တရုတ်ကမ္ဘာလှည့်ခရီးသည်ပေါင်း နှစ်သန်း ရောက်ရှိလာစေရန် ရည်မှန်းချက်ထားပြီး ဆွဲဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ ကမ္ဘာကျော် အန်ကောဝပ်ဘုရားကျောင်းတော်ကြီးသည် တရုတ်လူမျိုးတို့၏ ခရီးလမ်းဆုံးတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

အလီဘာဘာ

အွန်လိုင်းစျေးကွက်တွင် ထိုင်းဆန်ရောင်းချရန် စီစဉ်လျက်ရှိ

ထိုင်းနိုင်ငံလယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနသည် ထိုင်းနိုင်ငံ၏ စပယ်ဆန်မွှေးအား တရုတ်လူမျိုးများထံသို့ ရောက်ရှိစေရန် ရည်ရွယ်၍ အလီဘာဘာ အွန်လိုင်းစျေးကွက်သို့ ဝင်ရောက်၍ ရောင်းချမည်ဖြစ်ကြောင်း ထိုင်းနယူးစ် အေဂျင်စီ၏ ရေးသားဖော်ပြချက်ကို ကိုးကား၍ ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ဟန်ဇူးတွင်ကျင်းပခဲ့သည့် ထိုင်းဟုန်မာလီဆန်အရောင်းမြှင့်တင်ရေးပွဲကျင်းပပြီးနောက် ထိုင်းနိုင်ငံ၏ဟုန်မာလီဆန်မွှေးသည် ဟန်ဇူးတွင် နာမည်ကျော်ကြားကာ လူကြိုက်များလာခဲ့ကြောင်း ထိုင်းလယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ချုတီမာဘန်ရာပါဖာစရာက ပြောကြားခဲ့သည်။

အဆိုပါ အရောင်းမြှင့်တင်ပွဲကျင်းပသည့် 11.11 Shopping Festival သည် အလီဘာဘာအုပ်စုမှ ဦးစီး၍ ပြုလုပ်သည့် အရောင်းမြှင့်တင်ပွဲဖြစ်သည်။

ထိုင်းဆန်သည် တရုတ်နိုင်ငံ၏ ကမ်းခြေဒေသရှိ မြို့ကြီးများတွင် ထင်ရှားကျော်ကြားသည့်ဆန်ဖြစ်သည်။ သို့သော် အလီလီဘာဘာ အွန်လိုင်းချယ်နယ်မှတစ်ဆင့် ထိုင်းဆန်ဖြန့်ဖြူးခြင်းလုပ်ငန်းသည် တရုတ်လူမျိုးများအား အဆင့်မြင့်ထိုင်းဆန်ကို ပိုမိုစားသုံးခွင့်ရရှိအောင် လုပ်ဆောင်ပေးခြင်းဖြစ်သည်။

အလီလီဘာဘာ အွန်လိုင်းပလက်ဖောင်းသည် ထိုင်းလယ်သမားများအား ထိုင်းဆန်ကို စျေးကောင်းရရှိအောင် ရောင်းပေးနိုင်သည့်အပြင် တရုတ်လူမျိုးများအားလည်း အရည်အသွေးမြင့်သည့် ဆန်ကောင်းကို သင့်တင့်သည့် စျေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မယ်သီတာ စုစည်းတင်ပြသည်။

GOLDEN DUCK RESTAURANT

Golden Duck Restaurant (ဆရာစံ)

အမှတ် (၁/၅- E) ၊ဆရာစံလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၉ ၄၄၃၁၆၃၃၃၆၊ ၀၉ ၄၄၃၁၆၃၃၃၅၊ ၀၉ ၄၄၃၁၆၃၃၈၈

Golden Duck Restaurant

အမှတ် (၂၂၂/၂၂၄) ကမ်းနားလမ်း၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၁ ၂၄၁၂၃၄၊၀၁ ၃၇၂ဖ၀၃၊၀၁ ၃၈၉ရဖ၄။

Golden Duck Restaurant (ကန်တော်မင်)

ဦးဝိစာရလမ်း၊ကန်တော်မဂ်လာပန်းခြံ၊ဒဂုံမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၉ ၄၄၃၂၂၂၉၂၃၃၊ ၀၁ ၂၄၀၂၁ဖ၊ ၀၁ ၇၀ဖ၄၈၈

Golden Duck Restaurant (Junction-8)

ပြည်လမ်း(Junction-8)၊မြိုင်ဟေဝန်ပန်းခြံ၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်။ ဖုန်း-၀၉ ၄၂၈ဖ၁၇၄၇၊ ၀၉ ၄၄၃၃၅၅၅၇၃၃၊ ၀၉ ၄၄၃၃၅၅၅၇၅၅

Junior Duck Restaurant

နန်းသီတာအဆောက်အဦး၊ပန်းဆိုးတန်းဆိပ်ကမ်း၊ရန်ကုန်။ ဖုန်း-၀၉ ၄၂၈ဖ၁၄၅၅၄၊ ၀၁ ၂၄၉၄၂၁

Golden Duck Restaurant (မန္တလေး)

အမှတ် (၁၉၂)၊လမ်း (၈၀)၊၁ဖလမ်းထောင့်၊မန္တလေး။ ဖုန်း ၀၂ ၃ဖ၈၀၈၊၀၂ ၇၂၉၂၁။

Tin-R Restaurant

အမှတ် (၃၀၉)၊ကျုံးကြီးလမ်း၊၄လမ်းထောင့်၊လမ်းမတော်မြို့နယ်၊ရန်ကုန်။ဖုန်း-၀၁ ၂၂၁၈၅၄၊၀၁ ၂၂၂ဖ၀။

The Palace By Golden Duck

၃၅ လမ်းနှင့် ၅၂လမ်းထောင့်၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ဖုန်း-၀၉ ၇၇၈ ၈ဖ၈ဝ၁၊၀၉ ၇၇၈ ၈ဖ၈ဝ၂၂၊ ၀၉ ၇၇၈ ၈ဖ၈ဝ၃၃

SMT SHWE MYITTA Home Mart

Jacuzzi အမျိုးမျိုး

ရွေးထုတ်ခန်းများ

Kitchen Cabinet အမျိုးမျိုး

ရေချိုးခန်းသုံးပစ္စည်းအမျိုးမျိုး၊ Jacuzzi (ရေချိုးကန်)အမျိုးမျိုး
ရေပူရေအေးစက်များ၊ တံမြက်၊ ဘိုတိုင်၊ Cabinetများ၊
ရေချိုးအိမ်များ၊ ရွေးထုတ်ခန်းများ၊ ကြွေပြား၊ကျောက်ပြားများ
TOA အိမ်သုတ်ဆေးများ၊ အစရှိသော....
နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးမြင့်မားသော
Decoration ပစ္စည်းအမျိုးပေါင်းများစွာကို
တစ်နေရာတည်းတွင် စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်ပါပြီ၊



SHOWROOM 968,10th Mile, Pyay Road, Insein Township, Yangon, Myanmar.
Tel : (+951) 646695, (+95 9) 791962615, 783531544 ,784011205, 784011209,
Fax : (+95 1) 647621.
Email : sales@smt.com.mm, (web) www.smt.com.mm
Facebook : www.facebook.com/smthomemart.

Mandalay : (7 D), 50/ 51, 62 Road, Between ThitsarpanStreet and Aungmingalar Street,Chanmyatharsi, Township, Mandalay, Myanmar.
Tel : (+95 9)788490652, 788490653, 788490654

Taunggyi : (300), Bogyoke Aung San Road, Myoma Quarter, Taunggyi, Myanmar.
Tel : (+95 81) 2122292, (+95 9) 254404509

Taunggyi : (96), Anouk Myopat Street, Nyaung Phyu Camp Quarter, Taunggyi, Myanmar.
Tel : (+959) 459999199, 459999299, 459999399

Royal Material Co.,Ltd.

Quality Brand သုံးစွဲသူများအတွက်
နိုင်ငံတကာ အရည်အသွေးမီ ကိုရီးယားနိုင်ငံထုတ်
အိမ်တွင်းအလှဆင်ပစ္စည်းများအရောင်းပြခန်းနှင့်အိမ်တွင်းအလှဆင်လုပ်ငန်း

- အဆင့်မြင့် ခိုင်ခံ့သပ်ရပ်သော အလူမီနီယမ်နှင့်ဆက်စပ်ပစ္စည်းများ
- ကြမ်းခင်းနှင့်နံရံသုံးဆန်းသစ်သော Vinyl ပြားများ
- နံရံအလှဆင် Wall Leather လိပ်များ
- အလင်းရောင်ထိုးဖောက်နိုင်သော Acrylic ပြားများ
- လုံခြုံရေးစိတ်ချရသော Main Doors (Temperate Glass Door)
- အိပ်ခန်းနှင့် သန့်စင်ခန်းသုံးတံခါး (ABS Doors)
- လှပခိုင်ခံ့သောအလူမီနီယမ်ဇကာကွက်များ (Aluminium Grille)
- နံရံနှင့်မျက်နှာကျက်အလှဆင်(Space Wall)
- အရည်အသွေးမြင့်မားသော TopSeal (Prime-X) Silicone Sealant

Survey ဆင်း၍ အတိုင်းအတာအခမဲ့တွက်ချက်ပေးခြင်း။

အမှတ် (၃၁၂-၃၁၈)၊အနော်ရထာလမ်း၊ (၃)လမ်းထိပ်၊ (KBZ Bank ဘေး)၊
လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ဖုန်း-0979700 6070~71~72, 09 44312 6052။
Website :www.royalmaterial.com, Email :info.royalmaterial@gmail.com

SUZUKI Way of Life!

MYO MOTOR SERVICE CO,.LTD.

Authorized Dealer

SHWO ROOM : No.(192), East Horse Race Course Road, Tamwe Township, Yangon, Myanmar.
Ph: 01-400 399, 01-400 123, 09-250079497, 09-253478116, 09-421064668

MINYAK ANGIN

VFRESH™

Aromatherapy

လန်းဆန်းတက်ကြွမှုအတွက် ... ဒီ ဖရက် (ရှ)

VFRESH

Roll on သည်
လူ၏ ခန္ဓာကိုယ်နှင့်
စိတ်ကို အထူးကြည်လင်
လန်းဆန်းစေပြီး
ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊
စိတ်မကြည်မလင်ဖြစ်ခြင်း၊
စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ မျက်ရိုးကိုက်ခြင်း
များ အစရှိသော ရောဂါဝေဒနာများကို
အထူးသက်သာ ပျောက်ကင်းစေပါသည်။

✸ အရောင်အနုံ(၄)မျိုးဖြင့် တမူထူးခြားစွာထုတ်လုပ်ထားပြီး အမြိုမြိုဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

Distributed by:
R.OASIS LIMITED
Pharmaceutical Trading
Contact Us:(+951) 200479,299838,297964

PT. EAGLE INDO PHARMA
Tangerang, Indonesia

COMMERCE
INTERNATIONAL

အမေရိကန်ဒေါ်လာ ဘီလီယံ ၂၅၀ တန်ဖိုးရှိ စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစာချုပ်များအား တရုတ်နှင့် အမေရိကန်ကုမ္ပဏီများ စာချုပ်ချုပ်ဆို

အမေရိကန်သမ္မတ ဒေါ်နယ်လ် ထရမ့် တရုတ်နိုင်ငံသို့ အလည်အပတ် ရောက်ရှိသည့်အချိန်အတွင်း တရုတ်နှင့်အမေရိကန်တို့မှ ကုမ္ပဏီများသည် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုစာချုပ်များအား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ရာ ချုပ်ဆိုခဲ့သည့် စာချုပ်စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၅၀ ရှိကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါ စာချုပ်ချုပ်ဆိုပွဲကို နိုဝင်ဘာလ ၉ ရက်က တရုတ်သမ္မတရှီကျင့်ပင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်လ် ထရမ့်တို့၏ ရှေ့မှောက်တွင် ချုပ်ဆိုခဲ့ကြပြီးနောက် သမ္မတရှီကျင့်ပင်က စာချုပ်ချုပ်ဆိုခဲ့သည့် ပမာဏကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများတွင် အပြန်အလှန်ရှိပြီး ကြီးမားသောအလားအလာကောင်းများကို ပိုင်ဆိုင်ထားသည်ဟု ဆိုသည်။

အဆိုပါစာချုပ်များတွင် ဘိုးအင်းလေယာဉ်များ ဝယ်ယူရေး အပါအဝင် အမေရိကန်ပဲပုပ်ဝယ်ယူရေးနှင့် အလာစကာမှ သဘာဝဓာတ်ငွေ့ရည်ဖွဲ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ပါဝင်သည်ဟုဆိုသည်။ကမ္ဘာ့အကြီးဆုံး စီးပွားရေးဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် စီးပွားရေးဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံတို့သည် စီးပွားရေးတွင် ယှဉ်ပြိုင်ခြင်းထက် ပိုမိုကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံစလုံးမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် သမ္မတရှီကျင့်ပင်က ပြောကြားခဲ့သည်။

"ကျွန်တော်တို့ အမေရိကန်နိုင်ငံက လယ်ယာထွက်ကုန်တွေနဲ့ စွမ်းအင်တွေကို တင်သွင်းဖို့ စိတ်အားထက်သန်လျက်ရှိပါတယ်။ ဒါဟာ နက်ရှိုင်းတဲ့ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတစ်ခုပဲဖြစ်ပါတယ်။ အမေရိကန်နိုင်ငံ အနေနဲ့လည်း တရုတ်နိုင်ငံသို့ နည်းပညာဆိုင်ရာ ထုတ်ကုန်တွေကို တိုးတက်တင်ပို့နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ တရုတ်ရင်းနှီးမြှုပ်နှံသူတွေကိုလည်း အမေရိကန်နိုင်ငံမှာ သွားရောက်ရင်းနှီးမြှုပ်နှံဖို့ ကျွန်တော်တို့အားပေးတိုက်တွန်းသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်တွင် ပါဝင်ပေးဖို့နဲ့ အမေရိကန်ကုမ္ပဏီများကို လည်းကြိုဆိုပါတယ်"ဟု ရှီက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် သံတမန်အဆက်အသွယ် စတင်ပြုလုပ်သည့် ၁၉၇၉ ခုနှစ်မှ စတင်ကာ ကုန်သွယ်မှုပြုလုပ်ခဲ့ကြရာ ယင်းနှစ်က ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရှိခဲ့သည်။

၂၀၁၆ ခုနှစ်က နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၅၁၉ ဒသမ ၆ ဘီလီယံရှိခဲ့သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်က အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုသည် နှစ်စဉ် ၁၁ ရာခိုင်နှုန်း တိုးတက်လာခဲ့သော်လည်း တရုတ်နိုင်ငံက အမေရိကန်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ နှစ်စဉ် ၆ ဒသမ ၆ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်။

တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံ၏ဒုတိယ အကြီးဆုံးသော ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်လျက်ရှိသည်။

စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပွဲ့ဖြိုးတိုးတက်မှုကွာဟခြင်းများကို ကျဉ်းမြောင်းလာစေရန် ဆောင်ရွက်မည်ဟု အေပက်ဝန်ကြီးများအဆင့် အစည်းအဝေးက ထပ်လောင်းအတည်ပြု

အေပက်ဝန်ကြီးများအဆင့် အစည်းအဝေးကို ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် နိုဝင်ဘာ ၉ ရက်ကကျင်းပခဲ့ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ကွာဟခြင်းများကို ကျဉ်းမြောင်းလာစေရန်ဆောင်ရွက်မည်ဟု အေပက်ဝန်ကြီးများအဆင့် အစည်းအဝေးက ထပ်လောင်းအတည်ပြုခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ၊ ထုတ်လုပ်မှုဖြစ်စဉ်များ တိုးတက်လာရေး၊ မိုက်ခရို၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ဒစ်ဂျစ်တယ်ခေတ်တွင် လုပ်သားများအား ကျွမ်းကျင်မှုအဆင့်မြင့်တင်ပေးရေးတို့ကို အလေးထား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါအစည်းအဝေးတွင် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဖန်ဘင်မင်းက နိုဝင်ဘာ ၉ ရက်က ဒါနန်းမြို့တွင် ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

နယ်စပ်ဖြတ်ကျော် အီးကောမတ်စ်လုပ်ငန်းများ လွယ်ကူချောမွေ့စေရေးနှင့်ပတ်သက်၍ အေပက်၏ မူဘောင်လုပ်ငန်းစဉ်များ အပါအဝင် အဓိက ကနဦး စတင်လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များနှင့် မိုက်ခရို၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဆန်းသစ်တီထွင်မှုများနှင့်ဆွဲဆောင်နိုင်သည့် အေပက်၏စီးပွားရေးမဟာဗျူဟာများကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ရာသီဥတုပြုပြင်ပြောင်းလဲမှုများ၊ အစားအစာ လုံခြုံစိတ်ချရမှုများအတွက် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေးတို့ကိုလည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖန်ဘင်မင်းက ပြောကြားခဲ့သည်။

ဗီယက်နမ်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဖန်ဘင်မင်းသည် အေပက်အဖွဲ့၏ ပူးတွဲဥက္ကဋ္ဌလည်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် Bogor ရည်မှန်းချက်များဖြစ်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို လွတ်လပ်စွာပြုလုပ်စေခြင်းဖြင့် ပြီးပြည့်စုံသည့် အောင်မြင်မှုများကို ရရှိစေခြင်းနှင့် ၂၀၂၀ ခုနှစ် အတွက် သဘောထားအမြင်များ သုံးသပ်ချက်များကို ဆွေးနွေးရန် သဘောတူညီခဲ့ကြသည်။

အေပက်အဖွဲ့ဝင်များအနေဖြင့် အာရှပစိဖိတ်ဒေသတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကဏ္ဍများတွင် လွယ်ကူချောမွေ့စေခြင်းဖြင့် ၎င်းတို့၏ စိတ်ဓာတ်နှင့် လိုက်လျောညီထွေဖြစ်စေမှုတို့ကို ဖော်ဆောင်ပြသရမည်ဖြစ်ကြောင်း ဗီယက်နမ်ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ထရန်တူအန်းအန်းက ပြောကြားခဲ့သည်။

မယ်သီတာ စုစည်းသည်